မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၁၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၆)၊ အမှတ် (၃၄၉)

မမြဲသောသဘောတို့ကိုသိ

စွန့်ပစ်အပ်သော ဤခန္ဓာကိုယ်သည် အဘယ်မှာလျှင် နှစ်သက်မွေ့လျော်ဖွယ်ရှိအံ့နည်း။ ဤခန္ဓာကိုယ်ကိုစွဲ၍ ရာဂတို့ဖြစ်ခြင်းသည် မလျောက်ပတ်လေစွတကား။ (ခန္ဓာကိုယ်၏ မမြဲသောသဘော၊ အနှစ်မရှိသော သဘောတို့ကို သိအောင် စဉ်ဆက်မပြတ် ကျင့်ကြံအားထုတ်ရာ၏။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၉)

(၁၄)ကြိမ်မြောက် ကမ္ဘာ့တရုတ်ကုန်သည်ကြီးများ ညီလာခံဖွင့်ပွဲအခမ်းအနားကျင်းပ

မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုတိုးတက်ရန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိ

ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ ၊ တရုတ်နိုင်ငံ ပင်လယ်ရပ်ခြား ပြည်ပရေးရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဟောင်ကောင် အထူးကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ညီလာခံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ် (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၁၆

(၁၄)ကြိမ်မြောက် ကမ္ဘာ့တရုတ်ကုန်သည်ကြီးများ ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Myanmar Convention Centre (MCC)၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

ညီလာခံဖွင့်ပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Wang Qin Min ၊ ဟောင်ကောင်အထူး ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး Mrs.Carrie Lam၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဦးကျော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးမြင့်ရွှေနှင့် အဖွဲ့ဝင်များ၊ ကမ္ဘာအရပ်ရပ်မှ တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့် တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မိုး/ဇလ)

မုန်တိုင်းကြောင့် ထူးခြားစွာမိုးရွာသွန်းခြင်းနှင့် ရေကြီးရေလျှံမှုများဖြစ်လာပါက အကူအညီတောင်းခံနိုင်

သံတိုင်ထွန်း (မုံရွာ)

မုံရွာ စက်တင်ဘာ ၁၆

ဒေါ့ဆူရီတိုက်ဖွန်းမုန်တိုင်းကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ထူးခြားစွာ မိုးရွာသွန်းမှုများ ရေကြီးရေလျှံမှုများဖြစ်ပေါ်လာပါက သက်ဆိုင်ရာဒေသအာဏာပိုင်များထံ အကြောင်းကြား ဆက်သွယ်အကူအညီတောင်းခံကြရန် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က စက်တင်ဘာ ၁၆ ရက်တွင် အသိပေးထုတ်ပြန်ထားသည်။

"မီးသတ်တပ်ဖွဲ့အနေနဲ့ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဖြစ်တဲ့အတွက် အမြဲတမ်းလေ့ကျင့်ထားပြီးသားတွေ ဖြစ်ပါတယ်။ ဒေါ့ဆူရီတိုက်ဖွန်းမုန်တိုင်းအတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက မီးသတ်တပ်ဖွဲ့ဝင်တိုင်းကို အသင့်ဖြစ်နေအောင် ညွှန်ကြားချက်တွေ ကြိုတင်ထုတ်ထားပါတယ်။ သာမန်အချိန်မဟုတ်တဲ့အတွက် ဖြစ်လာရင် ချက်ချင်းထွက်ခွာနိုင်အောင်

စာမျက်နှာ ၃ ကော်လံ ၁ ✪

Established in 1958

ကိန္နရီ ®

အဆင့်မြင့်ချည်ချောလုံချည်

The Ultimate Quality and Fastness.

အရည်အသွေးနဲ့ ဆေးခိုင်ခံ့မှုရဲ့အသုံးစွန်

ပင်ရင်း- ကိန္နရီ အထည်စက်၊ သဲတောမြို့၊ ဖုန်း - ၀၆၄ - ၂၀၅၀၁၃၁၊ ၀၆၄ - ၂၀၅၀၃၂၅

ရန်ကုန်ဖြန့်ချိရေး - အမှတ်(၂၀၇) မဟာဗန္ဓုလ (၂) လမ်း၊ လှည်းတန်း၊ ကမာရွတ် စည်ပင်ရုံးအနီး၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ ၅၂၆ ၂၂၈၊ ၀၉ ၂၅၆ ၁၈၁ ၂၂၈

မြန်မာ့အလင်း

တံလျှပ်၏ ပဥ္စလက်

မြန်မာနိုင်ငံသို့လာရောက်လည်ပတ်မည့် ဥရောပပါလီမန်ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်အား ရွှေ့ဆိုင်းကြောင်းသတင်းကို သိရှိရပါသည်။ ဤကဲ့သို့ ရွှေ့ဆိုင်းရခြင်း၏ အကြောင်းရင်းအဖြစ် ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သော ဘင်္ဂါလီအရေးကို ဖော်ပြထားပါသည်။ အဆိုပါ ခရီးစဉ်ရွှေ့ဆိုင်းကြောင်း သတင်းမထွက်မီ ပြင်သစ်နိုင်ငံ စထရက်ဘိုးမြို့၌ ကျင်းပခဲ့သည့် ဥရောပပါလီမန်အစည်းအဝေးက လူမျိုးရေးနှင့် ဘာသာရေးအမုန်းတရားလှုံ့ဆော်မှုအားလုံးကို ပြတ်ပြတ်သားသား ပြစ်တင်ဝေဖန်ရန် ဒေါ်အောင်ဆန်းစုကြည်အား တောင်းဆိုကြောင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် လူမျိုးရေးနှင့် ဘာသာရေးအမုန်းတရားလှုံ့ဆော်မှုတို့ကို ပြတ်ပြတ်သားသား ပြစ်တင်ဝေဖန်ရန် မည်သည့်အချိန်ကမှ ပျက်ကွက်ခဲ့ဖူးခြင်းမရှိပါ။ လူမျိုးရေးနှင့် ဘာသာရေးအမုန်းတရားတို့ကို လှုံ့ဆော်နေကြသူများမှာ **ARSA** အစွန်းရောက်အကြမ်းဖက်အဖွဲ့သာ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးဟူသော သမိုင်းပကတိအမှန်တရားနှင့် လွဲချော်သော နိုင်ငံရေးရည်မှန်းချက်ကို ဆုပ်ကိုင်လျက် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်နေသည့် **ARSA** အစွန်းရောက်အကြမ်းဖက်အဖွဲ့သည်သာ လူမျိုးရေးနှင့် ဘာသာရေးအမုန်းတရားတို့ကို လှုံ့ဆော်နေကြသူများ ဖြစ်ပါသည်။ ဤမှုရှင်းလင်းသောအချက်ကို ဥရောပပါလီမန်အစည်းအဝေးက အသိအမှတ်ပြုရန်ပျက်ကွက်ခဲ့ခြင်းသည် စိတ်ပျက်ဖွယ်ရာ ကိစ္စရပ်သာ ဖြစ်ပါသည်။

ခရီးစဉ်ရွှေ့ဆိုင်းခြင်းနှင့်ပတ်သက်၍ ဥရောပပါလီမန်၏ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးကော်မတီဥက္ကဋ္ဌ၏ သုံးသပ်ချက်၌ မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပွားနေသော နိုင်ငံရေးနှင့် လူ့အခွင့်အရေးအခြေအနေတို့က ဥရောပ-မြန်မာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာသဘောတူညီချက်အတွက် အကျိုးရှိသော ဆွေးနွေးမှုတို့ပြုလုပ်ရန် အခြေအနေမပေးဟု ဆိုထားပါသည်။ လေးနက်ကျယ်ပြန့်သော အမြင်သဘောထားရှိသူတိုင်းက ရေရှည်အကျိုးစီးပွားကိုမျှော်ကိုး၍ ရခိုင်ပြည်နယ်၏ စီးပွားရေးအခွင့်အလမ်းတို့ကို တိုးချဲ့ဖန်တီးပေးရန် အကြံပြုကြပါသည်။ ကျယ်ပြန့်သော စီးပွားရေးအခွင့်အလမ်းတို့သည်သာ လူ့အဖွဲ့အစည်း၏ တည်ငြိမ်အေးချမ်းမှုကို ဖန်တီးပေးနိုင်ကြောင်း လူမှုစီးပွားရေးပညာရှင်တိုင်းက လက်ခံအသိအမှတ်ပြုပြီး ဖြစ်ပါသည်။

တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်သွားသူများအနက်မှ "မိမိနိုင်ငံသားဖြစ်သူတို့ကို ပြန်လည်လက်ခံမည်၊ မိမိနိုင်ငံသား မဟုတ်သူတို့ကို လက်မခံနိုင်" ဟူသော မူဝါဒသည် အချုပ်အခြာအာဏာပိုင် နိုင်ငံတိုင်းက လက်ခံကျင့်သုံးမည့် မူဝါဒသာ ဖြစ်ပါသည်။ တစ်နည်းဆိုသော် အချုပ်အခြာ အာဏာပိုင်နိုင်ငံတို့၏ တရားမျှတသော ကျင့်သုံးပိုင်ခွင့်သာ ဖြစ်ပါသည်။ ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီမျိုးနွယ်တို့အနက်မှ ဥပဒေနှင့်ညီညွတ်သူတို့ကို နိုင်ငံသားအခွင့်အရေးပေးမည်ဟူသော နိုင်ငံတော်၏ မူဝါဒကို ဥရောပပါလီမန်က အသိအမှတ်ပြုရန် လိုအပ်ပါသည်။ **ARSA** အစွန်းရောက်အကြမ်းဖက်အဖွဲ့သည် နိုင်ငံသားအခွင့်အရေးကို တောင်းဆိုနေခြင်းမဟုတ်၊ တိုင်းရင်းသားအခွင့်အရေး (တစ်နည်း) အချုပ်အခြာ အာဏာပိုင်နယ်မြေ တောင်းဆိုနေခြင်းဖြစ်သည်ကို ဥရောပပါလီမန်က ခွဲခြားနားလည်ရန် လိုအပ်ပါသည်။ ပကတိအခြေအနေမှန်တို့ကို လျစ်လျူရှုသော ကြိုးပမ်းမှုမှန်သမျှသည် ဆိုးကျိုးတို့ကိုသာ ဖန်တီးပေးမည်ဖြစ်ကြောင်း ကမ္ဘာ့သမိုင်းကသက်သေပြနေသည်ကို လေးနက်စွာ တင်ပြအပ်ပါသည်။ ။

မြန်မာ့ရုပ်မြင်သံကြား ၁၇-၉-၂၀၁၇(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၆း၀၀ - **တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်**
၇း၀၀ - Breakfast News
၉း၂၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ဒီမိုရပ်ကွက်"
၁၀း၀၀ - Sunday Talk
၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် "ကြည်ပြာ" ထွန်းထွန်းဝင်း၊ မေဝင်းမောင် (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၄း၄၅ - AFF U-18 Champion ship 2017 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (တတိယနေရာလုပွဲ) (အင်ဒိုနီးရှားအသင်းနှင့် မြန်မာအသင်း)

ညပိုင်း

၁၇း၁၀ - This Weeks Special Interest
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ
၂၀း၃၅ - ဒီမိုကရေစီနေ့ ဂုဏ်ပြုဇာတ်လမ်း "ငအ" မင်းမော်ကွန်း၊ ဇင်ဝိုင်း၊ မြတ်သူအောင်၊ အိချောပို (ဒါရိုက်တာ-ညိုမင်းလွင်)

လယ်ဝေးမြို့နယ် ညောင်ပင်သာကျေးရွာ၌ ပလွေးချောင်းကူးကြိုးတံတားသစ်ဖွင့်လှစ်

လယ်ဝေး စက်တင်ဘာ ၁၆

ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ်အတွင်းရှိကျေးရွာများ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူထုဗဟိုပြုစီမံကိန်း ဒုတိယစက်ဝန်းအနေဖြင့် ကျေးရွာပြည်သူများကိုယ်တိုင်ပါဝင်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၅ ရက်က ရှမ်းစုကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ ပလွေးချောင်းကူးကြိုးတံတားဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦးက အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နေပြည်တော်တိုင်းစီမံကိန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးလှထွေးက လူထုဗဟိုပြုစီမံကိန်းအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူကိုဗဟိုပြုဆောင်ရွက်လျက်ရှိကြောင်းနှင့် ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယခုဖွင့်လှစ်သည့် ရှမ်းစုကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာရှိ ပလွေးချောင်းကူးကြိုးတံတားသစ်အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူထုဗဟိုပြုစီမံကိန်း ဒုတိယစက်ဝန်းအနေဖြင့် ကမ္ဘာ့ဘဏ်မှ ထောက်ပံ့ငွေကျပ် သိန်း ၂၅၀၊ ကျေးရွာပြည်သူများထည့်ဝင်ငွေကျပ် လေးသိန်းတစ်သောင်းကျော် စုစုပေါင်းငွေကျပ် ၂၅၄ သိန်းကျော်ဖြင့် တည်ဆောက်ခဲ့ပြီး ကြိုးတံတားအရှည်မှာ ၁၈၈ ပေ၊ အကျယ်လေးပေနှင့် အမြင့် ပေ ၂၀ ရှိကြောင်း သိရသည်။

ကျော်စွာ (လယ်ဝေး)

ထင်သာမြင်သာပြုပြင်စရာ

သစ်သားဓာတ်တိုင်အောက်ခြေပြတ်၍ ပြုပြင်ပေးစေလို

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်တစ်ဖက်ကမ်း အလတ်ချောင်းရပ်ကွက် ဓမ္မပါလလမ်းမကြီးပေါ်ရှိ လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိသော သစ်သားဓာတ်တိုင်သည် အောက်ခြေ၌ ပိုးထိုးကာအခြေပြတ်ပြီး ၄၅ ဒီဂရီခန့် နိမ့်နေခြင်းကြောင့် ပြိုလဲမည့်အနေအထားသို့ ရောက်ရှိနေပါသည်။

ယင်းဓာတ်တိုင်ပြိုလဲခဲ့လျှင် လျှပ်စစ်ကြိုးများသည် ရေနှင့်ထိစပ်ကာ သွားလာနေသောပြည်သူတို့ကို အန္တရာယ်ကျရောက်ရန် နီးကပ်နေပါသဖြင့် မီးဘေးအန္တရာယ်ကိုလည်း စိုးရိမ်ပူပန်နေရကြောင်း ဒေသခံပြည်သူတို့ထံမှ သိရသည်။

ယင်းလျှပ်စစ်မီးတိုင်အား သက်ဆိုင်ရာမှ တာဝန်ရှိသူများက အချိန်မီပြုပြင်၍ အသစ်တပ်ဆင်ပေးစေလိုကြောင်း ရပ်ကွက်နေပြည်သူများထံမှ သိရသည်။

ရွှေတိုင်လွင်

ဆေးအရောင်းဆိုင်များ၌ သက်တမ်းလွန်ဆေးများ ရောင်းချခြင်း ရှိ မရှိစစ်ဆေး

စလင်း စက်တင်ဘာ ၁၆

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ စက်တင်ဘာ ၁၃ ရက်မှ စတင်၍ မြို့ပေါ်ရှိဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များကို သက်တမ်းလွန်ဆေးများ ရောင်းချမှုမရှိစေရေးအတွက် စစ်ဆေးခဲ့သည်။

အဆိုပါ သက်တမ်းလွန်ဆေးများကို စစ်ဆေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သောပူးပေါင်းအဖွဲ့က ဆေးဆိုင်များအား စစ်ဆေးခြင်းနှင့် ဆေးအရောင်းဆိုင်ခွင့်ပြုချက် ရှိ မရှိများကို စစ်ဆေးခဲ့ကြကြောင်း သိရသည်။

စစ်ကြည်(စလင်း)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၆-၉-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၅၀၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၉၄၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၅၀၀၀၀

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

ဒီဇယ်	၆၅၅/၆၇၀ ကျပ်	(လက်လီဈေး)
အောက်တိန်း ၉၂	၆၆၀/၆၈၅ ကျပ်	(လက်လီဈေး)
အောက်တိန်း ၉၅	၇၀၅/၇၂၀ ကျပ်	(လက်လီဈေး)
ပရီမီယံဒီဇယ်	၆၇၅/၆၉၀ ကျပ်	(လက်လီဈေး)

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၃၅၉	·၀
ဥရောပ	တစ်ယူရို	၁၆၂၀	·၁
စင်ကာပူ	တစ်ဒေါ်လာ	၁၀၀၅	·၀
ထိုင်းဘတ်	တစ်ဘတ်	၄၀	·၉
အိန္ဒိယ	တစ်ရူပီး	၂၁	·၁
တရုတ်	တစ်ယွမ်	၂၀၇	·၈၄
မလေးရှား	တစ်ရင်းဂစ်	၃၁၉	·၉

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❇ *ရှေ့ဖုံးမှ*

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းကို ဂုဏ်ပြုတီးမှုတ်ပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေက မင်္ဂလာရွှေမောင်းကို သုံးချက်တီးခတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ တရုတ်နိုင်ငံ ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Wang Qin Min၊ တရုတ်နိုင်ငံ ပင်လယ်ရပ်ခြား ပြည်ပရေးရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ Mr.Xu You Sheng၊ ဟောင်ကောင်အထူးကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး Mrs.Carrie Lam၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံတရုတ်ကုန်သည်များ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ညီလာခံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတက မြန်မာနိုင်ငံအနေဖြင့် ယခုကဲ့သို့ (၁၄)ကြိမ်မြောက် ကမ္ဘာ့တရုတ်ကုန်သည်ကြီးများ ညီလာခံ (14th World Overseas Chinese Entrepreneurs Convention - WCEC)ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိပြီး ကမ္ဘာ့အရပ်ရပ်မှ အောင်မြင်ကျော်ကြားသော တရုတ်လုပ်ငန်းရှင်ကြီးများကို တစ်နေရာတည်းမှာ ယခုကဲ့သို့ တွေ့ဆုံခွင့်ရရှိသည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း၊

ယခုကျင်းပသည့် (၁၄)ကြိမ်မြောက် ကမ္ဘာ့တရုတ်ကုန်သည်ကြီးများ ညီလာခံ၏ ရည်ရွယ်ချက်မှာ - ကမ္ဘာ့ဒေသအသီးသီးမှ အောင်မြင်ကျော်ကြားသည့် တရုတ်ကုန်သည်လုပ်ငန်းရှင်များနှင့် မိမိတို့နိုင်ငံတွင်းမှ ကုန်သည်လုပ်ငန်းရှင်များ ပေါင်းကူးချိတ်ဆက် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးရေး၊ မိမိတို့နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးတံခါးဖွင့် စီးပွားရေးမဟာဗျူဟာ လက်တွေ့အကောင်အထည်ဖော်မှုကို နိုင်ငံခြားကုန်သည် လုပ်ငန်းရှင်ကြီးများ မျက်ဝါးထင်ထင် လေ့လာတွေ့ရှိခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်စေပြီး နိုင်ငံတော်၏ လူမှုစီးပွားကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားဖြစ်စေရေးနှင့် မြန်မာနိုင်ငံ၏ ဂုဏ်ရောင်ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ် အောင်မြင်စွာ ရပ်တည်နိုင်ရေးတို့ ဖြစ်ပါကြောင်း၊

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို တည်ထောင်ရာတွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ အခြေချနေထိုင်လျက်ရှိသည့် တရုတ်လူမျိုးလုပ်ငန်းရှင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြန်လည်ရင်းနှီးမြှုပ်နှံခြင်း၊ နိုင်ငံခြားကုမ္ပဏီများကို ဆက်သွယ်ခေါ်ယူလာခြင်းတို့ဖြင့် နိုင်ငံတိုးတက်အောင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည်ဟု သိရှိခဲ့ရပါကြောင်း။

မြန်မာနိုင်ငံရှိ တရုတ်ကုန်သည်ကြီးများအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကမ္ဘာ့နိုင်ငံများနှင့်ချိတ်ဆက်၍ တစ်တပ်တစ်အားပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရ၍ ဝမ်းမြောက်မိပါကြောင်း။

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးသည် ၆၇ နှစ်တိုင် ရောက်ရှိခဲ့ပြီး ကာလကြာရှည် တည်ဆောက်ခဲ့သည့် ဆွေမျိုးပေါက်ဖော် ချစ်ခင်ရင်းနှီးမှုကို ခိုင်မာစွာထိန်းသိမ်းထားနိုင်ခဲ့ရုံသာမက မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဆင့်ထိ တက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ယခုညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခြင်းသည် ကမ္ဘာ့အရပ်ရပ်ရှိ တရုတ်ကုန်သည်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ လူမှု-စီးပွားရေးကဏ္ဍနယ်ပယ်အသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုများကို တွန်းအားဖြစ်စေမည့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေနိုင်ရေးအတွက် များစွာအထောက်အကူပြုစေပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရန် အခွင့်အလမ်းသစ်များစွာကိုလည်း ဖော်ဆောင်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း၊ ယခုညီလာခံ၏ အဓိကဆောင်ပုဒ်ဖြစ်သည့် **"မြန်မာနိုင်ငံ အနာဂတ်လှပဖို့ အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်စို့"** ဆိုသည့် ဆောင်ပုဒ်သည် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီလှပါကြောင်း။

လက်ရှိမြန်မာနိုင်ငံတွင် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် စီးပွားရေးမူဝါဒ (၁၂) ရပ်ကို ထုတ်ပြန်ကြေညာခဲ့ပါကြောင်း။

ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံသူများ ပိုမိုအဆင်ပြေချောမွေ့စေရန် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေတစ်ရပ်ကိုလည်း အတည်ပြုပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ အဆိုပါဥပဒေသစ်အရ ပုဂ္ဂလိက စီးပွားရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင် ယခင်ကကဲ့သို့ နိုင်ငံခြားသား၊ နိုင်ငံသား ခွဲခြားမှုမရှိဘဲ အခွင့်အရေးတန်းတူညီမျှစွာ ခံစားခွင့်ရရှိမည်ဖြစ်ပါကြောင်း၊ အလုပ်သမားရေးရာ လုပ်ထုံးလုပ်နည်းများ၊ အခွန်စနစ်နှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု၊ အုပ်ချုပ်ရေးကဏ္ဍများတွင်လည်း အများယုံကြည်ကိုးစားမှုရှိရေး၊ ပွင့်လင်းမြင်သာမှုရှိရေးတို့အတွက် အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

တရုတ်နိုင်ငံက ဦးဆောင်ဆောင်ရွက်နေသည့် "ရပ်ဝန်းနှင့် လမ်းကြောင်းစတင်မှုစီမံကိန်း (Belt and Road Initiative)"၏ ဆောင်ပုဒ်ဖြစ်သည့် "ပြောင်းလဲဖို့ရာ ပေါင်းစည်းပါ၊ ကမ္ဘာနီးဝေးထိတွေ့ပေး"ဆိုသည့်အတိုင်း မြန်မာနိုင်ငံအနေဖြင့်လည်း အဆိုပါအစီအစဉ်တွင် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ မဟာဗျူဟာကျစွာ တည်ရှိနေမှုသည်လည်း အဆိုပါအစီအစဉ်အတွက် အောင်မြင်မှုကို ဖြစ်စေပါကြောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုသည် နှစ်စဉ်တိုးတက်လျက်ရှိပြီး ယခုထက် ပိုမိုတိုးတက်ရန်လည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သီလဝါ အထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်များတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုပါကြောင်း။

ထို့ပြင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ကုန်သန်းရောင်းဝယ်ရေးနှင့် အခြားလုပ်ငန်းများတွင်လည်း ရင်းနှီးမြှုပ်နှံမှုများ ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်နိုင်မည့် အခွင့်အလမ်းများရှိသည့်အတွက် ဝင်ရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုပါကြောင်း။

ယခု ညီလာခံသို့ တက်ရောက်လာသည့် ကမ္ဘာ့အရပ်ရပ်မှ တရုတ်ကုန်သည်ကြီးများနှင့် မြန်မာနိုင်ငံအတွင်းမှ ကုန်သည်များ၊ လုပ်ငန်းရှင်များ ပေါင်းကူးချိတ်ဆက်ပြီး အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း။

ထို့အပြင် မြန်မာနှင့် တရုတ် ပြည်သူများအချင်းချင်း အပြန်အလှန်နားလည်လေးစားမှု၊ ချစ်ကြည်ရင်းနှီးမှုတို့ကို တစ်ဆင့်ပြီး တစ်ဆင့် တည်ဆောက်ပြီး ရေရှည်တည်တံ့သည့် စီးပွားရေးနှင့် လူမှုအသိုက်အဝန်းတစ်ရပ် ထူထောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ တက်ရောက်လာသူများအနေဖြင့်လည်း မြန်မာနိုင်ငံတွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဝင်ရောက်လာစေရန် အတူလက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီဥက္ကဋ္ဌ၏ သဝဏ်လွှာကို တရုတ်နိုင်ငံ ပင်လယ်ရပ်ခြား ပြည်ပရေးရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ Mr.Xu You Sheng က ဖတ်ကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Wang Qin Min က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဟောင်ကောင်တရုတ်ကုန်သည်များအသင်းဥက္ကဋ္ဌ Mr.Cai Guan Sheng၊ ဟောင်ကောင်အထူးကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး Mrs.Carrie Lam၊ မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးမြင့်ရွှေ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ထိုင်းနိုင်ငံတရုတ်ကုန်သည်များအသင်း ဥက္ကဋ္ဌ Mr. Chen Zhen Zhi၊ ထိုင်းနိုင်ငံ CP Group ကုမ္ပဏီဥက္ကဋ္ဌ Mr. Xie Guo Ming တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံပြည်သူများအတွက် အလှူငွေကျပ်သိန်း ၅၀၀ ကို မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးမြင့်ရွှေက ပေးအပ်လှူဒါန်းရာ ဒုတိယသမ္မတက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၄)ကြိမ်မြောက် ကမ္ဘာ့တရုတ်ကုန်သည်ကြီးများ ညီလာခံဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

✪ *ရှေ့ဖုံးမှ*

ကူညီနိုင်အောင် ကြိုတင်ဆောင်ရွက်မှုတွေ လုပ်ထားပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမင်းစန်းအေးက ပြောပြသည်။

မုံရွာအခြေပြုပြေးဆွဲနေသော ကားအသင်းများအနေဖြင့် မိုးသည်းပြီး လေတိုက်လျှင်အထူးဂရုပြုမောင်းကြရန်နှင့် ခရီးသွားကားများအနေဖြင့် အသင်းများနှင့် ဆက်သွယ်မှုအမြဲရှိနေကြရန်တို့ကို ကားအသင်းတာဝန်ရှိသူများထံ စက်တင်ဘာ ၁၆ ရက်က မုံရွာမြို့နယ်ကားအသင်းတာဝန်ရှိသူများ ကအသိပေးခြင်းများ ဆောင်ရွက်နေကြောင်း မုံရွာမြို့နယ် မော်တော်ယာဉ်စနစ်တကျပြေးဆွဲရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းက ပြောပြသည်။

မုံရွာမြို့ရှိ ပဲနှမ်းကုန်သည်အများစုသည် လှောင်ကုန်များ နည်းပါးနေသည့်ကာလဖြစ်သောကြောင့် မိုးများကာလေတိုက်မည့်အရေးတွင် ပြောင်းရွှေ့ရမည့်ကိစ္စအပေါ် လှုပ်လှုပ်ရှားရှားမရှိကြောင်း မုံရွာကုန်စည်ဒိုင် ပြန်ကြားရေးတာဝန်ခံ ဦးကြည်လှိုင်ထံမှ သိရသည်။

(၅၃) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် သထုံခရိုင်ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်သိန်း ဦးဆောင်၍ သထုံမြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၆ ရက်က သထုံမြို့ကျက်သရေဆောင် ရွှေစာရံစေတီဝင်းအတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ် နန္ဒကျော်စွာ

ဟောင်ကောင်အုပ်ချုပ်ရေးမှူးချုပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ဖိတ်ကြားချက်အရ စက်တင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ မြန်မာနိုင်ငံသို့ တရားဝင်ခရီးစဉ် လာရောက်လျက်ရှိသော ဟောင်ကောင်အုပ်ချုပ်ရေးမှူးချုပ် Mrs. Carrie Lam ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ဟောင်ကောင်အုပ်ချုပ်ရေးမှူးချုပ်က မြန်မာနိုင်ငံသည် ခရီးသွားအရင်းအမြစ် အလွန်ကြွယ်ဝပါကြောင်း၊ မြန်မာနိုင်ငံသို့ ဟောင်ကောင်မှခရီးသည်များ လာရောက်လည်ပတ်ရန် အခွင့်အလမ်းများစွာရှိကြောင်း၊ ဟောင်ကောင်မှ ရင်းနှီးမြှုပ်နှံသူများသည် ပြည်ပသို့ ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့လျက်ရှိရာ မြန်မာနိုင်ငံ၏ ဟိုတယ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားလာရေးသည် ပြည်သူအချင်းချင်းဆက်သွယ်မှုမှတစ်ဆင့် ချစ်ကြည်ရင်းနှီးမှုရရှိရေးအတွက် အဓိကကဏ္ဍတစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ဟိုတယ်ကဏ္ဍတွင် ဟောင်ကောင်မှ ရင်းနှီးမြှုပ်နှံမှုငါးခုရှိပြီး အဆင့်(၄)တွင် ရှိပါကြောင်း၊ ဟောင်ကောင်မှ ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဟောင်ကောင်အုပ်ချုပ်ရေးမှူးချုပ်က ဟောင်ကောင်ကို Training Hub အဖြစ် ဖန်တီးရန်စီစဉ်လျက်ရှိကြောင်း၊ အာဆီယံနိုင်ငံများအား လူ့စွမ်းအားဖွံ့ဖြိုးရေး၊ ပညာသင်အစီအစဉ်များ ထောက်ပံ့ပေးနေပါကြောင်း၊ မြန်မာနိုင်ငံမှ ပါဝင်နိုင်ပါကြောင်း ပြောကြားပြီး နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းမြှင့်တင်ရေး၊ ပင်လယ်ပြင် အပျော်စီးသင်္ဘောခရီးစဉ်များ တိုးမြှင့်ဆောင်ရွက်ရေး၊ သမိုင်းဝင်အဆောက်အအုံများကို စနစ်တကျထိန်းသိမ်း၍ အမွေအနှစ်များအဖြစ် ဖော်ထုတ်ရေးစသည်တို့ကို အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနှင့်တရုတ်နိုင်ငံတို့အကြား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ခိုင်မာစေရေးဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ၊ တရုတ်နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ Mr.Wang Qin Min ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Myanmar Convention Centre (MCC)၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ခိုင်မာစေရေး၊ စက်မှုလုပ်ငန်းကဏ္ဍနှင့် ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာနှင့် မျိုးကောင်းမျိုးသန့်များပံ့ပိုးကူညီရေး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး၊ ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရေးတို့ကို ဆွေးနွေးညှိနှိုင်းကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်နှင့် ဦးကျော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ဦးအောင်ထူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

အာဆီယံအစည်းအဝေးများ တက်ရောက်ခဲ့သည့် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ရန်ကုန်မြို့ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၆

မြန်မာနိုင်ငံ အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ တဂိုင်းတိုင်းမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် (၁၈)ကြိမ်မြောက် အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်း ကောင်စီဝန်ကြီးအဆင့် အစည်းအဝေးနှင့်(၂၃)ကြိမ်မြောက် အာဆီယံလူမှုယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ၏ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး **(အပေါ်ပုံ)** ယမန်နေ့ညနေပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပခဲ့သော အစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း မဏ္ဍိုင်သုံးခုမှ ပြုလုပ်ခဲ့သည့် အစည်းအဝေးများနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များ၊ ကျင်းပပြီးစီးခဲ့သည့် (၂၂)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးမှ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းအခြေပြမြေပုံပါ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်မှုများ၊ အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်း၏ လုပ်ငန်းစဉ်များကို အသိုက်အဝန်းတွင်ပါရှိသည့် ဆက်စပ်ဌာနများ၊ အခြားမဏ္ဍိုင်များနှင့် အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်မှုများ၊ (၃၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်ကြီးများက လက်မှတ်ရေးထိုးမည့် ကြေညာချက်များ၊ သဘောတူအတည်ပြုမည့် ကြေညာချက်များ၊ မှတ်တမ်းတင်မည့် ကြေညာချက်များကို အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ တက်ရောက်ဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီဝန်ကြီးများသည် (၃၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များက လက်မှတ်ရေးထိုးမည့် ကြေညာချက်ဖြစ်သော Declaration on ASEAN Consensus on the Protection and Promotion of the Rights of Migrant Workers ကို သဘောတူခဲ့ကြပြီး အခြားကြေညာချက်ခြောက်ခုဖြစ်သည့် Declaration on the Culture of Prevention towards a Peaceful, Inclusive, Resilient, Healthy and Harmonious Society, Draft Declaration on the Gender-Responsive Implementation of the ASEAN Community Vision 2025 and Sustainable Development Goals, Draft Declaration on Ending all Forms of Malnutrition, Draft Declaration of Commitment on Anti-Microbial Resistance (AMR): Combating AMR through One Health Approach, ASEAN Declaration on the Adoption of the ASEAN Youth Development Index, Draft ASEAN Leader's Declaration on Disaster Health Management တို့ကို အတည်ပြုထောက်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟောင်ကောင်အုပ်ချုပ်ရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ကမ္ဘာ့တရုတ်ကုန်သည်ကြီးများ ညီလာခံတက်ရောက်၊ ရန်ကုန်မြို့တွင်း ကြည့်ရှုလေ့လာ

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်မြို့၌ ရောက်ရှိနေသော ဟောင်ကောင်အုပ်ချုပ်ရေးမှူးချုပ် Mrs. Carrie Lam ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၌ ကျင်းပသည့် (၁၄) ကြိမ်မြောက် ကမ္ဘာ့တရုတ်ကုန်သည်ကြီးများညီလာခံသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဟောင်ကောင် အုပ်ချုပ်ရေးမှူးချုပ်နှင့် အဖွဲ့သည် ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ယခင်အတွင်းဝန်ရုံး(ဝန်ကြီးများရုံး ဟောင်း)သို့သွားရောက်၍ တိုင်းပြုပြည်ပြုလွှတ်တော်ရုံး (ပါလီမန်အဆောက်အအုံ)၊ အာဇာနည်အထိမ်းအမှတ်ကျောက်တိုင်၊ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့စဉ်က အလံတင်အခမ်းအနားပြုလုပ်ခဲ့သည့် အလံတိုင်နှင့် အတွင်းဝန်ရုံးဝင်းအတွင်းရှိ အဆောက်အအုံတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ရန်ကုန်မြို့ သီလဝါ(ပြည်တွင်း) စက်မှုဇုန်ရှိ Prosperity Knitwear Factory Ltd, Myanmar သို့သွားရောက်၍ သိုးမွေးထည် များချုပ်လုပ်နေမှုကို ကြည့်ရှုလေ့လာပြီး **(အောက်ပုံ)** တိုးချဲ့ဆောက်လုပ်နေသည့် စက်ရုံအဆောက်အအုံအသစ်ကို ကြည့်ရှုကြသည်။

ဆက်လက်၍ မြန်မာအပြည်ပြည် ဆိုင်ရာသီလဝါဆိပ်ကမ်း (MITT) သို့ သွားရောက်လေ့လာရာ အဆိုပါဆိပ်ကမ်း တာဝန်ရှိသူများက ဆိပ်ကမ်းကုန်သွယ်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ဆိပ်ကမ်းအတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဟောင်ကောင်အုပ်ချုပ်ရေးမှူးချုပ် Mrs. Carrie Lam ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ဟောင်ကောင်အုပ်ချုပ်ရေးမှူးချုပ်အား တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၆

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ဟောင်ကောင်အုပ်ချုပ်ရေးမှူးချုပ် Mrs.Carrie Lam ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၃ နာရီခွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံနိုင်မှု အခြေအနေများနှင့် နည်းပညာအကူအညီများပံ့ပိုးပေးနိုင်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားကျင်းပ

စစ်တွေ စက်တင်ဘာ ၁၆

၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဉတ္တမခန်းမ၌ ကျင်းပရာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုတွင်းဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ်ရုံးမှ အကြီးတန်းအကြံပေး၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က အမှာစကားပြောကြားသည်။ ယင်းနောက် UNEP မှ ပေးပို့သည့် သဝဏ်လွှာအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ်ရုံးမှ အကြီးတန်းအကြံပေး Mr. Christopher Carter က ဖတ်ကြားပြီး အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုတွင်းဝန်ကြီးက ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် အိုဇုန်းလွှာထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဗီဒီယိုပြသပြီး အထိမ်းအမှတ်နေ့အဖြစ် ပြသထားသည့် ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

တင်ထွန်း(ပြန်/ဆက်)

မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၆
မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးဦးဆောင်ကော်မတီနာယက ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားသည်။**(ယာပုံ)**

ထို့နောက် မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး ဦးဆောင်ကော်မတီ နာယက ထွန်းကော်မာရှယ်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)တို့က လုပ်ငန်းပြီးစီးဆောင်ရွက်ထားမှု၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး ဦးဆောင်ကော်မတီအဖွဲ့ဝင် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်၊ ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)၊ ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)၊ ဦးစန်းဝင်း (ရွှေဟောင်းသုတေသန)၊ ဦးသန်းအုန်း(မောင်ဇေယျာ)၊ ဦးအေးလွင်(မောင်သွေးသစ်) စသည့် စာပေပညာရှင်များက လုပ်ငန်းဆောင်ရွက်ပြီးစီးထားမှုနှင့်စပ်လျဉ်းပြီး ကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးသည်။

အဆိုပါမြန်မာ့စွယ်စုံကျမ်းများအား မြန်မာ့စာပေဖွံ့ဖြိုးတိုးတက်ရေးကို တစ်ခန်းတစ်ကဏ္ဍမှပါဝင် မြှင့်တင်ပေးရန် မြန်မာ့စာပေနှင့်အတူ မြန်မာ့ရည်ညွှန်းစာပေ ထွန်းကားပြန့်ပွားရေးအတွက် ထောက်ကူမြှင့်တင်ပေးရန်၊ ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းကြီးများသည် နှစ်ကာလကြာမြင့်ခဲ့သည့်အလျောက် ခေတ်မီခြင်းမရှိတော့သည့်အတွက် ခေတ်မီ၍ တိကျမှန်ကန်သော အကြောင်းအရာများ၊ ကိန်းဂဏန်းများပါဝင်သည့် မြန်မာ့စွယ်စုံကျမ်းကြီးများအား ဆန်းသစ်ကာ ထုတ်ဝေဖြန့်ချိသွားရန်ဟူသည့်ရည်ရွယ်ချက်များဖြင့် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးအတွက် စာပေဗိမာန်နှင့် ထွန်းကော်မာရှယ်ဖောင်ဒေးရှင်းတို့မှ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။

မြန်မာ့စွယ်စုံကျမ်းများဆောင်ရွက်ပြီးစီးမှုနှင့်စပ်လျဉ်း၍ မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး ဦးဆောင်ကော်မတီအတွင်းရေးမှူး ဦးစန်းဝင်း(ရွှေဟောင်းသုတေသန) က "မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးအတွက် ဦးဆောင်ကော်မတီရယ်၊ အတိုင်ပင်ခံ အဖွဲ့ရယ်၊ စာတည်းအဖွဲ့ရယ်ဆိုပြီး အဖွဲ့ကြီးသုံးဖွဲ့ဖွဲ့စည်းပြီး ယခင် စွယ်စုံကျမ်း အတွဲ(၁)ရယ်၊ အတွဲ(၂) တစ်ဝက်မှာရှိနေတဲ့ တည်ပုဒ်တွေကို စာပေဗိမာန် စာတည်းအဖွဲ့က စိစစ်တည်းဖြတ်ခြင်း၊ world book 2016 မှ ထည့်သွင်းသင့်သော တည်ပုဒ်များရွေးချယ် ဘာသာပြန်ခြင်းစတဲ့ လုပ်ငန်းတွေဆောင်ရွက်နေပါတယ်။ မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရေးလုပ်ငန်းမှာ အထောက်အကူပြုဖို့အတွက် ပညာရပ်ဆိုင်ရာ ၂၄ ဖွဲ့၊ ပညာရပ်ဆိုင်ရာ ပညာရှင် ၁၈ ဦးတို့ကိုလည်း ပညာရပ်အမြင်ဖြင့်ဖြည့်စွက်ဖို့ စာမူများပေးပို့ ရေးသားစေလျက်ရှိပါတယ်။ စွယ်စုံကျမ်းကို ၁၉၅၄ ခုနှစ်ကနေ ၁၉၇၆ ခုနှစ်အတွင်း ထုတ်ဝေခဲ့ပြီး အတွဲပေါင်း ၁၅ တွဲဖြစ်ပါတယ်။ ခေတ်နဲ့ မဆီလျော်တော့တာတွေ၊ လိုအပ်တာတွေကို ပြင်ဆင်ဖြည့်စွက်ခြင်း ဆောင်ရွက်လျက်ရှိပါတယ်။ အတွဲ(၁)ကို ၂၀၁၇ ဒီဇင်ဘာလ အကုန် ဖိုင်နယ်စာမူတွေပြီးစီးပြီး နမူနာ ပုံနှိပ်နိုင်ရေး ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာစာအုပ် ၁၀၀ စာစဉ်ထုတ်ဝေနိုင်ရေးနှင့် စပ်လျဉ်းသည့် စာပေပညာရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ်ဦးသန်းအုန်း(မောင်ဇေယျာ)၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့က မြန်မာစာအုပ် ၁၀၀ စာစဉ်ထုတ်ဝေရေးအတွက် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများက မြန်မာစာအုပ် ၁၀၀ စာစဉ်တွင်ပါဝင်မည့် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာ၊ ပြဇာတ်၊ အက်ဆေး စသည့်ကဏ္ဍများထဲမှ ဝတ္ထုရှည်ကဏ္ဍနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စာစဉ်၏အမည်၊ အသုံးပြုမည့်စာလုံးပုံစံတို့အား စနစ်တကျရွေးချယ် သတ်မှတ်ရေး၊ ပြန်လည်ထုတ်ဝေမည့် စာအုပ်များအား ထုတ်ဝေသည့် အကြောင်းရင်းနှင့်သုံးသပ်ချက်များ၊ ဆွေးနွေးချက်များရှိရန်၊ လိုအပ်ပါက အများသဘောတူဆန္ဒဖြင့် ဆုံးဖြတ်ရန်နှင့် စာပေပညာရှင်ကြီးများ သီးခြားဆွေးနွေးထားသော စာအုပ်များအား မှတ်သားထား၍ ပြန်လည်သုံးသပ် ဆွေးနွေးရန် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

၂၀၁၇ခုနှစ် အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၆
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ သင်္ဂဟ ဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက အိုဇုန်းလွှာသည် လူသားများအပါအဝင် သက်ရှိအားလုံးကို အန္တရာယ်ဖြစ်စေနိုင်သော နေရောင်ခြည်နှင့်အတူ ပါရှိလာသည့် ခရမ်းလွန်ရောင်ခြည်၏ ၉၇ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအထိကို စုပ်ယူကာ လူသားများကို ခရမ်းလွန်ရောင်ခြည်ဒဏ်မှ သဘာဝအလျောက် ကာကွယ်ပေးနေပြီး ကမ္ဘာ့သက်ရှိအားလုံးကို အကျိုးပြုနေသော အဖိုးတန်ဓာတ်ငွေ့ဖြစ်ပါကြောင်း၊ အိုဇုန်းလွှာပျက်စီးလာသောကြောင့် နေရောင်ခြည်နှင့်အတူပါလာသော ခရမ်းလွန်ရောင်ခြည်လှိုင်းများသည် ကမ္ဘာမြေပြင်ပေါ်သို့ အတားအဆီးမရှိ ပမာဏများပြားစွာ ရောက်ရှိလာပြီး အရေပြားနှင့် မျက်စိကင်ဆာရောဂါဖြစ်ပွားမှုများနှင့် အခြားသောပြဿနာများ အထူးများပြားလာကာ မိမိတို့၏ကမ္ဘာကြီးသည် အလွန်ခက်ခဲကြမ်းတမ်းသည့် အခြေအနေသို့ ရောက်ရှိသွားနိုင်သည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်း ဖော်ထုတ်ခဲ့ကြပါကြောင်း၊ အိုဇုန်းလွှာပျက်စီးမှုသည် မိမိတို့ကမ္ဘာကြီးတွင် ကြုံတွေ့နေကြရသည့် ရာသီဥတုပြောင်းလဲမှု၊ လေထု၊ ရေထုနှင့် မြေထုညစ်ညမ်းမှုများ၊ မြေဆီလွှာပျက်စီးပြုန်းတီးမှု၊ သစ်တောပြုန်းတီးမှု၊ သဲကန္တာရဖြစ်ထွန်းမှု၊ ဇီဝမျိုးစုံမျိုးကွဲများပျက်စီး ပျောက်ကွယ်မှုများနှင့်အတူ ပတ်ဝန်းကျင်ဆိုင်ရာ အဓိကပြဿနာတစ်ရပ်ဖြစ်လာခဲ့ပါကြောင်း။

ထို့ကြောင့် သက်ရှိကမ္ဘာရှင်သန်ရပ်တည်နိုင်ရေးအတွက် အရေးပါသည့် အိုဇုန်းလွှာကို ကမ္ဘာ့နိုင်ငံများအားလုံးက ဝိုင်းဝန်းပူးပေါင်းပြီး အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာဗီယင်နာ ကွန်ဗင်းရှင်း၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ ထိန်းချုပ်ရေးဆိုင်ရာ မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်များကို ချုပ်ဆိုခဲ့ကြပါကြောင်း၊ ယခုနှစ်အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်မှာ "နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့" "Caring for all life under the sun" ဖြစ်ပါကြောင်း။

လူသားများ၏ ရှင်သန်ရပ်တည်မှုအတွက် အရေးပါသည့် အိုဇုန်းလွှာကို ထိန်းသိမ်းရေးသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် အဓိကကဏ္ဍတစ်ခုဖြစ်ကြောင်းကို အများပြည်သူများသိရှိပြီး ပူးပေါင်းပါဝင် ဆောင်ရွက်လာနိုင်ကြစေရန် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများထုတ်လုပ်မှု၊ တင်ပို့မှုမရှိဘဲ ပြည်တွင်း သုံးစွဲရန်အတွက် ပြည်ပမှ တင်သွင်းသုံးစွဲလျက်ရှိပါကြောင်း၊ အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများ ပြည်ပမှတရားမဝင်တင်သွင်းသုံးစွဲမှုများကို တားဆီးထိန်းချုပ်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း စသည့်ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဆင့်ပွားသင်တန်းများကို ရန်ကုန်၊ မန္တလေး၊ မြင်းခြံ၊ မကွေး၊ ပခုက္ကူ၊ ဆင်တဲနှင့် သာဂရမြို့များ၌ ကျင်းပခဲ့ပါကြောင်း။

အိုဇုန်းလွှာကာကွယ်ထိန်းသိမ်းရေးနှင့် စပ်လျဉ်းသည့် အောင်မြင်မှုရလဒ်အနေဖြင့် မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်ကို ကမ္ဘာ့နိုင်ငံများ လိုက်နာအကောင်အထည်ဖော်မှုကြောင့် ကမ္ဘာ့အိုဇုန်းလွှာအနေအထားသည် ပြန်လည်ကောင်းမွန်လာနေကြောင်း၊ ၂၀၅၀ ပြည့်နှစ်တွင် ယခင် ၁၉၈၀ ပြည့်နှစ်က အနေအထားကို ပြန်လည်ရောက်ရှိလာနိုင်ကြောင်း၊ အန္တာတိကဒေသက အိုဇုန်းအပေါက်သည် ၂၀၇၀ ပြည့်နှစ်တွင် ပြန်လည်ကောင်းမွန်လာမည်ဟု ခန့်မှန်းရကြောင်း ဖော်ထုတ်တင်ပြထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ အိုဇုန်းလွှာကာကွယ်ရေးအတွက် ကမ္ဘာ့ပြည်သူတစ်ရပ်လုံး၏ အကောင်းဆုံး ပူးပေါင်းကြိုးပမ်းမှုကို ဖော်ပြခြင်းဖြစ်ပါကြောင်း။

ပြည်သူများအနေဖြင့် ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များအတွက် ကမ္ဘာ့လေထုအတွင်း အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများကင်းဝေးစေရန် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းသုံးစွဲမှု လျှော့ချရပ်ဆိုင်းရေးလုပ်ငန်းများတွင် စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအခြေချနေထိုင်ရေးအစီအစဉ်မှ ဌာနေကိုယ်စားလှယ် Mr.Bijay Karmacharya က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သော အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ သဝဏ်လွှာကို ဖတ်ကြားပြီး အိုဇုန်းလွှာကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဗီဒီယို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် တာဝန်ရှိသူများသည် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ပြသထားသောပညာပေးပြခန်းများအား လှည့်လည်ကြည့်ရှုသည်။

အိုဇုန်းလွှာပျက်စီးစေသော ဓာတ်ပစ္စည်းများထိန်းချုပ်ရေးဆိုင်ရာ မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်ကို ၁၉၈၇ ခုနှစ် စက်တင်ဘာ ၁၆ ရက်က ကနေဒါနိုင်ငံ မွန်ထရီယယ်မြို့တွင် ချုပ်ဆိုနိုင်ခဲ့ပြီး ၁၉၉၄ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်က ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံမှ အဆိုပါစာချုပ် ချုပ်ဆိုနိုင်ခဲ့သည့် စက်တင်ဘာ ၁၆ ရက်ကို အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (၂/၂၀၁၇) ကြိမ်မြောက် စည်းဝေး

ရန်ကုန် စက်တင်ဘာ ၁၆
ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏(၂/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးကို စက်တင်ဘာ ၁၃ ရက်တွင် ရန်ကုန်မြို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့သည်။

အစည်းအဝေးသို့ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် ဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားခဲ့သည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုနှင့် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းတစ်ခု စုစုပေါင်းနှစ်ခုကို အတည်ပြုမိန့်ထုတ်ပေးနိုင်ရေး စိစစ်အတည်ပြုခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မိုးပိုနေမည်

နေပြည်တော် စက်တင်ဘာ ၁၆
မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့နှင့် မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တို့တွင် ရှစ်ပေမှ ၁၁ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **(မိုး/ဇလ)**

တိုင်းရင်းဆေးပညာဦးစီးဌာနမှ အရည်အသွေးမြင့်မားသော မြန်မာ့တိုင်းရင်းဆေးများပေါ်ထွက်လာစေရန် မျှော်မှန်းချက်ထားလုပ်ဆောင်လျက်ရှိ

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အသစ် ၁၂၁ ခု၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်သက်တမ်းတိုး ၁၀၇၀ ၊ တိုင်းရင်းဆေးဝါးထုတ်လုပ် ခွင့်လိုင်စင်သက်တမ်းတိုး ၃၂၉ ခု၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်ဖြည့်စွက် ၅၅ ခု၊ ပရဆေးကုန်ကြမ်းထောက်ခံချက် ၂၆၁ ခု၊ certificate of free sale ထောက်ခံချက်နှစ်ခုကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ထုတ်ပေးနိုင်ခဲ့ကြောင်း တိုင်းရင်းဆေးပညာဦးစီးဌာနမှ သိရသည်။

ထို့ပြင် Post market survey (PMS)ကောက်ယူစစ်ဆေး၍ တိုင်းရင်းဆေးဝါး ၆၃ မျိုးကို အများပြည်သူများ သုံးစွဲရန်မသင့်ကြောင်း ထုတ်ပြန်နိုင်ခဲ့ပြီး တိုင်းရင်းဆေးဝါး မှတ်ပုံတင်သက်တမ်းတိုးကိစ္စများအား ယခင်က မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ဆင့် ဆောင်ရွက်စေခြင်းမှ ယခုအခါ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာန (ရုံးချုပ်)တွင်သာ ဆောင်ရွက်စေခြင်းနှင့် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် လိုင်စင်ကိစ္စများလျှောက်ထားခြင်းတို့အတွက် ကောက်ခံသော ငွေကြေးနှုန်းထားများအား လျှော့ချပေးခြင်းတို့ကို အဆိုပါဦးစီးဌာနမှ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

“ဆေးဝါးမှတ်ပုံတင်နဲ့ လိုင်စင်ထုတ်ပေးရေးကိစ္စရပ်တွေမှာ တိုင်းရင်းဆေးဝါးတွေကို ဝယ်ယူသုံးစွဲကြမယ့် ပြည်သူတွေ ဘေးအန္တရာယ်ကင်းရှင်းစေဖို့ ဦးစားပေး အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဘေးအန္တရာယ်ကင်းရှင်းရေးနဲ့အတူ ဥပဒေဘောင်အတွင်းမှ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းတွေကို ကူညီစောင့်ရှောက်ပေးနိုင်ဖို့ တစ်ပါတည်း ဆောင်ရွက်လျက်ရှိပါတယ်”ဟု တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်က ပြောသည်။

“တိုင်းရင်းဆေးပညာတိုးတက်စေဖို့အတွက် သုတေသနလုပ်ငန်းတွေအနေနဲ့ ပေါင်းချွေးခံခြင်းရဲ့ အကျိုးကျေးဇူးတွေ၊ ချင်း၊ သံပရာနဲ့ ကိုလက်စထရောကျနိုင်မှု အာနိသင် ရှိ၊ မရှိနဲ့ တိုင်းရင်းဆေးဝါးမှတ်ပုံတင် လျှောက်ထားလာသော ဆေးဖုံ ၅၀ မှ စံချိန်၊ စံညွှန်းသတ်မှတ်ခြင်းတွေကို ဆောင်ရွက်နေပါတယ်။ ဒါ့ပြင်ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ သုတေသနရန်ပုံငွေနဲ့ တိုင်းရင်းဆေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မယ့် သုတေသန ၃၄ ခုကို ဆောင်ရွက်သွားဖို့အတွက်လည်း တင်ပြထားပါတယ်၊ တိုင်းရင်းဆေးကဏ္ဍတိုးတက်ဖို့ သုတေသနလုပ်ငန်းတွေဟာ အရေးကြီးပါတယ်။ လက်ရှိကုထုံးတွေရဲ့အကျိုးသက်ရောက်မှုသာမက ပိုကောင်းတဲ့ ကုထုံးအသစ်တွေ ထွက်ပေါ်လာဖို့ပဲ ဖြစ်ပါတယ်” ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

တိုင်းရင်းဆေးပညာဦးစီးဌာန သုတေသနဌာနခွဲမှ သုတေသနဓာတ်ခွဲခန်းသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင် (အသစ်/သက်တမ်းတိုး)ရန် ပေးပို့လာသော တိုင်းရင်းဆေးဝါးများကို ဓာတ်ခွဲစစ်ဆေးပေးလျက်ရှိပြီး ယခင်က သတ္တုမှာ (Heavy Metals, Arsenic, lead, Mercury) များ၏ ပါဝင်မှု ရှိ၊ မရှိသာ စမ်းသပ်ပေးနိုင်ခဲ့ရာမှ ယခုအခါ ပါဝင်သည့်ပမာဏကို စတင်တိုင်းတာပေးနိုင်ပြီးဖြစ်ကြောင်း သိရသည်။

“အရင်က သတ္တု ပါ၊ မပါသာ စစ်ဆေးပေးနိုင်တယ်၊ အခုဘယ်လောက်ပါတယ်ဆိုတဲ့ ပမာဏကိုလည်း စစ်ဆေးပေးနိုင်နေပါပြီ။ စစ်ဆေးတဲ့နေရာမှာ အပင်နဲ့အပင်ရဲ့ အစိတ်အပိုင်းတွေ စစ်မှန်မှုရှိ၊ မရှိ၊ အနောက်တိုင်းဆေးရောနှောမှု ရှိ၊ မရှိ၊ အဆိပ်အတောက်ဖြစ်စေတတ်တဲ့ သတ္တုမှာ ပါ၊ မပါ

ညွှန်ကြားရေးမှူးချုပ်
ဒေါက်တာရီရီမြင့်

ပါမောက္ခချုပ်
ဒေါက်တာသိမ်းကျော်

ဒုတိယညွှန်ကြားရေးမှူးချုပ်
ဦးကျော်စိုး

နဲ့ ဗက်တီးရီးယားပိုးမွှားတွေ ပေါက်ပွားမှု ရှိ၊ မရှိနဲ့ တည်မြဲသက်တမ်းစစ်ဆေးတာတွေ ဒီလိုနည်းလမ်းတွေနဲ့ စစ်ဆေးနေပါတယ်။ ယခုနှစ်အတွင်းမှာ မှတ်ပုံတင်ဆေးဝါး ဓာတ်ခွဲမှု (ဆေးဖုံ) ၄၀၆ ဖုံ၊ Certificate ထုတ်ပေးမှု (ဆေးဖုံ) နှစ်ဖုံ၊ ကုန်သွယ်ရေးမှပေးပို့လာတဲ့ ပရဆေးကုန်ကြမ်းတွေ စစ်မှန်မှု စစ်ဆေးပေးခြင်း ၁၁၀ ခု၊ ဈေးကွက်ဆေးဝါးတွေ စစ်ဆေးခြင်း Post Market Survey (PMS) (ဆေးဖုံ) ၁၀၀ နဲ့ မှတ်ပုံတင်ဆေးဝါးတွေရဲ့ တည်မြဲမှုနဲ့သက်တမ်းစစ်ဆေးခြင်း (ဆေးဖုံ) ၁၂၃၉ ဖုံတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့တယ်” ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

တိုင်းရင်းဆေးပညာဦးစီးဌာနသည် တိုင်းရင်းဆေးပညာတိုးတက်ရေးအတွက် သုတေသနလမ်းပြမြေပုံကို ရေးဆွဲထားပြီး ထိုသို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည့် သုတေသနလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်အတန်းမြင့်မားလာစေရန်၊ စိတ်ထားမှန်ကန်ကောင်းမွန်ပြီး အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်ပေးရန်နှင့် အရည်အသွေးမြင့်မားသော မြန်မာ့တိုင်းရင်းဆေးများပေါ်ထွက်လာစေရန် မျှော်မှန်းချက်ထားလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

တိုင်းရင်းဆေးပညာသည် ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တဗေဒနယနှင့် ဝိဇ္ဇာဓရနယတည်းဟူသော နယကြီးလေးပါးအနက် တစ်ပါးပါးနှင့် အကျုံးဝင်သော ဆေးပညာရပ်ဖြစ်ပြီး ဒေသနာနယဆေးပညာရပ်သည် မြန်မာ့မူပိုင်တိုင်းရင်းဆေးပညာစစ်စစ်ဖြစ်သဖြင့် မတိမ်ကော၊ မပပျောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းရင်းဆေးပညာကုသရေးလုပ်ငန်းများအနေဖြင့် တိုင်းရင်းဆေးရုံဆေးခန်းများမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြင်ပလူနာ ၊ အတွင်းလူနာ ၊ ကွင်းဆင်းကုသပေးသည့် လူနာစုစုပေါင်း ၁၂၀၇၈၃၃ ဦးအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း သိရသည်။

“တိုင်းရင်းဆေးရုံဆေးခန်းတွေမှာ အဆစ်ရောင်ရောဂါ၊ ဒူးနာ၊ ဇက်နာ၊ ခါးနာ၊ အရိုးအဆစ်ရောဂါ၊ အကြောတက်ကိုက်ခဲရောဂါ၊ ချောင်းဆိုး၊ ထုံနာကျဉ်နာ၊ အစာမကြေရောဂါ၊ သွေးတိုးရောဂါ၊ ထိခိုက်ဒဏ်နာ၊ လေထိုးလေအောင့်ခြင်း၊ ဝဲယားနာ၊ အရိုးကျိုးပေါင်း စတဲ့ ရောဂါတွေကို အများဆုံးကုသပေးနေပါတယ်။

ဆေးရုံတွေမှာ လိုအပ်တဲ့ ဆေးရုံသုံးပစ္စည်းတွေ ဥပမာ ပေါင်းချွေးအိမ်၊ ကြပ်ထုပ်အိုး၊ အနာဆေးထည့်ဖို့ ပစ္စည်း တွေ ပိုးသတ်ဖို့လိုအပ်တဲ့ Autoclave၊ အနာပေါက်နဲ့ မီးယပ်ရောဂါကုထုံးတွေမှာ အသုံးပြုနိုင်ဖို့ labor bed အစရှိတဲ့ လုပ်ငန်းသုံးပစ္စည်းတွေကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကုသရေးနဲ့ဆိုင်တဲ့ သင်တန်းတွေကိုလည်း ဖွင့်လှစ်သင်ကြားပေးနေပါတယ်။ ကုသရေးနဲ့ပတ်သက်တဲ့ သင်တန်းငါးကြိမ်မှာ သင်တန်းသားဦးရေ ၂၀၃ ဦးနဲ့ စီမံခန့်ခွဲရေးနဲ့ဆိုင်တဲ့ သင်တန်းတစ်ကြိမ်မှာ သင်တန်းသား ၉၂ ဦးတို့ကို ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပါတယ်”ဟု အဆိုပါဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက ပြောသည်။

တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ဆေးရုံ ဆေးခန်းများတွင် လိုအပ်သည့် ဆေးဝါးများထုတ်လုပ်ပေးခြင်း၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် ထုတ်လုပ်ရေးလိုင်စင်ကိစ္စရပ်များဆောင်ရွက်ခြင်း၊ ပရဆေးဥယျာဉ်များ တည်ထောင်မျိုးထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ၂၀၁၄ မှ ၂၀၁၆ ခုနှစ်အထိ ဌာနသုံးဆေးအမျိုးအစား ၂၀ ကို ထုတ်လုပ်ခဲ့ရာမှ လိုအပ်ချက်အရ သောက်ဆေး သုံးမျိုး၊ စည်းဆေး နှစ်မျိုး၊ လိမ်းဆေးတစ်မျိုး ထပ်မံထုတ်လုပ်ကာ သောက်သုံးရန်ခက်ခဲသော ဆေးမှုန့် နှစ်မျိုးအား ဆေးပြားအဖြစ် ပြောင်းလဲထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

တိုင်းရင်းဆေးပညာရှင်များကို တိုင်းရင်းဆေးတက္ကသိုလ်မှ လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ထိုသို့လေ့ကျင့်သင်ကြားပေးလျက်ရှိသည့် အခြေအနေအပေါ် တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသိမ်းကျော်က “မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်မှာရှိတဲ့ တိုင်းရင်းဆေးတက္ကသိုလ်ကို ၂၀၀၂ ခုနှစ် ဇန်နဝါရီ ၉ ရက်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ စာတွေ့လက်တွေ့ ငါးနှစ်သင်ကြားရတဲ့ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (Bachelor of Myanmar Traditional Medicine) (B.M.T.M) နှင့် စာတွေ့လက်တွေ့နှစ်နှစ်သင်ကြားရသော မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့ (Master of Myanmar Traditional Medicine)(M.M.T.M) တွေကို ပေးအပ်လျက်ရှိပါတယ်။

“၂၀၀၆-၂၀၀၇ ပညာသင်နှစ်ကစပြီး ၂၀၁၇ ခုနှစ်မတ်လအထိ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ရ ၁၂၉၀ ၊ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (ပေါင်းကူး) ၁၂၄ ဦးနှင့် မြန်မာ့တိုင်းရင်းဆေး ပညာမဟာဘွဲ့ရ ၃၇ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။

“ယခုနှစ်မှာဆိုရင် တိုင်းရင်းဆေးတက္ကသိုလ်မှာ ပညာသင်ကြားနေတဲ့ ကျောင်းသူတွေအတွက် လူ ၂၀၀ ဆံ့ လေးထပ်အိပ်ဆောင်တစ်ဆောင်ကို ဖွင့်လှစ်နိုင်ခဲ့ပြီးတော့ ကျောင်းသူတွေကို အဆောင်နေထိုင်ခွင့်ပြုခဲ့ပါတယ်။

“ပြီးတော့ တိုင်းရင်းဆေးတက္ကသိုလ်ကနေ တိုင်းရင်းဆေးရုံတွေမှာ တာဝန်ထမ်းဆောင်ကြတဲ့ အလုပ်သင်တိုင်းရင်းဆေးဆရာတွေကို အလုပ်သင်ထောက်ပံ့ကြေးငွေ တစ်လသုံးသောင်းကျပ် ခံစားခွင့်ပြုရာကနေ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှစပြီး တစ်လလျှင် ခုနစ်သောင်းခွဲကျပ်တိုးပြီး ခံစားခွင့်ပြုခဲ့ပါတယ်”ဟု ပြောသည်။

တိုင်းရင်းဆေးပညာဦးစီးဌာနသည် တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်မှုများဆောင်ရွက်နိုင်ရန် Traditional Medicines and Health Supplements Product Working Group (TMHS-PWG) အဖွဲ့တွင် ပါဝင်ကာ တိုင်းရင်းဆေးနှင့် ကျန်းမာရေးဖြည့်စွက်စာ ထုတ်ကုန်ပစ္စည်းများ၏ စံချိန်စံညွှန်းနှင့်အရည်အသွေးများ တစ်ပြေးညီဖြစ်စေရန် ဆောင်ရွက်လျက်ရှိသည်။

The Nippon Foundation နှင့် ပူးပေါင်းကာ မြန်မာ့တိုင်းရင်းဆေးသေတ္တာဖြန့်ဝေခြင်းနှင့် Myanmar Herbal Pharmacopoeia ထုတ်ဝေခြင်းကို ယခုနှစ်အတွင်းမှာ ဆောင်ရွက်လျက်ရှိပြီး ဆေးပညာနှီးနှောဖလှယ်ရေးနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် University of Miyazaki, University of Toyama, Japan and Ministry of AYUSH (Ayurveda, Yoga, Naturopathy, Unani, Siddha and Homoeopathy) တို့နှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားကြောင်း သိရသည်။

ထို့ပြင် ရှေးဟောင်းမြန်မာ့တိုင်းရင်းဆေးကျမ်းများ တိမ်မြုပ်ပျောက်ကွယ်မသွားစေရေးအတွက် ရှေးဟောင်းမြန်မာ့တိုင်းရင်းဆေးကျမ်းများဆိုင်ရာ စာပေပြိုင်ပွဲကို ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတွင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ကြီးမှူးကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

လာမည့် နိုဝင်ဘာလတွင် (၈)ကြိမ်မြောက် မဲခေါင်ဒေသတွင်းနိုင်ငံများဆိုင်ရာ တိုင်းရင်းဆေးအစည်းအဝေးကို ကျန်းမာရေးနှင့် အားစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ရှင်မင်း၊ မွေးကြူ၊ ဓာတ်ပုံ-အေးသန်း**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုသန့်ရှင်းရေးဆောင်ရွက်

အုတ်ဖို စက်တင်ဘာ ၁၆

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က ယာယီရဲမှူး ဝင်းနိုင်၊ ဒုရဲမှူးအောင်တင်ရွှေ ဦးဆောင်၍ ရဲတပ်ဖွဲ့ ၄၀ နှင့် မြို့နယ်ဦးစီးမှူး ဦးသိန်းထွေးပါ မီးသတ်တပ်ဖွဲ့ဝင် ၁၈ ဦး စုစုပေါင်း ၅၈ ဦးတို့က အုတ်ဖိုရဲစခန်း အနောက်ကျောင်းကြီးတန်းရပ်ကွက်ရှိ ပြည်သူ့ဆေးရုံပတ်ဝန်းကျင်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးရုံး ပတ်ဝန်းကျင်တွင် သန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။

သန်းဇော်(မြန်/ဆက်)

အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စက်တင်ဘာ ၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင် ဦးဆောင်၍ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများ၊ ခရိုင်လေးခရိုင်တို့မှ ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၃၀၀ ခန့်က ရန်ကုန်ပြည်သူ့ဆေးရုံကြီးမျက်နှာစာနှင့် ပတ်ဝန်းကျင်များတွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။ (အမျိုးသားသွေးဌာန၌ ရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်း ၉၁ ဦးတို့က စုပေါင်းသွေးလှူဒါန်းခြင်းများလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။) **ကိုရဲ**

(၅၃)နှစ်မြောက် ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆို သီပေါ၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ စုပေါင်းဆောင်ရွက်

သီပေါ စက်တင်ဘာ ၁၆

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဝင်း၊ စခန်းမှူးဒုရဲမှူး ဝင်းတင့်တို့ ဦးစီးသော ရဲတပ်ဖွဲ့ဝင် ၆၅ ဦးတို့သည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့ဝင် ပူးပေါင်းအင်အား ၅၀၀ ခန့်တို့သည် မြို့သန့်ရှင်းသာယာလှပရေးအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စက်တင်ဘာ ၁၆ ရက် နံနက်မှစတင်ကာ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ဆေးရုံဝင်း အတွင်း၊ အပြင်တို့နှင့် မန္တလေး၊ လားရှိုး၊ မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်တို့တွင် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ မြက်များရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေမြောင်းများအတွင်း ပိတ်ဆို့နေသောအမှိုက်များ ဆယ်ယူခြင်းစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

ကယားပြည်နယ်ဝန်ကြီးချုပ် စိုက်ပျိုးရေးသိပ္ပံ(ဒီးမော့ဆို)၏ နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများနှုတ်ဆက်ပွဲ တက်ရောက်

လွိုင်ကော် စက်တင်ဘာ ၁၆

စိုက်ပျိုးရေးကိုအခြေခံ၍ ဖွံ့ဖြိုးတိုးတက်မှုအရှေ့ကို ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ ယနေ့ စိုက်ပျိုးရေးသိပ္ပံ နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ၏ အားကိုလည်း ယူရမည်ဖြစ်ကြောင်း၊ ဟန်ချက်ညီညီ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်၍ စက်မှုလယ်ယာဖြင့် လယ်ယာစိုက်ပျိုးရေးကို မြှင့်တင်ရမည်ဖြစ်ကြောင်း၊ ကိုယ်စီ ဝါယမစိုက်ထုတ်ကြိုးပမ်း၍ စိုက်ပျိုးထုတ်လုပ်မှုမြင့်မားလာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် စိုက်ပျိုးရေးသိပ္ပံ၏ နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ နှုတ်ဆက်ပွဲ အခမ်းအနား၌ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကားတွင်ထည့်သွင်းပြောကြားသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးသိပ္ပံကျောင်းအုပ်ကြီးက ကျောင်း၏ ဆောင်ရွက်နေမှု အခြေအနေများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက လိုအပ်ချက်များ တင်ပြသည်။

ဆက်လက်၍ နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးတင်ပြသည့် ကျောင်းအတွက် လိုအပ်သော ရေသန့်စက်အတွက် ငွေကျပ် ၁၀ သိန်း၊ အင်တာနက် (wifi)တပ်ဆင်ရန်နှင့် အင်တာနက်ကြေး တစ်နှစ်စာအတွက် စုစုပေါင်း ငွေကျပ် ၁၀ သိန်း၊ ပန်ကာ ၁၆ လုံးအတွက် ငွေကျပ် ငါးသိန်း စုစုပေါင်း ငွေကျပ် ၂၅ သိန်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒီးမော့ဆိုမြို့နယ် ဝီးသဲကူးကျေးရွာတွင် ပြုလုပ်သည့် ငါးမွေးတောင်သူများနှင့်တွေ့ဆုံပွဲသို့တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရေ၊ မြေ သဘာဝနှင့် ညီညွတ်သောနေရာ ရွေးချယ်၍ ငါးသားဖောက်စခန်းတစ်ခု ဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ တောင်သူများအတွက် ကုန်ထုတ်လမ်းနှင့် ငါးမွေးကန်အထိ လျှပ်စစ်မီးရောက်ရှိရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ကယားပြည်နယ်အတွင်း ငါးမွေးတောင်သူ ၁၆၁ ဦး၊ ငါးမွေးကန်ဧက ၉၀၀ နီးပါးရှိပြီး ငါးထုတ်လုပ်နိုင်မှုသည် ပိဿာချိန်တစ်သိန်းခွဲကျော်သာဖြစ်၍ ပြည်နယ်အတွင်း ငါးစားသုံးမှုဖူလုံနိုင်ခြင်း မရှိသေးသည့်အတွက် နောက်ထပ် ငါးမွေးကန်ဧက ၅၀၀ ထပ်မံဖော်ထုတ်ရန်နှင့် ငါးသားဖောက်စခန်း ထူထောင်နိုင်ရန် ဌာနဆိုင်ရာများ၊ ငါးမွေးတောင်သူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဖရူဆိုမြို့နယ် ဒေါခရော့ခူကျေးရွာ၌ ပြုလုပ်သော ပထမအကြိမ်မြောက် ဂေ့ဖိုးဒူဒေသ ကယားလီဖု လူငယ်စုပေါင်း အဲဒိုပေါ်မီပွဲတော်သို့ တက်ရောက်ချီးမြှင့်အားပေးခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ပေကျင်းမြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာအစိုးရရှေ့နေများအသင်း၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံသို့ ပြည်ထောင်စုရှေ့နေချုပ် တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၆

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ စက်တင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အစိုးရရှေ့နေများအသင်း၏(၂၂)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံသို့ တက်ရောက်ခဲ့သည်။ ယင်းညီလာခံသို့ နိုင်ငံပေါင်း ၉၈ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ် စုစုပေါင်း ၅၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ညီလာခံတွင် တရားစွဲအမှုလိုက်အဖွဲ့အစည်းများအကြား နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ လူမှုအဖွဲ့အစည်းများအပေါ် အင်တာနက်လူမှုမီဒီယာများ၏ သက်ရောက်မှုနှင့် အကြမ်းဖက်မှုအန္တရာယ်၊ ဒစ်ဂျစ်တယ်သက်သေခံ အထောက်အထားများ ရယူမှု၊ ပြစ်မှုဆိုင်ရာမှုခင်းများတွင် နိုင်ငံအချင်းချင်း အပြန်အလှန်အကူအညီပေးမှု၊ အီလက်ထရွန်နစ်မှုခင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မှုခင်း၊ အကြမ်းဖက်မှု၊ ငွေကြေးခဝါချမှု၊ အဂတိလိုက်စားမှု၊ လူကုန်ကူးမှု၊ နိုင်ငံဖြတ်ကျော်မှုခင်း စသည့်မှုခင်းများကို တိုက်ဖျက်ရာတွင် နိုင်ငံအသီးသီးရှိ အစိုးရရှေ့နေများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် အတွေ့အကြုံဖလှယ်ရေးနှင့် သင်တန်းအစီအစဉ်များကိုလည်းကောင်း၊ တရားစွဲအမှုလိုက်လုပ်ငန်းများကို ပြည်သူ့အကျိုးရှေးရှု၍ ဆောင်ရွက်နိုင်စေရေးနှင့် လူ့အဖွဲ့အစည်းအတွင်း တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုရရှိစေရေး အခန်းကဏ္ဍများကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုရှေ့နေချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှေ့နေချုပ် H.E. Mr. Cao Jianming နှင့် စက်တင်ဘာ ၁၂ ရက်တွင် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ ဥပဒေရေးရာကဏ္ဍ တိုးတက်ကောင်းမွန်ရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများတွင် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ မြှင့်တင်ရန်ကိစ္စ၊ ပညာသင်များစေလွှတ်ထားရှိမှုအခြေအနေ၊ နှစ်နိုင်ငံ ရှေ့နေချုပ်ရုံးများအကြား ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ရင်းနှီးစွာဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

နိုင်ငံ့ဝန်ထမ်းတိုင်း ဘာသာရပ်နယ်ပယ်အသီးသီးကို နားလည်သိရှိအောင်၊ အစဉ်တိုးတက်အောင် လေ့လာဆည်းပူး

ရန်ကုန် စက်တင်ဘာ ၁၆

အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းအမှတ်စဉ်(၂) ဒုတိယအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဇဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း တက်ရောက်ပြီး ဘွဲ့လွန်ဒီပလိုမာဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက သင်တန်းသား/သင်တန်းသူ ၂၀ ကို ဘွဲ့လွန်ဒီပလိုမာဘွဲ့လက်မှတ်အပ်နှင်းပြီး ပါမောက္ခချုပ်က သင်တန်းသား/သင်တန်းသူ ၁၃၄ ဦးကို ဘွဲ့လွန်ဒီပလိုမာဘွဲ့လက်မှတ်အပ်နှင်းသည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက သင်တန်းတွင် ထူးချွန်ဆုရရှိကြသော သင်တန်းသား/သင်တန်းသူ သုံးဦးအား စံပြဆု၊ စာပေထူးချွန်ဆုနှင့် စာပေဂုဏ်ထူးဆုတို့ကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက ဘွဲ့နှင်းသဘင်အခမ်းအနားမိန့်ခွန်းပြောကြားရာတွင် အုပ်ချုပ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က တာဝန်ယူဆောင်ရွက်နေသည့် နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ကို ၁၀-၇-၂၀၁၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာနိုင်ခဲ့ကြောင်း၊ မဟာဗျူဟာစီမံချက်တွင် နိုင်ငံ့ဝန်ထမ်းအခန်းကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည်ပြည့်ဝရေး၊ ပွင့်လင်းမြင်သာမှုရှိရေးနှင့် အားလုံးပါဝင်ဆောင်ရွက်ရေးအတွက် ရေးဆွဲထားပါကြောင်း၊ ပြည်သူ့ဝန်ထမ်းများကို ထိရောက်ထက်မြက်စွာ လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် ယခင်က ကျင့်သုံးခဲ့သည့် Semi-Regimental Training Approach အစား ပညာရေးနှင့် ကျွမ်းကျင်မှုအခြေပြုလေ့ကျင့်သင်ကြားရေး Education and Competency Training Approach အဖြစ် ပြောင်းလဲပြီး ဘွဲ့လွန်ဒီပလိုမာ၊ အဆင့်မြင့်ဒီပလိုမာနှင့် မဟာဘွဲ့များ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် ဇဟိုဝန်ထမ်းတက္ကသိုလ်များတွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy-CSA) တစ်ခုစီကို ၂-၁-၂၀၁၇ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ဒုတိယအကြိမ် ဘွဲ့လွန်ဒီပလိုမာ အပ်နှင်းနိုင်ခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားသော နိုင်ငံ့ဝန်ထမ်းများအဖြစ် မိမိတို့နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးအောင် စွမ်းဆောင်နိုင်ရန် မိမိတို့နှင့်သက်ဆိုင်သော ပညာရပ်ဗဟုသုတများသာမက နိုင်ငံ့ဝန်ထမ်းတိုင်း သိသင့်သိအပ်သည့် ဘာသာရပ် နယ်ပယ်အသီးသီးကို နှံ့နှံ့စပ်စပ်နားလည်သိရှိအောင်၊ အစဉ်တိုးတက်အောင် ဆက်လက်လေ့လာဆည်းပူးသွားကြရန် ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ နိုင်ငံ့ဝန်ထမ်းအရာထမ်းလောင်း သင်တန်းသား/သင်တန်းသူ ၁၅၃ ဦးနှင့် ပြင်ပပုဂ္ဂလိကအဖွဲ့အစည်းမှ သင်တန်းသူတစ်ဦး စုစုပေါင်း ၁၅၄ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မေ ၂၉ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ ရက်သတ္တ ၁၆ ပတ်ကြာဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်သင်တန်း (၃၀၈)ကြိမ်မှ လူ့စွမ်းအားအရင်းအမြစ် ၅၅၉၁ ဦးမွေးထုတ်ပြီးဖြစ်

နေပြည်တော် စက်တင်ဘာ ၁၆

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီးအရှေ့ ရေတာရှည်မြို့နယ် မြန်မာ့သစ်လုပ်ငန်း၊ စီမံကိန်းနှင့်စာရင်းအင်းဌာန၊ လေ့ကျင့်ရေးသင်တန်းကျောင်းအမှတ်(၁) နန်ချွန်တွင် စက်တင်ဘာ ၁၅ ရက် နံနက် ၈ နာရီက စာရင်းစစ်ဆေးခြင်းဆိုင်ရာ အခြေခံကျွမ်းကျင်မှုသင်တန်းအမှတ်(၁) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် သစ်ထုတ်လုပ်ရေး လက်ထောက်အထွေထွေမန်နေဂျာ ဦးဝင်းနိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၄ ရက်မှ ၁၅ ရက်အထိ ရက်သတ္တ နှစ်ပတ်ကြာ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး ယခုအကြိမ်အပါအဝင် သင်တန်းကြိမ်ရေပေါင်း (၃၀၈) ကြိမ်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်၍ လူ့စွမ်းအားအရင်းအမြစ် ၅၅၉၁ ဦး မွေးထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ထန်တလန်မြို့နယ် သီကီရ်(က)ကျေးရွာတွင် ဝေဠုကျော်ဖောင်ဒေးရှင်းအဖွဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

ထန်တလန် စက်တင်ဘာ ၁၆

ချင်းပြည်နယ် ထန်တလန်မြို့နယ် သီကီရ်(က)ကျေးရွာသို့ ဝေဠုကျော်ဖောင်ဒေးရှင်းအဖွဲ့နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများသွားရောက်၍ ကျေးရွာနေပြည်သူများနှင့် ဝါးပင်များစိုက်ပျိုးခြင်း၊ ကျေးရွာနေကလေးသူငယ်များအား ကစားစရာအရုပ်များ ဝေပေးခြင်း၊ သက်ကြီးရွယ်အိုဘိုးဘွားများအား အလှူငွေထောက်ပံ့ခြင်း၊ သဘာဝတောတောင်နှင့် ရှူခင်းအလှများရိုက်ကူးခြင်းတို့ပြုလုပ်ဆောင်ရွက်ခဲ့ပြီး ဒေသခံပြည်သူများအတွက် ဝါးပင်နှင့် ဝါးမျိုးစေ့များဖြန့်ဝေလှူဒါန်းသည့်အပြင် ဆည်တမံပတ်ဝန်းကျင်၌ ဝါးပင်များစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် မောင်တောနှင့်ဘူးသီးတောင်မြို့နယ်တို့ရှိ ကျေးရွာများသို့သွားရောက်ကာ စားနပ်ရိက္ခာနှင့် ပစ္စည်းများထောက်ပံ့

စစ်တွေ စက်တင်ဘာ ၁၆

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက စစ်တွေမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် မောင်တောနှင့် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကျေးရွာများသို့သွားရောက်ကာ ဒေသခံပြည်သူများအား စားနပ်ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘူးသီးတောင်မြို့နယ် ဆင်ဖြူတောင်ကျေးရွာ (**အပေါ်ပုံ**)နှင့် ဝါးနက်ရုံကျေးရွာတို့သို့ သွားရောက်ကာ ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံအားပေးစကားပြောကြားပြီး စားနပ်ရိက္ခာများနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယခုကဲ့သို့လာရောက်ထောက်ပံ့မှုနှင့် ပတ်သက်၍ ဆင်ဖြူတောင်ကျေးရွာမှ ခမီလူမျိုး ဒေါ်သန်းနုက "ဒီရွာက ကြောက်ပြီး ထွက်ပြေးတဲ့သူတွေလည်း ပြန်လာကြပြီ။ အစိုးရက စားဖို့အတွက် အမြဲထောက်ပံ့ပေးနေတော့ စားစရာတော့မပူရဘူး။ ရွာမှာလည်း လုံခြုံရေးတွေရှိနေတော့ နေရတာအဆင်ပြေပါတယ်။ တပ်မတော်သားတွေကလည်း ကျန်းမာရေးကအစ စောင့်ရှောက်ပေးတယ်"ဟု ပြောသည်။

ညနေပိုင်းတွင် မောင်တောမြို့နယ် မင်းခမောင်းကျေးရွာ ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံအားပေးစကားပြောကြားပြီး စားနပ်ရိက္ခာများနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ခရီးစဉ်အတွင်း ဒေသခံများအား ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငရုတ်၊ ကြက်သွန်၊ ငပိ၊ ငါးခြောက်အပြင် ဆိုလာမီးအိမ်၊ ဆိုလာဓာတ်မီး၊ ဆပ်ပြာခဲ၊ ဆပ်ပြာမှုန့်နှင့် အခြားအသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းအဖွဲ့)

အကြမ်းဖက်ဘေးရှောင်ပြည်သူများသို့ စာအုပ်စာစောင်များလှူဒါန်းပြီး နှစ်သိမ့်အားပေး

ပုဏ္ဏားကျွန်း စက်တင်ဘာ ၁၆

ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးလာကြသူများအနက် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့သို့ ရောက်ရှိလာကြသော ရခိုင်၊ မြို၊ ဒိုင်းနက်၊သက်စသည့် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများအား ပုဏ္ဏားကျွန်းမြို့ လောကမာရဇိန်ဘုရား သိမ်တော်ကြီးနှင့် ဒိုင်းနက်လူမျိုးများ နေထိုင်သော ရှင်တော်ကျေးရွာ ဘုန်းကြီးကျောင်းတို့၌ ယာယီဒုက္ခသည်စခန်းများ ဖွင့်လှစ်ကာ ကူညီစောင့်ရှောက်ပေးလျက်ရှိရာ ယနေ့ထိ ဒုက္ခသည် ၄၃၂ ဦးအား ကူညီကယ်ဆယ်ပေးလျက်ရှိကြောင်း သိရသည်။

နေရပ်စွန့်ခွာထွက်ပြေးလာကြသော အဆိုပါဒုက္ခသည် ရခိုင်တိုင်းရင်းသားပြည်သူများ နေထိုင်စားသောက်ရေး၊ လုံခြုံချောမွေ့စေရေးအတွက် ဦးဆောင်ဆရာတော်ကြီးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိသည်။ စက်တင်ဘာ ၁၅ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများသည် အဆိုပါ ဒုက္ခသည်စခန်းများသို့ သွားရောက်ကာ ဒုက္ခသည်များ စိတ်ခံစားရမှုများ ပြေလျော့ပြီး အသိပညာဗဟုသုတများ တိုးပွားစေရေးအတွက် စာအုပ်စာစောင်များကို လှူဒါန်းပြီး နှစ်သိမ့်အားပေးစကားများ ပြောကြားခဲ့ကြကြောင်း သိရသည်။

အဆိုပါ နေရပ်စွန့်ခွာထွက်ပြေးလာကြသူများ လက်ရှိ စားဝတ်နေရေးနှင့် မူလနေရပ်ဒေသများသို့ ပြန်လည်သွားရောက်ကာ သူတို့၏အနာဂတ်ဘဝ ရပ်တည်နိုင်ရေးတို့အတွက် ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ပညာပါရမီ ဆရာတော် ဖုန်း- ၀၉ -၂၆၃၀၀၈၄၅၊ ရွှေတောင်တန်းဆရာတော် ဖုန်း - ၀၉-၄၂၁၇၄၉၃၉၇၊ ဦးသိန်းဝဏ္ဏ ဖုန်း - ၀၉-၄၅၀၅၄၁၆၇၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဧညသူ

မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိ

နေပြည်တော် စက်တင်ဘာ ၁၆

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

(မိုး/ဇလ)

အကြမ်းဖက်တိုက်ခိုက်မှုကြောင့် တောင်ပြိုလက်ဝဲမြို့အတွင်းမှ နေရပ်စွန့်ခွာတိမ်းရှောင်နေသည့် ဒေသခံပြည်သူများ မိမိတို့နေရပ်သို့ ပြန်လည်ဝင်ရောက်

မောင်တော စက်တင်ဘာ ၁၆

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သော ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေကြသည့် မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့အတွင်းမှ ဒေသခံတိုင်းရင်းသားများသည် နယ်မြေအခြေအနေ တည်ငြိမ်လာသဖြင့် မိမိတို့နေရပ်များသို့ ပြန်လည်ဝင်ရောက်လာကြောင်း သိရသည်။

တောင်ပြိုလက်ဝဲမြို့အတွင်းမှ ယာယီစခန်းအသီးသီးသို့ နေရပ်စွန့်ခွာတိမ်းရှောင်သွားကြသူများတွင် ဟိန္ဒူဘာသာဝင်များ၊ ဒေသခံတိုင်းရင်းသားများ စုစုပေါင်း ၁၇၈၆ ဦး ရှိခဲ့ပြီး ယခုအခါ ၎င်းတို့ မူလနေရပ်များသို့ ပြန်လည်ဝင်ရောက်လာသူ အရေအတွက်မှာ စက်တင်ဘာ ၁၆ ရက်အထိ ၁၆၈၆ ဦး အထိရှိလာပြီဖြစ်ကြောင်း တောင်ပြို လက်ဝဲမြို့ အုပ်ချုပ်ရေးမှူးရုံးမှ ကောက်ယူရရှိသော စာရင်းများအရ သိရသည်။

"စိုးရိမ်ထိတ်လန့်မှုကြောင့် ယာယီစခန်းတွေမှာ ခိုလှုံနေကြတဲ့ ဒေသခံတိုင်းရင်းသားတွေ အခုအချိန်မှာ နယ်မြေတည်ငြိမ်လာတဲ့အတွက် မိမိတို့နေရပ်ကို ပြန်လည်ဝင်ရောက်လာကြပါပြီ။ သူတို့တစ်တွေကို နယ်မြေခံတပ်၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့နဲ့ ကျွန်တော်တို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ဝန်ထမ်းတွေ ပူးပေါင်းပြီး လမ်းခရီးတစ်လျှောက် လိုက်ပါကူညီပို့ဆောင်ပေးခဲ့ပါတယ်။ အဲဒီမှာ သက်ကြီးရွယ်အိုတွေ၊ ကလေးငယ်တွေနဲ့ မိခင်တွေအပြင် သူတို့ရဲ့ အသုံးဆောင်ပစ္စည်းတွေကို မော်တော်ယာဉ်တွေနဲ့ သယ်ယူပို့ဆောင်ပေးခဲ့ပါတယ်"ဟု တောင်ပြိုလက်ဝဲမြို့ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းအောင်က ပြောသည်။

နေရပ်သို့ ပြန်လည်ဝင်ရောက်လာကြသည့် တိုင်းရင်းသားများမှာ တောင်ပြိုလက်ဝဲမြို့ရှိ ရပ်ကွက်(၁)၊(၂)၊(၃)၊(၄) တို့တွင် နေထိုင်ကြသူများနှင့် နံ့သာတောင်၊ မီးတိုက်၊ သာယာကုန်း၊ သဘော်လှကျေးရွာတို့မှ ဒေသခံတိုင်းရင်းသားများနှင့် ဟိန္ဒူဘာသာဝင်များဖြစ်ကြောင်း ယာယီစခန်းများမှ နေရပ်သို့ ပြန်လည်ဝင်ရောက်ရန် ကျန်ရှိနေသေးသည့် လူဦးရေမှာ ၁၀၀ ခန့်ရှိပြီး ၎င်းတို့မှာ သာယာကုန်းကျေးရွာမှဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်၊ တင်မောင်လွင်၊ ဓာတ်ပုံ-မောင်မွှေး

❊ *ကျော့ဖုံးမှ*

ကျေးရွာတွေကို ဆက်လက်ကူညီထောက်ပံ့ပေးသွားမှာပါ"ဟု ပြည်နယ် ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်မင်းက ပြောသည်။

ယနေ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ပြည်နယ်အစိုးရနှင့် ပူးပေါင်းကာ မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်အတွင်းရှိ တိုင်းရင်းသား ကျေးရွာများဖြစ်သော ရွာမကျေးရွာ၊ ဒုံးသိမ်ကျေးရွာ၊ အစ္စလာမ်ဘာသာဝင်များနေထိုင်သော သစ်ရင်းကျေးရွာနှင့် ဘာရီဇာကျေးရွာများရှိ ပြည်သူများအား ဆန်၊ ဆီ၊ ဆားနှင့် ပဲအပါအဝင် စားနပ်ရိက္ခာများ ကူညီထောက်ပံ့ပေးခဲ့သည်။ အဆိုပါကျေးရွာများရှိ အိမ်ထောင်စု ၂၃၀ ကျော် စုစုပေါင်း လူဦးရေ ၁၅၀၀ ဝန်းကျင်အတွက် ဆန်အိတ် ၁၀၀ ကျော်၊ ဆီပိဿာ ၂၀၀ ကျော်၊ ပဲပိဿာ ၂၀၀ ကျော်နှင့် ဆား ပိဿာ ၅၀ ကျော်တို့ကို ကူညီထောက်ပံ့ပေးသည်။ ယင်းကျေးရွာများရှိ အသက် ၉၀ ကျော်အဘွားများကိုလည်း ငွေကျပ်သုံးသောင်း ကူညီထောက်ပံ့ပေးမှုများ ပြုလုပ်ခဲ့သည်။

"အခုလို ကျွန်မတို့ရွာကို ဆန်၊ ဆီ၊ ဆားနဲ့ ပဲတို့ကို ကူညီထောက်ပံ့ပေးတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ အခုဆိုရင် ကျွန်မတို့ရွာမှာ စားနပ်ရိက္ခာအခက်အခဲဖြစ်နေတဲ့အချိန်ဆိုတော့ ဆား၊ အချိုမှုန့်ကအစ အိမ်ထောင်စုတိုင်း လိုအပ်နေတာပါ။ ကျွန်မတို့အနေနဲ့လည်း အေးအေးချမ်းချမ်းပဲ လုပ်ကိုင်စားသောက်ချင်ပါတယ်။ အခုလိုဖြစ်လိုက်တော့ အရင်ကတည်းက အေးအေးချမ်းချမ်းနေခဲ့တဲ့ ဒီရွာက မိသားစုဝင်တွေအားလုံး ဒုက္ခရောက်ကြရတယ်။ ဘယ်မှလည်း မသွားရဲ၊ မလာရဲကြဘူး။ တောင်ယာလုပ်ငန်းတွေဆိုလည်း ပစ်ထားရတာ၊ အခုဆိုရင် တော်တော်လေးကြာနေပြီ။ အမှန်အတိုင်းပြောရရင် အခုလို အကြမ်းဖက်လုပ်ရပ်ကို ကျွန်မတို့ ကျေးရွာပြည်သူတွေအနေနဲ့ ဘယ်သူကမှ လက်မခံပါဘူး"ဟု ဘူးသီးတောင်မြို့နယ် ရွာမ အုပ်စု သစ်ရင်းကျေးရွာမှ မချော်ဘီကာက ပြောသည်။

သစ်ရင်းကျေးရွာမှ မချော်ဘီကာ

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် မောင်တောဒေသအတွင်း နေရပ်စွန့်ခွာ ပြည်သူများ ခိုလှုံရာစုရပ်များသို့ စားနပ်ရိက္ခာ ကူညီထောက်ပံ့ပေးမှုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့ပူးပေါင်းကာ တပ်မတော်ရဟတ်ယာဉ်များဖြင့်လည်းကောင်း၊ စက်လှေများဖြင့်လည်းကောင်း၊ မော်တော်ယာဉ်များဖြင့် လည်းကောင်း ကူညီထောက်ပံ့ပေးလျက်ရှိပြီး ယခုအခါစုရပ်များ၌ စားနပ်ရိက္ခာအတော်များများ ပြည့်စုံမှုရှိလာပြီဖြစ်၍ ကျေးရွာများသို့ ကူညီထောက်ပံ့ပေးမှုများ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ စက်တင်ဘာ ၁၇ ရက်တွင်လည်း မောင်တောခရိုင်အတွင်းရှိ တိုင်းရင်းသားကျေးရွာများနှင့် အစ္စလာမ်ဘာသာဝင်ကျေးရွာများသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် စားနပ်ရိက္ခာများဆက်လက်ကူညီ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းအဖွဲ့)

ဘူးသီးတောင်မြို့နယ်အတွင်းရှိ သစ်ရင်းကျေးရွာမှ အစ္စလာမ် ဘာသာဝင်များအား စားနပ်ရိက္ခာများ ထောက်ပံ့ပေးနေစဉ်

တောင်ငူမြို့၌ ဩဝါဒခံယူပွဲနှင့် ထူးချွန်စာအောင်ဆုချီးမြှင့်ပွဲ ကျင်းပ

တောင်ငူ စက်တင်ဘာ ၁၆

တောင်ငူမြို့ (၃၆၅)ရက် နေ့စဉ်အရုဏ်ဆွမ်းလောင်းအသင်းကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲနှင့် နိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပသည့် ပထမပြန်၊ ဓမ္မာစရိယနှင့် နိကာယ်စာမေးပွဲ၊ သုဓမ္မာပရိယတ္တိစာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်တော်မူခဲ့ကြသည့် သံဃာတော်အရှင်မြတ်များနှင့် သီလရှင်ဆရာလေးများကို စာအောင်ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁၆ ရက် နံနက် ၈ နာရီက တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်းရှိ ရွှေနှင်းဆီဓမ္မဗိမာန်တော်၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် အသင်းကြီး၏ ဩဝါဒါစရိယဆရာတော်ကြီး ၁၉ ပါး၊ စာသင်၊ စာချဆရာတော် ၂၉ ပါး၊ ထူးချွန်စာအောင်သံဃာတော်များနှင့် သီလရှင်ဆရာလေး ၄၆ ပါးတို့ကို လှူဖွယ်ဝတ္ထုနှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းပြီး အသင်းဥက္ကဋ္ဌ ဦးစောဌေးက ဘာသာရေး၊ သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို လျှောက်ထားတင်ပြပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တသူရိယက အနုမောဒနာရေစက်ချတရားတော် ချီးမြှင့်ခဲ့သည်။

ထို့အပြင် အသင်းကြီး၏ ရာသက်ပန် ဂုဏ်ထူးဆောင်နာယက အဂ္ဂမဟာသိရီသုဓမ္မသိင်္ဂီ ရွှေနှင်းဆီ ဒေါ်အုန်းခင်ကွယ်လွန်ခြင်း ရှစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် သံဃာတော်နှင့် သီလရှင်ဆရာလေး အပါး ၁၀၀၀ ကျော်တို့ကို နံနက်အရုဏ်ဆွမ်းလောင်းလှူခြင်း၊ ဆရာတော်သံဃာတော် အရှင်မြတ်များနှင့် သီလရှင်ဆရာလေးများကို နေ့ဆွမ်းဆက်ကပ်သည်။

အခမ်းအနားသို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်ရင်းတပ်ဖွဲ့မိသားစုများ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ကျော်လှ (တောင်ငူ)

နေရပ်စွန့်ခွာ တိမ်းရှောင်နေသည့်ပြည်သူများအတွက် အလှူငွေနှင့် နှစ်လက်မရေစုပ်ပန့်များပေးအပ်လှူဒါန်း

စစ်တွေ စက်တင်ဘာ ၁၆

စစ်တွေမြို့သို့ နေရပ်စွန့်ခွာတိမ်းရှောင်လာကြသည့် ပြည်သူများအတွက် ကြယ်နီဦးလှမြင့် (လယ်ယာသုံးစက်ကိရိယာမျိုးစုံနှင့် စက်မှုအထွေထွေပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်း)က အလှူငွေကျပ်သိန်း ၂၀ နှင့် နှစ်လက်မ ရေစုပ်ပန့်ငါးလုံးကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အလှူငွေ၊ ပစ္စည်းလက်ခံဖြန့်ဖြူးရေးကော်မတီထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ လှူဒါန်းမှုကို ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်းနှင့် တာဝန်ရှိသူများက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

ထိုက်ထိုက်အောင် ကန်သွင်းရာ ဘားထိထွက်လာသည်ကို ခရစ္စတိုဖာက အဝေးမှ ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဂိုးရသွား၍ ရှမ်းယူနိုက်တက်အသင်း ကစားပုံပိုကောင်းလာပြီး ၃၈ မိနစ်တွင် ခရစ္စတိုဖာ၏ဘောလုံးပေးပို့မှုကို ရခိုင်နောက်ခံလူဝက်စ်ဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ ၆၅ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း တတိယဂိုးရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် ဟန်ဝူဂျင်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

မော်လမြိုင်ကွင်း၌ကျင်းပသောပွဲတွင် Southern အသင်းက လက်ရှိချန်ပီယံ ရတနာပုံအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ နှစ်ပွဲဆက်နိုင်ပွဲပျောက်ခဲ့သည့် ရတနာပုံအသင်းသည် ချန်ပီယံကာကွယ်နိုင်ရန် အခွင့်အရေးနည်းသွားခဲ့သည်။ Southern အတွက် ဂိုးများကို ၄၈ မိနစ်တွင် အောင်ဟိန်းစိုးဦး၊ ၆၃ မိနစ်တွင် ကောင်းစည်သူတို့က သွင်းယူခဲ့ပြီး ရတနာပုံအတွက် ခြေပဂိုးကို ၆၉ မိနစ်တွင် မျိုးဇော်ဦးက သွင်းယူခဲ့သည်။ အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် မကွေးက ချင်းယူနိုက်တက်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မကွေးအတွက်ဂိုးများကို ၄၉ မိနစ်တွင် ချိုထွန်း၊ ၆၆ မိနစ်တွင် အဗ္ဗဒူလာတို့က သွင်းယူခဲ့ပြီး အောင်သူစိုးက ချင်းအတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သည်။ ဒုတိယနေ့ကို စက်တင်ဘာ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ရန်ကုန်နှင့် ဟံသာဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အပူပိုင်းမုန်တိုင်း ဒေါ့ဆူရီ ထိုင်းအနောက်ဘက်သို့ ဆက်လက်ရွေ့လျား

နေပြည်တော် စက်တင်ဘာ ၁၆

ယနေ့ နံနက် ၁၁ နာရီခွဲတိုင်းထွာချက်များအရ လာအိုနိုင်ငံအပေါ်ရှိ အပူပိုင်းမုန်တိုင်း "ဒေါ့ဆူရီ" (Doksuri)သည် အပူပိုင်းမုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားခဲ့ပြီး ထိုင်းနိုင်ငံသို့ ရောက်ရှိကာ အနောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက်ရှိသည်။

(မိုး/ဇလ)

၂၀၃၀ ပြည့်နှစ်တွင် ကျေးလက်လမ်းများ ရာသီမရွေးသွားလာနိုင်အောင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်သွားမည်

နေပြည်တော် စက်တင်ဘာ ၁၆

တစ်နိုင်ငံလုံး၏ ကျေးလက်လမ်း ၅၀၈၇၄ မိုင်နှင့် ပေ ၅၀ အောက် တံတား ၂၄၂၄၁ စင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်လမ်း ၅၀၈၇၄ မိုင်တွင် ကတ္တရာလမ်းနှင့် ကွန်ကရစ်လမ်းအဖြစ် တည်ဆောက်ပြီးစီးသည့် (Paved Road) လမ်းမှာ ၃၀၁၆ မိုင်ဖြစ်သည့်အတွက် ကတ္တရာလမ်းနှင့် ကွန်ကရစ်လမ်းမှာ ခြောက်ရာခိုင်နှုန်းမျှသာ ရှိသေးကြောင်း သိရသည်။

ကျေးလက်လမ်းများ၏ လွှမ်းခြုံနိုင်သည့် အခြေအနေများမှာ ကျေးရွာများ၏ ၂၈ ရာခိုင်နှုန်းသာ အဓိကလမ်းမကြီးများနှင့် ချိတ်ဆက် အသုံးပြုနိုင်ပြီး ၃၀ ရာခိုင်နှုန်းမှာ ကျောက်လမ်း၊ အမာခံလမ်း အခြေအနေသာရှိသေးသည့်အတွက် ကျေးရွာပေါင်း ၂၈၆၅ ရွာမှာ ရာသီမရွေး သွားလာနိုင်ခြင်းမရှိသေးကြောင်း ယင်းဝန်ကြီးဌာနမှ သိရသည်။

"အသစ်ဖွဲ့စည်းလိုက်တဲ့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အနေနဲ့ကတော့ ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးဖို့ ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ဖို့ ဆိုတဲ့ မူဝါဒတွေချမှတ်ပြီး ဆောင်ရွက်သွားမှာပါ။

"နောက်ပြီး ရည်မှန်းချက်တွေကတော့ ကျေးလက်လမ်း၊ တံတားတွေ စဉ်ဆက်မပြတ် ဖွံ့ဖြိုးဖို့၊ ကျေးလက်ထုတ်ကုန်များ၊ ကုန်ကျစရိတ်သက်သာစွာနဲ့ ဈေးကွက်ကို အမြန်ဆုံးရောက်ရှိစေဖို့၊ ကျေးလက်နေပြည်သူတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုကိစ္စရပ်တွေအတွက် ကျေးလက်လမ်းကွန်ရက်တွေ အသုံးပြုပြီး အမြန်ဆုံးဆက်သွယ်သွားလာနိုင်ဖို့၊ အမျိုးသားပို့ဆောင်ရေး ပင်မစီမံကိန်းကို အထောက်အကူပြုစေဖို့ဆိုတဲ့ ရည်မှန်းချက်တွေနဲ့ အဓိကထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်သက်က ပြောသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ Vision မှာ ကျေးလက်လမ်းများအားလုံးကို ၂၀၃၀ ပြည့်နှစ်တွင် ရာသီမရွေးသွားလာနိုင်သော လမ်းများဖြစ်စေရန် ရည်မှန်းချက်ထား ဆောင်ရွက်သွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လမ်းအဆင့် A ၊ B၊ C သုံးမျိုး ခွဲခြားဆောင်ရွက်ရန် စီမံထားကြောင်း သိရသည်။

"လမ်းတွေကို A ၊ B၊ C ဆိုပြီး အဆင့် ခွဲခြားထားပါတယ်၊ A ဆိုတာ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနပိုင်တဲ့လမ်း သို့မဟုတ် အဓိက လမ်းတစ်လမ်းနဲ့ချိတ်ဆက်ထားတဲ့ ကျေးလက်လမ်းတွေဖြစ်ပါတယ်။ ယင်း A အဆင့် လမ်းတွေကို ၂၀၂၂ ခုနှစ် မတ်လ မတိုင်မီ ကတ္တရာလမ်းအဆင့်ဖြစ်အောင် ဆောင်ရွက်သွားမှာပါ။ နောက်ပြီး B အဆင့်လမ်းတွေကို ကျတော့ ၂၀၂၂ ခုနှစ်မှာ အမာခံလမ်းအဆင့်နဲ့ ၂၀၂၅ ခုနှစ်မှာ ကတ္တရာလမ်းအဆင့်ပြီးစီးအောင် ဆောင်ရွက်မှာဖြစ်ပါတယ်။ C အဆင့် လမ်းတွေကို ကျတော့ ၂၀၂၂ ခုနှစ်မှာ မြေလမ်းအဆင့်၊ ၂၀၂၅ ခုနှစ်မှာ အမာခံလမ်းအဆင့်နဲ့ ၂၀၃၀ ပြည့်နှစ်မှာ ရာသီမရွေးသွားလာနိုင်တဲ့လမ်းတွေဖြစ်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျေးလက်နေပြည်သူ ၁၄ သန်းအတွက် ကျေးလက်လမ်းတွေကို မဖြစ်မနေဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ဒေတ္တညွှန်ကြားရေးမှူးချုပ်က ပြောသည်။

အဆိုပါလုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်နိုင်ရန်အတွက် ကျေးလက်လမ်းအဆင့် A ၊ B ၊ C များအဖြစ် စာရင်းပြုစုထားသည့် လမ်းစာရင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များထံ အမြန်ဆုံးပေးပို့သွားမည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးပြီး အပြီးသတ်အတည်ပြုချက်ရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြပြီး အတည်ပြုချက် ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကို ပြည်ထောင်စုအစိုးရ ဆုံးဖြတ်ချက်အရ ၂၀၁၇ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

မျိုးမြင့် (သတင်းစဉ်)

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ (၂၈)နှစ်တာခရီး - အပိုင်း(၅)

မြင့်စိုး (နတလ)

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြောင်းကို အပိုင်း(၃)နှင့်(၄)တို့တွင် စတင်ရေးလိုက်မိပြီး သကာလ သူတို့ကိုသံယောဇဉ်ဖြတ်၍ အပိုင်း(၅)၌ ကိုးကန့်ဒေသ အကြောင်း တစ်နည်းဆိုရသော် ၁၉၉၅ခုနှစ်၌ နတလကို ရောက်ပြီးနောက် ကျွန်တော် ကနဦးဆုံး တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် မာလီပါလွင်ပြင်ဒေသသို့ ရုတ်တရက်ခုန် ကူးသွားဖို့ရာ မဖြစ်နိုင်သေးပါ။ သည့် အတွက် နယ်စပ်ဒေသတိုင်းရင်းသားအားလုံးနှင့် ဆက်နွှယ်နေသည့် အကြောင်းအရာများကို ဆက်လက်ဖော်ပြပါမည်။ ယနေ့အချိန်အခါသမယသည် ပါတီစုံဒီမိုကရေစီ ခေတ်နှင့်စနစ်ကို ပြောင်းလဲ ရွေ့လျားကျင့်သုံးဖော်ဆောင်နေပြီဖြစ်ပေရာ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာ၌လည်း မူဝါဒများပြောင်းလဲသတ်မှတ်ထားပြီး ဖြစ်ပေသည်။ ၂၀၁၆ခုနှစ်နိုဝင်ဘာလ ၂၈ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး၌ ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားရာမှာ“ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဟာ တစ်နိုင်ငံလုံးနှင့် သက်ဆိုင်နေပါတယ်၊ တိုင်းဒေသကြီးများအနေနဲ့ ပြည်နယ်များကဲ့သို့ အဓိကတိုင်းရင်းသားများနေထိုင်ခြင်း မရှိသော်လည်း တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ကြတဲ့ဒေသများဖြစ်နေတဲ့အတွက် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အကျုံးဝင်နေပါတယ်”ဟု ထည့်သွင်းမိန့်ကြားခဲ့ပါသည်။ သည့်အတွက်ကြောင့်လည်း နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီတွင် ယခင်ကပါဝင်ခြင်းမရှိခဲ့သော တိုင်းဒေသကြီး(၅)ခုဖြစ်သည့် ပဲခူး၊ မန္တလေး၊ မကွေး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များအား အဖွဲ့ဝင်များအဖြစ် ပြင်ဆင်ဖွဲ့စည်းထားပြီးဖြစ်ရာ ယခုအခါပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုစလုံး ပါဝင်လာခဲ့ပြီဖြစ်သည်။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့်ဒေသများ သတ်မှတ်ရာတွင်လည်း ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ် စသည့်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး စသည်ဖြင့်လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးနာမည်များနှင့် ပြောင်းလဲခေါ်ဝေါ်သုံးစွဲနေပြီဖြစ်ပါသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများ စတင်ဖွဲ့စည်းကာစ ၁၉၈၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အချိန်ကာလ လောက်တွင်မူ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းများ တည်ရှိနေရာ၊ အခြေပြုနေရာများအပေါ်မူတည်၍ အထူးဒေသအမည်များနှင့် သတ်မှတ်ခေါ်ဝေါ်ဆောင်ရွက်ပေးခဲ့ခြင်းများလည်းရှိခဲ့သည်။ ဥပမာအားဖြင့် ကချင်ပြည်နယ်ထဲတွင် ဦးစခုန်တိန့်ယိမ်း၏ NDA အဖွဲ့များ တည်ရှိရာဒေသကို ကချင်အထူးဒေသ(၁)၊ KIA အဖွဲ့များ အခြေပြုဒေသကို ကချင်အထူးဒေသ(၂)ဟူ၍လည်းကောင်း၊ ရှမ်းပြည်နယ်အတွင်း၌လည်း ကိုးကန့်ဒေသ၊‘ဝ’ဒေသ၊ ရှမ်းဒေသ၊ ပလောင်ဒေသ၊ ဦးစိုင်းလင်း၏ ရှမ်း/အခါတိုင်းရင်းသားအဖွဲ့များတည်ရှိရာ ကျိုင်းတုံအရှေ့ဒေသ၊ ဦးမထုနော်၏ KIA တပ်မဟာ (၄) အခြေပြုရာ ကောင်းခါးကို ဗဟိုပြု၍ ကချင်အရှေ့မြောက်ဒေသဟူ၍လည်းကောင်း၊ ပအိုဝ်းဒေသ၊ ကယားဒေသ၊ ကရင်ဒေသ၊ မွန်ဒေသ၊ ရခိုင်ဒေသဟူ၍ လည်းကောင်း သတ်မှတ်ခေါ်ဝေါ် ခဲ့ကြသည်။ ထို့အတူ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းများ မရှိလင့်ကစား ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျ ကျန်ရစ်ခဲ့ကြသော တိုင်းရင်းသားသွေးချင်းများ တည်ရှိရာဒေသများ ကိုပါ ထည့်သွင်းသတ်မှတ် ဆောင်ရွက်ပေးခဲ့ကြောင်း တွေ့ရသည်။ ၄င်းတို့အနက်က ယခု‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်း ပါဝင်ဖွဲ့စည်းထားသော မက်မန်းအပါအဝင် ကောင်းလန်း၊ အေးကျန့်၊ ငှက်ယောင်း၊ ဝိန်းနောင်၊ ရောင်အူ၊ ဆွတ်ပိုး၊ ဝမ်စလောင်း၊ မုလု၊ မန်ဝိန်းစသည့်ဒေသများ ဆိုကြပါစို့၊ နှစ်ပေါင်း(၂၀)ကျော် ဗကပတို့၏ ဖိနှိပ်မှုအောက်တွင် တိုင်းရင်းသားများဆင်းရဲဒုက္ခ မျိုးစုံခံ၍ နေခဲ့ကြရသောဒေသဖြစ်သည်။ ထိုဒေသများဖွံ့ဖြိုးတိုးတက်စေရန်အတွက် မော်ဖဒေသ ဟု သတ်မှတ်ပေးကာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ ထို့နည်းတူစွာ တနင်္သာရီဒေသ၊ ချင်းဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက နာဂဒေသ၊ တမူးမြို့နယ်အပါအဝင် ထပ်မံ၍ ကျေးရွာ သစ်များတည်ထားပေးသည့် ဆရာစံကျေးရွာ၊ ဗန္ဓုလကျေးရွာ၊ ဦးအောင်ဇေယျကျေးရွာများ ပါဝင်သည့်ဒေသကို ကဘော်ချိုင့်ဝှမ်းဒေသဟူ၍လည်းကောင်း သတ်မှတ်ခေါ်ဝေါ်ခဲ့ကြရာ စုစုပေါင်းဒေသ(၁၈)ခုဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပေသည်။

ထိုဒေသများဖွံ့ဖြိုးတိုးတက်စေရန်အတွက် မော်ဖဒေသဟု သတ်မှတ်ပေးကာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ ထို့နည်းတူစွာ တနင်္သာရီဒေသ၊ ချင်းဒေသ၊ စစ်ကိုင်း တိုင်းဒေသကြီးအတွင်းက နာဂဒေသ၊ တမူးမြို့နယ်အပါအဝင် ထပ်မံ၍ ကျေးရွာ သစ်များတည်ထားပေးသည့် ဆရာစံ ကျေးရွာ၊ ဗန္ဓုလကျေးရွာ၊ ဦးအောင်ဇေယျကျေးရွာများ ပါဝင်သည့်ဒေသကို ကဘော်ချိုင့်ဝှမ်းဒေသဟူ၍လည်းကောင်း သတ်မှတ်ခေါ်ဝေါ်ခဲ့ကြရာ စုစုပေါင်းဒေသ(၁၈)ခုဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပေသည်။

၁၉၈၉ ခုနှစ်မှ ၁၉၉၂ခုနှစ်အထိ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရ၏ အုပ်ချုပ်မှု ယန္တရားရပ်ဆိုင်းသွားပြီးနောက် နိုင်ငံတော် ကောင်စီရုံး၊ ပြည်သူ့လွှတ်တော်ရုံးတို့မှ ခေါ်ယူ တွဲဖက်ထားသည့် ဝန်ထမ်း ၆၄ ဦးကို အမာခံထား၍ ဆောင်ရွက်ခဲ့ကြရသည်။ ၂၀-၃-၉၂ ရက်နေ့တွင် နတလလုပ်ငန်းကော်မတီရုံးကို အင်အား ၂၀၇ ဦးဖြင့် ဖွဲ့စည်းပေးခဲ့သည်။ ၂၄-၉-၉၂ ရက်နေ့တွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကိုလည်းကောင်း၊ ၃၀-၁-၉၄ ရက်နေ့တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကိုလည်းကောင်း အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ မိမိတို့သည်ပင်လျှင် လုပ်ငန်းကော်မတီရုံး ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်ခဲ့ရာမှ ၂၅-၁၀-၉၅ ရက်နေ့တွင် မှသာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ဖွဲ့စည်းခွင့်ရခဲ့ခြင်းဖြစ်ပါသည်။

အထက်တွင် ဆိုခဲ့သည့်အတိုင်း နယ်စပ်ဦးစီး(နတလ)က နယ်စပ်ဒေသအစွန်အဖျား ဒေသများတွင် လမ်း/တံတား၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ ရေ/မီးလုပ်ငန်း အစရှိသည့် များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးပြီးနောက် စည်ပင်သာယာရေးဦးစီးဌာနက မြို့ပြ စည်ပင်သာယာရေးလုပ်ငန်းများ လိုက်လံအကောင်အထည်ဖော်ပေးနိုင်ရန်အလို့ငှာ နယ်စပ် / စည်ပင်ဝန်ကြီးဌာနကို ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။ သို့သော်ငြားလည်း ၂၀၁၁ခုနှစ် ဒီမိုကရေစီ နည်းလမ်းအရ ရွေးကောက်ခံအစိုးရ တက်လာသောအချိန်တွင်မူ စည်ပင်သာယာရေးအဖွဲ့အားလုံး ကို သက်ဆိုင်ရာပြည်နယ်အစိုးရ၊ တိုင်းဒေသကြီးအစိုးရများ၏ ကွပ်ကဲမှုအောက်သို့ လွှဲပြောင်း ပေးခဲ့ပြီး နယ်စပ်/စည်ပင် ဝန်ကြီးဌာနကိုလည်း ၃၀-၃-၂၀၁၁ရက်နေ့မှစ၍ နယ်စပ်ရေးရာဝန်ကြီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းပေးခဲ့သည်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် လည်းကောင်း၊ ထိုမှ နယ်စပ်/စည်ပင်ဝန်ကြီးဌာန ဝန်ကြီးအဖြစ်လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်သင့်က စတင်တာဝန်ယူထမ်းဆောင်ခဲ့ပြီးနောက် ဗိုလ်မှူးကြီးသိန်းညွန့်၊ ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ နှင့် ယခုလက်ရှိ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်တို့က ပြည်ထောင်စုဝန်ကြီးများအဖြစ် အဆင့်ဆင့်ပြောင်းလဲ ထမ်းဆောင်ခဲ့ကြသည်။ ဦးစီးဌာနများအနေဖြင့်လည်း ယခုအခါ နတလဦးစီးဌာနနှင့် ပညာရေး နှင့်လေ့ကျင့်ရေးဦးစီးဌာနဟူ၍ (၂)ခုဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

မှတ်မှတ်ရရတစ်ခုအနေဖြင့် ပြောပါဆိုလျှင် နတလလုပ်ငန်းကော်မတီမဖွဲ့မီ တွဲဖက် ဝန်ထမ်းများဘဝကတည်းက ၁၉၈၉ ခုနှစ်မှ ယနေ့အချိန်အထိ တာဝန်ထမ်းဆောင်နေသူ ခြောက်ဦးသာ ကျန်ရှိတော့ပြီး ကျန်ဝန်ထမ်းများမှာ သက်ပြည့် ပင်စင်ဖြင့် အငြိမ်းစားယူသူကယူ၊ အချို့က ကွယ်လွန်ဟူသော အကြောင်းအမျိုးမျိုးဖြင့် လျော့ပါးသွားကြပြီဖြစ်သည်။ နတလတွင် ကျန်ရှိနေသူတို့ကတော့ ဒုတိယညွှန်ကြားရေးမှူးများဖြစ်ကြသော ဒေါ်ဝင်းမြင့်၊ ဒေါ်နော်မေရီစိန်၊ ဒေါ်ကြည်ကြည်ငွေ တို့ဖြစ်ကြပြီး ပညာ/လေ့ကျင့်ရေး ဦးစီးဌာနဘက်တွင် ဒုတိယညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဒေါ်ခင်မြကြီး၊ ဒေါ်ခင်သန်းလွင်၊ ဒေါ်ခင်မာချိုတို့ဖြစ်ကြပါသည်။ နတလလုပ်ငန်းများနှင့် ပတ်သက်၍ နောက်ထပ်အမှတ်ရစရာ တစ်ခုရှိနေပါသေးသည်။ စာရေးသူ ကျွန်တော် ၂၀၁၁ ခုနှစ်အတွက် ပန်းဝတ်မှုန်ထုံကာသင်းလို့ရယ်နှင့် အခြားဆောင်းပါးများစာမူဖြင့် စာပေဗိမာန်စာမူ (စာပဒေသာ) ဒုတိယဆုရရှိခဲ့သော စာအုပ်မှ အဓိကဇာတ်ကောင်များ ဖြစ်ကြသော ကိုးကန့်ဒေသ၊ လောက်ကိုင်နှင့် “ဝ”ဒေသ ပန်ဆန်း၊ ဝိန်းကောင်၊ မိုင်းမောဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် နတလအမျိုးသမီးဝန်ထမ်း ရှစ်ဦး တို့နှင့်ပတ်သက်၍ ဖြစ်ပါသည်။ ထိုအထဲမှ တစ်ဦးသည် ပညာရေးဝန်ကြီး ဌာနသို့ ပြောင်းရွှေ့သွားပြီး ဒေါက်တာ တို့တို့ဝင်းကြည်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ အခြားတစ်ဦးမှာ နေပြည်တော် စည်ပင်သို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဘေဘီစန်း ဖြစ်ပါသည်။ ကျန် ခြောက်ဦးမှာ နတလဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးများဖြစ်ကြသော ဒေါ်ခင်နီလာဝင်း၊ ဒေါ်ချိုချို၊ ဒေါ်ဥမ္မာအောင်၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သန်းလွင်နှင့် ဒေါ်ယဉ်ယဉ်စိန် ဦးစီးအရာရှိ ဒေါ်သိန်းသိန်းရီတို့ဖြစ်ကြသည်။

၁၉၉၂-၁၉၉၃ ခုနှစ်များတွင် သူတို့ကိုယ်တိုင် ဆန္ဒပြု၍ (၄)လတန်သည်၊ (၅)လတန်သည် ဖြင့် လမ်းပန်းဆက်သွယ်ရေး မကောင်းသေးသော ထိုဒေသများ၌ သွားရောက်တာဝန်ထမ်းဆောင် ခဲ့ကြခြင်းဖြစ်သည်။ သူတို့ ရှစ်ဦးနှင့်အတူ ပါဝင်ထမ်းဆောင်ခဲ့ကြသည့် ဒေါ်တင်တင်အောင်၊ ဒေါ်စန်းစန်းနွဲ့၊ ဒေါ်သန်းသန်းညွန့်၊ ဒေါ်နုနုကြည်၊ ဒေါ်နွယ်နွယ်နီ၊ မတင်တင်ထွေး၊ မဇာလီမော်တို့မှာမူ ဝန်ထမ်းဘဝမှ အနားယူသွားကြပြီဖြစ်သည်။ ကျွန်တော်က ၁၉၉၅ ခုနှစ်ထဲတွင်မှ နတလသို့ ကူးပြောင်းရောက်ရှိ တာဝန်ထမ်းဆောင်ခြင်းဖြစ်ရာ ကျွန်တော့်ရှေ့တွင် စီနီယာပေါင်းများစွာ ရှိနှင့်ပြီး ဖြစ်သည်။ မှတ်မိသမျှ ဗိုလ်မှူး ဌေးမြင့်၊ ဗိုလ်မှူးခင်လတ်၊ ဗိုလ်မှူး တင်လတ်၊ ဗိုလ်မှူး သန်းထူး၊ ဗိုလ်မှူး မောင်မောင်တင်၊ ဗိုလ်မှူး စိုးအောင်၊ ဒုတိယ ဗိုလ်မှူးကြီး သန်းဌေး၊ ဗိုလ်မှူး အုန်းခင်၊ ဗိုလ်ကြီး ထွန်းအောင်ကျော်၊ ဗိုလ်ကြီး စိန်လင်း၊ ဦးညီညီ၊ ဦးအေးလွင်၊ ဗိုလ်ကြီးကျော်ဝင်းတို့သည် လည်းကောင်း၊ သူတို့နောက် ထပ်မံရောက်ရှိလာသည့် ဗိုလ်မှူး မိုးမြင့်အေး၊ ဗိုလ်မှူး စိုးသန်း၊ ဒုတိယဗိုလ်မှူးကြီး ညီဖြူ၊ ဒုတိယ ဗိုလ်မှူးကြီး အောင်စိုး၊ ဗိုလ်မှူး တင်ဖေ၊ ဗိုလ်မှူး ဉာဏ်လင်းမြင့်၊ ဗိုလ်မှူး တင်မောင်အေး၊ ဗိုလ်ကြီးအောင်ကျော်လှတို့သည် လည်းကောင်း၊ အစောပိုင်းကာလ နတလဝန်ထမ်းများဖြစ်ကြသည်။ ထိုအထဲက တစ်ယောက်ဖြစ်သည့် ဗိုလ်မှူးစိုးသန်း နှင့်အတူ လိုက်ပါ၍ ကျွန်တော်သည် ကိုးကန့်ဒေသ၊ လောက်ကိုင် (ခေါ်) မာလီပါလွင်ပြင်သို့ ၁၉၉၅ ခုနှစ်တွင် စတင်ရောက်ရှိခဲ့ခြင်း ဖြစ်၏။ နောင်တော်ကြီး ကိုစိုးသန်းသည်ကား ယခုနှစ်ဆန်းပိုင်း၌ ကွယ်လွန်သွားခဲ့ပေပြီ။ ။

(ဆက်လက်ဖော်ပြပါမည်)

နေပြည်တော် တိုင်းရင်းဆေးရုံကြီး ခုတင် ၁၀၀ တွင် တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ်ပညာပေးဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၆

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာန ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီး (နေပြည်တော်) တွင် တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးဆွေးနွေးခြင်းကို ယနေ့ နံနက် ၉ နာရီက တိုင်းရင်းဆေးရုံကြီး၏ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။**(ယာပုံ)**

အခမ်းအနားတွင် သဘာပတိ တိုင်းရင်းဆေးရုံ အငြိမ်းစားဆေးရုံအုပ်ဦးစိုးဝင်းက အမှာစကားပြောကြားပြီး ဆွေးနွေးပွဲတွင် အဖောရောဂါအကြောင်းအရာကို ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီးမှ ဒု-တိုင်းရင်းဆေးမှူး ဒေါ်ချိုချိုအေးနှင့် ဒေါ်အေးနှင်းနွယ်တို့က ရှင်းလင်းပြောကြားရာ တက်ရောက်လာသူများက သိရှိလိုသည်များကို အပြန်အလှန်ဆွေးနွေးကြသည်။

ယနေ့ပြုလုပ်သည့် တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ်ဆွေးနွေးခြင်း CTME အခမ်းအနားသို့ တိုင်းရင်းဆေးပညာ ဦးစီးဌာန(ရုံးချုပ်)မှတာဝန်ရှိသူများ၊ နေပြည်တော် တိုင်းဦးစီးမှူးရုံး လက်အောက်ရှိ မြို့နယ်ဆေးကုဌာနများမှ ဝန်ထမ်းများ ခုတင် ၁၀၀ တိုင်းရင်းဆေးရုံမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကာ တိုင်းရင်းဆေးရုံကြီး ခုတင် ၁၀၀ အနေဖြင့် တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ဆွေးနွေးခြင်းကို လစဉ်ပုံမှန်တတိယပတ်တွင် ကျင်းပခြင်းဖြစ်ပြီး နယ်မြေများသို့ ကွင်းဆင်း၍ အခမဲ့ဆေးကုသခြင်းကိုလည်း တစ်လတစ်ကြိမ် ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် စက်တင်ဘာ ၁၆

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၂ ဒသမ ၆၈ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ မော်ဘီမြို့တွင် ၁ ဒသမ ၂၂ လက်မ၊ ခရမ်းမြို့တွင် ၁ ဒသမ ၁၄ လက်မနှင့် ကော့ကရိတ်မြို့တွင် ၁ ဒသမ ဝ၆ လက်မတို့ ဖြစ်ကြသည်။

(မိုး/ဇလ)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ နဝမအစည်းအဝေးမှ ဆုံးဖြတ်ချက်အပိုဒ်(က)ကို အကောင်အထည်ဖော်နိုင်ရေး မွန်ပြည်နယ်သံဃနာယကအဖွဲ့၏ ဩဝါဒခံယူပွဲ အခမ်းအနားကျင်းပ

မော်လမြိုင် စက်တင်ဘာ ၁၆

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဓမ္မသဘုရားကျောင်း(ခ) ဓမ္မသကျောင်းသစ်မြေနှင့် ဓမ္မသကျောင်းဟောင်းမြေ သတ်မှတ်တိုင်းတာရေး၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ နဝမအစည်းအဝေးမှ ဆုံးဖြတ်ချက်အပိုဒ်(က)ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပြည်နယ်သံဃနာယကအဖွဲ့၏ ဩဝါဒခံယူပွဲအခမ်းအနားကို စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲက အဘယသုတာရာမစာသင်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး အကျိုးတော်ဆောင်ဆရာတော်၊ ပြည်နယ်သံဃနာယကအဖွဲ့ အဘယသုတာရာမစာသင်တိုက်၏ ဦးစီးပဓာနနာယက (ဂန္ထဝါစကပဏ္ဍိတ) ဘဒ္ဒန္တသာသနက အဖွင့်ဩဝါဒကထာ မိန့်ကြားသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဆုံးဖြတ်ချက်(က)ကို အကောင်အထည်ဖော်နိုင်ရန်အတွက် အထွေထွေညှိနှိုင်းဆွေးနွေးကြရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆုံးဖြတ်ချက်(က)ကို ပြီးပြတ်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပါရန်၊ ဓမ္မသဘုရားကျောင်း (ခ) ဓမ္မသကျောင်းသစ်မြေနှင့် ဓမ္မသကျောင်းဟောင်းမြေ တိုင်းတာရေးနှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ပေးအပ်ထားသည့် လူမှုရေးဝန်ကြီး ဦးဆောင်သောအဖွဲ့က လုံလောက်သော လုံခြုံရေးအင်အားရယူ၍ ဆောင်ရွက်ရန်၊ မွန်ပြည်နယ်အတွင်း သာသနာရေးဆိုင်ရာ၊ ဝိနိစ္ဆယမှုခင်းများကို ပြီးပြတ်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ကြန့်ကြာမှုမရှိစေဘဲ သံဃာ့အဖွဲ့အစည်း၊ ဒေသအာဏာပိုင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သာသနာရေးဌာနတို့မှ စနစ်တကျ ပူးပေါင်းဆောင်ရွက်ကြပါရန်၊ ပြည်နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒအရ လူမှုရေးဝန်ကြီး ဦးဆောင်သောအဖွဲ့က ဩဝါဒအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း ဆုံးဖြတ်တော်မူကြသည်။

ထို့နောက် အကျိုးတော်ဆောင်ဆရာတော်၊ ပြည်နယ်သံဃနာယကအဖွဲ့ အဘယသုတာရာမ စာသင်တိုက်၏ ဦးစီးပဓာနနာယက (ဂန္ထဝါစကပဏ္ဍိတ) ဘဒ္ဒန္တသာသနက နိဂုံးချုပ်ဩဝါဒကထာ မိန့်ကြားပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(ပြည်နယ် ပြန်/ဆက်)

တနင်္သာရီတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ (JMC) တွေ့ဆုံဆွေးနွေးပွဲ သိန်ခွန်းကျေးရွာ၌ ကျင်းပ

တနင်္သာရီ စက်တင်ဘာ ၁၆

တနင်္သာရီတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ (JMC) ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လင်းအောင်သည် (JMC)ဒုတိယဥက္ကဋ္ဌ(၁) ပဒိုဘီးလယ်၊ အဖွဲ့ဝင် ပဒိုထူးစော၊ အဖွဲ့ဝင် ဦးစရောဝင်း၊ အမှတ်(၃)စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ထွန်းထွန်းဝင်း၊ (JMC)အတွင်းရေးမှူး (၂) ဒုတိယဗိုလ်မှူးကြီး အောင်မျိုးထွန်း တို့နှင့်အတူ တနင်္သာရီတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ (JMC) တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို တနင်္သာရီမြို့နယ် သိန်ခွန်းကျေးရွာအုပ်စု သိန်ခွန်းကျေးရွာ သဒ္ဓမ္မဇောတိကဘုန်းကြီးကျောင်း ဓမ္မာရုံ၌ စက်တင်ဘာ ၁၅ ရက် နံနက်က ကျင်းပခဲ့ကြောင်း သိရသည်။ **(အပေါ်ယာပုံ)**

ရှေးဦးစွာ(JMC)ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လင်းအောင်က တနင်္သာရီမြို့နယ်အတွင်း၌ လက်နက်ကိုင်အဖွဲ့ဝင်အချင်းချင်း အပစ်အခတ်ရပ်စဲထားပြီးဖြစ်၍ ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး ကောင်းမွန်လာပြီဖြစ်ကြောင်း၊ ယင်းကဲ့သို့အခြေအနေများရရှိရန် ငြိမ်းချမ်းရေးသည် အဓိကဖြစ်ကြောင်း၊ ယခင်က တပ်မတော်နှင့် KNU ညီအစ်ကိုအချင်းချင်း ပစ်ခတ်မှုများရှိခဲ့ပြီး ယခုအချိန်တွင် လုံးဝမရှိတော့ကြောင်း ပြီးဆုံးသွားပြီဖြစ်၍ ငြိမ်းချမ်းနေပြီဖြစ်ကြောင်း၊ ယင်းငြိမ်းချမ်းရေးကို ထာဝရငြိမ်းချမ်းရေးအဖြစ် ထိန်းသိမ်းကြရန် လိုမည်ဖြစ်ကြောင်း နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ (JMC)ဒုဥက္ကဋ္ဌ (၁) ပဒိုဘီးလယ်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်ပါ အချက်အလက်များကို ရှင်းလင်းပြောကြားပြီး (JMC)အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး အောင်မျိုးထွန်းက အပစ်အခတ်ရပ်စဲရေးဆိုင်ရာ စစ်ဘက်ကျင့်ဝတ်များကို လည်းကောင်း၊ (JMC) အဖွဲ့ဝင် ဦးစရောဝင်းက အရပ်သားများအား ကာကွယ်ရေးဆိုင်ရာများကို လည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား ကြက်ဥ အလုံး ၅၀၀ နှင့် အစားအသောက်များ၊ ပညာပေး လက်ကမ်းစာစောင်များ၊ ဖြန့်ဝေပေးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

ထို့အပြင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် အဖွဲ့သည် အဆိုပါဘုန်းကြီးကျောင်းဝင်း ဓမ္မာရုံအတွင်း အမှတ်(၅) ခုတင် ၁၀၀ တပ်မတော်ဆေးရုံနှင့် အမှတ်(၁၃) စစ်မြေပြင်ဆေးတပ်ရင်း၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဗိုလ်ကြီးအောင်မင်း ဦးစီးအဖွဲ့က ဒေသခံပြည်သူများအား ဆေးကုသပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တနင်္သာရီမြို့နယ် (KNU) ငြိမ်းချမ်းရေးအဖွဲ့ အတွင်းရေးမှူး ပဒိုထီးဝါး ဦးစီးသော အဖွဲ့ဝင် ၁၅ ဦး၊ ချောင်းလမုကျေးရွာ ပြည်သူ့စစ်အဖွဲ့မှ ဦးစိုးငယ် ဦးစီး၍သော အဖွဲ့ဝင် ခုနစ်ဦး၊ သိန်ခွန်းကျေးရွာ အုပ်စုအတွင်းမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံ ကရင်တိုင်းရင်းသားများ၊ သိန်ခွန်းကျေးရွာ ပြည်သူများ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

သတင်းနှင့်ဓာတ်ပုံ-နန်းသာရီ-ထိန်ဝင်း
(ပြန်/ဆက်)

မြန်မာ-ထိုင်း-လာအို သုံးနိုင်ငံ နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်များ တရားမဝင် ဝင်ရောက်သွားလာမှုမရှိစေရေး ကြပ်မတ်စိစစ်သွားမည်

တာချီလိတ် စက်တင်ဘာ ၁၆

လူကုန်ကူးမှုကြိုတင်ကာကွယ်နိုင်ရေး လုပ်ငန်းတစ်ရပ်အနေဖြင့် မြန်မာ-ထိုင်း-လာအို သုံးနိုင်ငံ နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်များမှတစ်ဆင့် သွားလာမှုများတွင် တရားမဝင် ဝင်ရောက်သွားလာမှု မရှိစေရေး ကြပ်မတ်စိစစ်ဆောင်ရွက်သွားရန် သဘောတူဆုံးဖြတ်ခဲ့ကြောင်း ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် Wang Come Hotel Moragod အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၅ ရက်က ကျင်းပသော မြန်မာ-ထိုင်း (၁၁) ကြိမ်မြောက် နယ်စပ်လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးမှ သိရသည်။

အစည်းအဝေးတွင် ချင်းရိုင်ခရိုင် ခရိုင်ဦးစီးမှူး Mr. Narongsak Ohsotnaagon က အမှာစကားပြောကြားပြီး တက်ရောက်လာသည့် သုံးနိုင်ငံကိုယ်စားလှယ်များက တစ်ဦးချင်းမိတ်ဆက်ကာ ၂၀၁၇ ခုနှစ်အတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ နိုင်ငံအလိုက် ပူးပေါင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

အစည်းအဝေးတွင် သုံးနိုင်ငံကိုယ်စားလှယ်များက မြန်မာ-ထိုင်း-လာအို သုံးနိုင်ငံဝင်ပေါက်၊ ထွက်ပေါက်များမှတစ်ဆင့် သွားလာမှုများတွင် တရားမဝင် ဝင်ရောက်သွားလာမှုမရှိစေရေး ကြပ်မတ်စိစစ်ဆောင်ရွက်သွားရန်၊ လူကုန်ကူးမှုနှင့် ပတ်သက်၍ သတင်းအချက်အလက်ရရှိမှုအပေါ် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ပေးပို့အကြောင်းကြားသွားရန်၊ သုံးနိုင်ငံနယ်စပ်ဒေသများရှိ တိုင်းရင်းသားပြည်သူများကို လူကုန်ကူးမှု ပညာပေးဆောင်ရွက်မှုများ တိုးမြှင့်သွားရန်၊ လူကုန်ကူးမှု တရားခံများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန်၊ အလုပ်သမားဥပဒေသစ်နှင့် ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများတွင် အသိပညာပေးမှုများ၊ သတင်းအချက်အလက်များ ဖြန့်ဝေသွားရန် စသည့် အချက်ငါးချက်ကို သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ နယ်စပ်လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဥက္ကဋ္ဌ တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ထိန်ဝင်း ဦးစီးသော မြန်မာကိုယ်စားလှယ် ၁၅ ဦး၊ ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင်မှ ခရိုင်ဦးစီးမှူး Mr.Narongsak Ohsotnaagon ဦးစီးသော ကိုယ်စားလှယ် ၃၈ ဦး၊ ထိုင်းနိုင်ငံ၏ ဖိတ်ကြားချက်အရ လေ့လာသူအဖြစ် လာအိုနိုင်ငံမှ ဗိုလ်ကြီး သူရိစဲန်အာဒီ ဦးစီးသော ကိုယ်စားလှယ် ၁၃ ဦးနှင့် Japan International Cooperation Agency မှ Mr.Tetsuro Oda နှင့်အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင်းအတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြင့်မိုရ် (တာချီလိတ်)

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးမြို့နယ် ဘုရားကြီးရဲစခန်းမှ စခန်းမှူး ရဲအုပ်ကျော်ဇောလင်းနှင့် တပ်ဖွဲ့ဝင်များသည် ဘုရားကြီးမြို့ရှိ မဟာဝိဇယရံသီ စေတီတော်မြတ်ကြီးအတွင်းနှင့် ပတ်ဝန်းကျင်ကို စုပေါင်းသန့်ရှင်းရေး စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ဆောင်ရွက်ကြစဉ်
သန့်စင် (ပဲခူး)

ပင်လယ်ငါးဖမ်းရာသီရောက်ပြီဖြစ်သော်လည်း လုပ်ငန်းရှင်တို့ လုပ်သားအခက်အခဲတွေ့ကြုံနေရ

ဖျာပုံ စက်တင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖျာပုံမြို့နယ်နှင့် ဘိုကလေးမြို့နယ်တို့သည် ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းများဖြစ်သည့် အင်္ဂလန်ကျား၊ ဘုံကျောင်း၊ မျောပိုက်နှင့် စိန်ပိုက်လုပ်ငန်းလုပ်ကိုင်သူများရှိရာ ၂၀၁၆-၂၀၁၇ ငါးဖမ်းရာသီတွင် ငါးလုပ်ငန်းဦးစီးဌာန၏ညွှန်ကြားချက်အရ မေ၊ ဇွန်နှင့် ဇူလိုင်လများတွင် ငါးဖမ်းရေယာဉ်များ ၇၀ ရာခိုင်နှုန်း ရပ်နားခဲ့ရသည့်အတွက် စီးပွားရေးတွက်ခြေမကိုက်ကြောင်း ရေလုပ်ငန်းရှင်များထံမှ သိရသည်။

ငါးဖမ်းလိုင်စင်သက်တမ်းတိုးဆောင်ရွက်နေခြင်း၊ ရေလုပ်သား ရှာဖွေနေခြင်းတို့အတွက် ဖျာပုံမြစ်အတွင်း ငါးဖမ်းစက်လှေများ ကျောက်ချရပ်နားထားစဉ်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် စက်တင်ဘာ ၁ ရက်မှ လာမည့်ဩဂုတ် ၃၁ ရက်အထိ ငါးဖမ်းရာသီစတင်နေပြီဖြစ်၍ ဖျာပုံမြို့နယ်နှင့် ဘိုကလေးမြို့နယ်တို့မှ ငါးဖမ်းထွက်မည့်စက်လှေများ အခြေအနေ သိရှိနိုင်ရန် စက်တင်ဘာ ၁၄ ရက် နံနက်က ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်မောင်မောင်နှင့် တွေ့ဆုံရာ ယခင်နှစ်က ငါးဖမ်းရေယာဉ် ဖျာပုံမှ ၃၆၉ စင်း၊ ဘိုကလေးမှ ၂၆ စင်း စုစုပေါင်း ၃၉၅ စင်းကို ဖမ်းဆီးခွင့်ပြုခဲ့ကြောင်း၊ ယခုနှစ် သက်တမ်းတိုး ဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ အချို့ငါးဖမ်းရေယာဉ်များ ငါးဖမ်းထွက်နေကြပြီဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်က မေ၊ ဇွန်နှင့် ဇူလိုင်လများတွင် ငါးဖမ်းခွင့်အစင်းရေ ကန့်သတ်မှုနှင့် တစ်နှစ်ထက်တစ်နှစ် ငါးသယံဇာတရှားပါးလာမှုတို့ကြောင့် ရေလုပ်ငန်းရှင်များ ဝင်ငွေနည်းခဲ့နိုင်ကြောင်း သုံးသပ်ပြောကြားသည်။

ငါးဖမ်းစက်လှေပိုင်ရှင်တစ်ဦးက ငါးဖမ်းခွင့်လိုင်စင် သက်တမ်းတိုးပြီးသော်လည်း လုပ်သားအခက်အခဲဖြစ်နေကြောင်း၊ လုပ်သားတစ်ဦးကို ကြိုတင်ငွေကျပ်ငါးသိန်းမှ ငွေကျပ်ရှစ်သိန်းအထိပေးရကြောင်း၊ ကြိုတင်ငွေယူပြီး ငါးဖမ်းစက်လှေထွက်မည့်နေ့ လူရှာမတွေ့တော့သည်များရှိသလို အလုပ်မလုပ်၍ ကြိုတင်ငွေပြန်လည်ရရှိရေး တရားစွဲရသည်များလည်းရှိကြောင်း ပြောသည်။

ပင်လယ်ပြင်၌ စက်လှေဖြင့်ငါးဖမ်းထွက်ရာတွင် ဦးစီး (လုပ်သား)တစ်ဦးကို တစ်လငွေကျပ်ငါးသိန်းခန့် ပေးရပြီး ငါးဖမ်းဆီးရောင်းချမှုမှ သတ်မှတ်ရာခိုင်နှုန်းကိုလည်း ဦးစီးအားပေးရသည့်အတွက် ငါးဖမ်းစက်လှေပိုင်ရှင်များအနေဖြင့် ဦးစီးကောင်းရရှိရေးကိုလည်း ရိုးရိုးလုပ်သားရရှိရေးထက် ဦးစားပေးဆောင်ရွက်နေရကြောင်း သိရသည်။

အောင်ဝင်း(ဖျာပုံ)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်ပထွက်ခွာမည့် ခရီးသည်ထံမှ ငွေကျပ်သိန်းတစ်ထောင်ကျော်တန်ဖိုးရှိ နိုင်ငံခြားငွေများ ထပ်မံသိမ်းဆည်းရမိ

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထိုင်းနိုင်ငံ ဒွန်းမောင်းလေဆိပ်သို့ ထွက်ခွာမည့် ခရီးသည်တစ်ဦးထံမှ ငွေကျပ် ၁၀၉၇၄၆၀၀၀ တန်ဖိုးရှိသည့် အိန္ဒိယနိုင်ငံသုံး ရူပီးငွေများနှင့် ထိုင်းနိုင်ငံသုံး ဘတ်ငွေများ စက်တင်ဘာ ၁၅ ရက် ည ၉ နာရီက သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal-1 ပြည်ပထွက်ခွာအတွင်း Main X-Ray စက်တွင် စက်တင်ဘာ ၁၅ ရက်က ထိုင်းနိုင်ငံ ဒွန်းမောင်းလေဆိပ်သို့ Thai Lion လေကြောင်းခရီးစဉ်အမှတ် SL 207 ဖြင့် လိုက်ပါမည့် မြန်မာနိုင်ငံသား ခရီးသည် ပုဇွန်တောင်မြို့နယ် (၂)ရပ်ကွက်နေ လာလူး(ခ)ထွန်းအောင် (၃၇ နှစ်)၏ ခရီးဆောင်အိတ်နှစ်လုံးအား X-Ray စက်ဖြတ်သန်းစဉ် ငွေစက္ကူပုံရိပ်များ တွေ့ရှိရသဖြင့် လေဆိပ်အကောက်ခွန်အဖွဲ့ပါ ပူးပေါင်းအဖွဲ့တို့က အဆိုပါခရီးသည် လာလူး(ခ)ထွန်းအောင်ကို လေကြောင်းရဲတပ်ဖွဲ့ခွဲ၊ ခွဲ(၁)ရုံးသို့ ခေါ်ဆောင်၍ ခရီးဆောင်အိတ်နှစ်လုံးကို ဖွင့်ဖောက်စစ်ဆေးခဲ့ရာ အိတ်အတွင်းမှ အိန္ဒိယနိုင်ငံသုံး ရူပီးငွေ ၂၀၀၀ တန် အရွက် ၁၀၀ ပါ အထုပ် ၂၆ ထုပ် စုစုပေါင်း ရူပီးငွေ ၅၂ သိန်း၊ ကာလပေါက်စျေးငွေကျပ် ၁၀၉၂၀၀၀၀၀ နှင့် ထိုင်းနိုင်ငံသုံး ဘတ်ငွေ ၁၀၀၀ တန် ၁၄ ရွက် စုစုပေါင်း ဘတ်ငွေ ၁၄၀၀၀ ၊ ကာလပေါက်စျေး

လာလူး(ခ)ထွန်းအောင်

ငွေကျပ် ၅၄၆၀၀၀ တန်ဖိုးရှိ စုစုပေါင်း ငွေကျပ် ၁၀၉၇၄၆၀၀၀ တန်ဖိုးရှိ နိုင်ငံခြားငွေစက္ကူများရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထိုသို့တရားမဝင်ငွေကြေးများအဖြစ် သိမ်းဆည်းခြင်းမှာ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃၈ ၏ အဓိပ္ပာယ်ဖော်ပြချက်တွင် "မည်သူမျှ နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်တစ်မျိုးမျိုးမရှိဘဲ နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခြင်းမပြုရ"ဟု ဖော်ပြထားသဖြင့် ၎င်းပုဒ်မဖြင့် ငြိစွန်းသဖြင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၄၂ အရ အရေးယူခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံခြားငွေများ သယ်ဆောင်လာသူ လာလူး(ခ)ထွန်းအောင်အား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ သိရသည်။

သတင်း - ဇင်ဦး(မြန်မာ့အလင်း)
ဓာတ်ပုံ- Yangon Police

အမြန်လမ်း၌ ယာဉ်တိုက်မှုဖြစ်၊ တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

နေပြည်တော် စက်တင်ဘာ ၁၆

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် ၁၉၁/၇ နှင့် ၁၉၂/၀အကြား မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း နိုင်မိုးလတ် မောင်းနှင်လာသော Nissan ယာဉ်မှာ ယနေ့ ညနေ ၅ နာရီ ၄၅ မိနစ်က အရှိန်မထိန်းနိုင်ဘဲ ရှေ့မှ ယာဉ်မောင်း အေးမင်းစိုး မောင်းနှင်နေသော Mark II ယာဉ်အား ဝင်တိုက်မိခဲ့သည်။

ဖြစ်စဉ်ကြောင့် Nissanယာဉ်ပေါ်ပါ နှစ်ဦးမှာ ထိခိုက်မှုမရှိသော်လည်း Mark II ယာဉ်ပေါ်ပါ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့အနက် အမျိုးသမီးတစ်ဦးမှာ ရရှိသောဒဏ်ရာဖြင့် သေဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများနှင့် သေဆုံးသူရုပ်အလောင်း အား ပလွေးအမြန်လမ်းရဲတပ်ဖွဲ့ပိုင်ယာဉ်ဖြင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။ သို့ပါ၍ Nissan ယာဉ်မောင်းအား သက်ဆိုင်ရာက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ညီညီသန်း(နေပြည်တော်)၊ ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့

မိုင်းယန်း၌ ငွေကျပ်သိန်း ၂၄၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

ကျိုင်းတုံ စက်တင်ဘာ ၁၆

မိုင်းယန်းမြို့မှ အထူးဒေသ(၂) မိုင်းဖျန်သို့ အထွက် လုံခြုံရေးဂိတ်တွင် စက်တင်ဘာ ၁၄ ရက်က ငွေကျပ်သိန်း ၂၄၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၀၀ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၄ ရက် နံနက် ၁ နာရီက မိုင်းယန်းရဲတပ်ဖွဲ့မှ ရဲမှူးသိန်းဇော် ဦးစီးသည့် ပူးပေါင်းအဖွဲ့သည် မိုင်းခတ်သို့သွားသည့် မြို့အထွက်တွင် ယာဉ်စည်းကမ်းစစ်ဆေးမှုဆောင်ရွက်နေစဉ် ဆိုင်ကယ်တစ်စီးသည် မြို့တွင်းသို့ ပြန်လှည့်မောင်းနှင်ထွက်ပြေးသွား၍ လိုက်လံဖမ်းဆီးရာ အထူးဒေသ(၂) မိုင်းဖျန်ဘက်အထွက် လုံခြုံရေးဂိတ်တွင် လုံခြုံရေးစစ်သည်များက ဖမ်းဆီးရမိသည်။

အဆိုပါ ဆိုင်ကယ်မောင်းနှင်ထွက်ပြေးသူသည် အထူးဒေသ(၂)မိုင်းပေါက်မြို့ တုံဖကျေးရွာတွင် နေထိုင်သော မောရှည်ဆိုသူဖြစ်ပြီး ၎င်းအား စစ်ဆေးရာ ငွေကျပ်သိန်း ၂၄၀ တန်ဖိုးရှိ စိတ်ကြွ ရူးသွပ်ဆေးပြား ၉၆၀၀ ကို ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မောရှည်ကို မိုင်းယန်းမြို့ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မောင်မောင်နိုင်(ကျိုင်းတုံ)

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာထက် ပိုမိုတင်ဆောင်သည့် ပစ္စည်းများ ဖမ်းမိ

နေပြည်တော် စက်တင်ဘာ ၁၆

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၁၅ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၂၅ စီး၊ သွင်းကုန် ၃၄၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၉ စီး ၊ သွင်းကုန် ၁၅၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၅ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၁၃၀ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၀၁၀ သန်းခန့် စုစုပေါင်း တားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁ ဒသမ ၁၄၀ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၁၅ ရက်က မန္တလေးသို့ သွားရောက်မည့် Canter ခြောက်ဘီးယာဉ်တစ်စီး၊ Nissan ၂၂ ဘီးယာဉ် နှစ်စီး၊ PE ၁၂ ဘီးယာဉ်တစ်စီး၊ Toyota Wish တစ်စီးနှင့် Dyna ခြောက်ဘီးယာဉ်တစ်စီးတို့ကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် Dali Beer (1 × 12)(290)PKgs နှင့် သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည်၊ လူသုံးကုန်နှင့် လျှပ်စစ်ပစ္စည်း ၁၅ မျိုး စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၁၇ ဒသမ ၁၃၀ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီမြို့၌ မူးယစ်ဆေးဝါးဖမ်းဆီးရာမှ TNT ယမ်းထုပ်နှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

မြဝတီ စက်တင်ဘာ ၁၆

ကရင်ပြည်နယ်နယ်စပ် မြဝတီမြို့တွင် နယ်မြေလုံခြုံရေး ဆောင်ရွက်နေစဉ် WY စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ကျော်အပါအဝင် TNT ယမ်းထုပ်နှင့် ခြောက်လုံးပြူးသေနတ် တစ်လက် တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း မြဝတီမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၄ ရက် နံနက်က မြဝတီမြို့ အမှတ်(၃၂)မူးယစ်တပ်ဖွဲ့စုမှ ဒုရဲမှူး မင်းထွဋ်သည် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ မြဝတီမြို့ အမှတ်(၄) ရပ်ကွက် ချစ်ကြည်ရေးလမ်းနေ ရဲထွန်း၏နေအိမ် သစ်သီးဆိုင်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၇ ပြား ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရရှိသော မူးယစ်ဆေးဝါးများနှင့်ပတ်သက်၍ စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြားများမှာ မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ဝါးတောရပ် (၁၁)ဂိတ်အနီး နေထိုင်သူ မအမိန်းထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ဆေးပြား ၂၀၀ ပါ ငါးထုပ်အား တစ်ထုပ်လျှင် ငွေကျပ် ၁၉၀၀၀၀ နှုန်းဖြင့် ဝယ်ယူရောင်းချ၍ ကျန်ရှိသော ဆေးပြားများဖြစ်ကြောင်း ဝန်ခံထွက်ဆိုသဖြင့် မအမိန်းအား သွားရောက်ဖမ်းဆီးခဲ့သည်။

ဆက်လက်၍ မအမိန်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၅ ပြား၊ ယမ်းအလေးချိန် ၈၀ ဂရမ်ခန့်ပါ TNT ယမ်းထုပ် တစ်ထုပ်နှင့် ငွေစက္ကူရေရာ ငွေကျပ် တစ်သိန်းအား တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သည်။

အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်ပတ်သက်၍ မအမိန်းအား စစ်ဆေးမေးမြန်းရာ မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ပြည်သာယာလမ်းနေ ကိုစိုင်းကျော်(ခ) အစိုင်းဆိုသူက လာရောက်ရောင်းချခဲ့ကြောင်း ထွက်ဆို၍ အစိုင်း၏ နေအိမ်အား သွားရောက်ရှာဖွေခဲ့သည်။ အစိုင်းမှာ နေအိမ်တွင်မရှိဘဲ ၎င်း၏ တူတော်သူ ခွန်သိန်းအောင်(ခ)စိုင်းဖိုးအား တွေ့ရှိရပြီး နေအိမ်အတွင်း ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၀၀၀ နှင့် ခြောက်လုံးပြူးသေနတ် တစ်လက်၊ ကိုးလုံးကျည်သုံးတောင့်၊ ပွိုင့်တူးတူးကျည် ၁၃၈ တောင့်၊ စနက်တံပါ လက်ပစ်ဗုံးတစ်လုံးတို့ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းခဲ့သည်။

သို့ဖြစ်၍ မူးယစ်ဆေးဝါးများအား လက်ဝယ်ထားရှိ ဖြန့်ဖြူးရောင်းချသူ ရဲထွန်း၊ မအမိန်းနှင့် ခွန်သိန်းအောင်(ခ) စိုင်းဖိုးတို့အား မြဝတီမြို့ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

တင်ဝင်းလှိုင်(ကော့ကရိတ်)

တပ်ကုန်းမြို့၌ မိုးသည်းထန်မှုကြောင့် သက်တမ်းရင့်ကုက္ကိုပင် ပြိုလဲ

တပ်ကုန်း စက်တင်ဘာ ၁၆

နေပြည်တော် တပ်ကုန်းမြို့တွင် စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီကျော်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဗိုလ်မင်းရောင်ရပ်ကွက်၊ ရန်ကုန်-မန္တလေး ကားလမ်းမကြီးဘေးရှိ နှစ် ၁၀၀ ခန့် သက်တမ်းရှိ ကုက္ကိုပင်ကြီး လဲကျခဲ့ရာ သစ်ပင်ကြီးအနီးရှိ ဒေါ်စန်းစန်းမြင့်နှင့် ဒေါ်အုန်းခင်တို့၏ လေးပင်ပတ်လည်၊ သွပ်မိုး၊ ထရံကာ နေအိမ်နှစ်လုံး ပိမိ၍ ပြိုကျပျက်စီးသွားပြီး ဒေါ်ကြည်၏အိမ်မှာ အနည်းငယ်ပျက်စီးသွားသည်။ ပျက်စီးသွားသော နေအိမ်နှင့် လဲကျကုက္ကိုလ်ပင်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများက စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

တင်ထွန်းတာ(တပ်ကုန်း)

မသင်္ကာသူ ၁၆ ဦးအား ဖမ်းဆီးစစ်ဆေး အမှုဖွင့်အရေးယူ၊ လက်လုပ်မိုင်းဟောင်းတစ်လုံး တွေ့ရှိသိမ်းဆည်း

နေပြည်တော် စက်တင်ဘာ ၁၆

မောင်တောမြို့နယ် နယ်မြေ(၃) ကျီးကျွန်းရဲကင်းစခန်းတာဝန်ကျ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် အလယ်ချောင်းအတိုင်း တောင်ဘက်မှ ကျီးကျွန်းရဲကင်းစခန်းဘက်သို့ လှော်ခတ်လာသည့် လောင်းလှေနှစ်စင်းအား ရပ်တန့်ရန် အော်ဟစ်ဟန့်တားခဲ့ရာ ဆက်လက်လှော်ခတ်နေသဖြင့် လက်နက်ငယ်ဖြင့် ခြောက်လှန့်ပစ်ခတ်ခဲ့၍ တားဆီးစစ်ဆေးခဲ့သည်။

လှေပေါ်ပါသူများကို စစ်ဆေးရာ လက်နက်ငယ်ဖြင့် ခြောက်လှန့်ပစ်ခတ်စဉ် ဦးခေါင်း/ယာပခုံး ကျည်ထိမှန်ဒဏ်ရာဖြင့် သေဆုံးနေသည့် ဂုံနားကျေးရွာနေ ဇာဟတ်တူဆောင်(၅၀ နှစ်)နှင့် ကျွန်းခေါင်းကျေးရွာနေ မာမွတ်ဆလာမ်(ခ) ဆီရူး(၆၀ နှစ်)ပါ အမျိုးသား လေးဦးနှင့်အတူ ဓားရှည်လေးလက်တို့ကို သိမ်းဆည်းရမိသည်။

ကျန်လှေတစ်စင်းပေါ်မှ ကျွန်းခေါင်းကျေးရွာနေ မဆန်နာဝါရာဘေဂွမ် (၄၅ နှစ်) ပါ ၁၂ ဦး (အမျိုးသား တစ်ဦး၊ အမျိုးသမီး သုံးဦး၊ ကလေးငယ် ရှစ်ဦး)တို့အား တွေ့ရှိထိန်းသိမ်း၍ စစ်ဆေးမေးမြန်းရာ နယ်မြေ ၅ လောင်းဒုံမှ ထွက်ပြေးလာခြင်းဖြစ်ပြီး နတ်မြစ်အားဖြတ်၍ ကျီးကျွန်းရဲကင်းစခန်းအနီး အလယ်ချောင်းအတိုင်း ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။



ဖမ်းဆီးရမိသူ ၁၆ ဦးအနက် မာမွတ်ဆလာမ်(ခ)ဆီရူး ပါ ခြောက်ဦးအား စက်တင်ဘာ ၁၅ ရက်တွင် မောင်တောမြို့နယ်တရားရုံး၌ လူဝင်မှုကြီးကြပ်ရေး ဥပဒေပုဒ်မ ၆(၂)/၆(၃)ဖြင့် တရားရုံးဦးတိုက်လျှောက်ထားခဲ့ရာ မြို့နယ်တရားရုံးမှ ရာကြီးအမှတ်(၃၉၃/၂၀၁၇)ဖြင့် လက်ခံစစ်ဆေး၍ ထောင်ဒဏ် နှစ်နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ဂုံနားကျေးရွာနေ ဇာဟတ်တူဆောင်(၅၀ နှစ်)သေဆုံးမှုနှင့် ပတ်သက်၍ စက်တင်ဘာ ၁၁ ရက်တွင် မောင်တောမြို့နယ် တောင်ပြိုယာရဲစခန်း၌ သေမှုသေခင်း အမှတ် ၅/၂၀၁၇ ဖွင့်လှစ် စစ်ဆေးလျက်ရှိသည်။

ကျန်အရွယ်မရောက်သေးသော နူရ်ရာမောက်အာရာဖက် ပါ ရှစ်ဦးအား မောင်တောမြို့မြို့မ(တောင်)ရပ်ကွက်ရှိ ရပ်မိ ရပ်ဖ ဦးပြည်ဝင်းမောင်(ခ)ရော်ဖီး ထံသို့လည်းကောင်း၊ ဇော်မိန်နာရာဘေဂွမ် ပါ နှစ်ဦးအား ၎င်းတို့၏ မိခင်ဖြစ်သူထံသို့လည်းကောင်း အသီးသီးလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် နယ်မြေ ၉ ကျောက်ပန္နူတပ်စခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၅ ရက် ညနေ ၃ နာရီတွင် မောင်တော- အငူမော် ကားလမ်းတစ်လျှောက် နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် ကျောက်ပန္နူရွာကြီးနှင့်ကိုက် ၅၀ ခန့်အကွာ၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများ ထောင်ထားသည့် အရှည်တစ်ပေ၊ ထု ခြောက်လက်မခန့်ရှိ လက်လုပ်မိုင်း(ဟောင်း) တစ်လုံးကို နှစ်ပင်လိမ်ဝိုင်ယာကြိုး ၁၀ ကိုက်ခန့်ဖြင့် သွယ်တန်းလျက်တွေ့ရှိသဖြင့် သက်မဲ့ပြုလုပ်၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မကွေးမြို့၌ စက်ဘီးစီးပြိုင်

မကွေး စက်တင်ဘာ ၁၆

စက်တင်ဘာ ၁၆ ရက်က ကျရောက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် အခြေခံပညာအထက်တန်းကျောင်းလေးကျောင်းမှ ကျောင်းသားလူငယ်များပါဝင်သည့် စက်ဘီးစီးပွဲကို မကွေးမြို့၌ စက်တင်ဘာ ၁၅ ရက် နံနက် ပိုင်းက ကျင်းပခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာအောင်မိုးညိုက အချက်ပေးသံပစ်ဖောက် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

Green Network အဖွဲ့အစည်းမှ စီစဉ်ပေးသော တူညီဝတ်စုံများဝတ်ဆင်ထားသည့် ကျောင်းသားလူငယ်များသည် စက်ဘီးများဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးရုံးရှေ့မှ လမ်းငါးသွယ် အဝိုင်းပတ်အတိုင်း၊ အထက(၁)လမ်း၊ သစ္စာလမ်း၊ ပြည်တော်သာလမ်း၊ ဗိုလ်ချုပ်လမ်းများအတိုင်း စီးနင်းခဲ့ကြပြီး မကွေးခရိုင်အားကစားကွင်းအတွင်း၌ ပန်းဝင်ခဲ့ကြသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အိုဇုန်း လွှာထိန်းသိမ်းရေးကို ပြည်သူများ ထဲထဲ ဝင်ဝင်သိရှိစေရန် စာသင်ကျောင်းများနှင့် ကျေးရွာများတွင် ပညာပေးဟောပြောမှုများ ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ညွှန်ကြားမှုဖြင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာပေါင်း ၄၀၀၀ ကျော်ကို ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေနိုင်ရေး စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇေယျာတု(မကွေး)

ပရီမီယာလိဂ်ပွဲစဉ်(၅) မန်စီးတီးတို့ အဝေးကွင်း၌ ဝက်ဖို့ဒ်ကို ဂိုးဒါဇင်ဝက်သွင်း အနိုင်ယူ

ပရီမီယာလိဂ်ပွဲစဉ်(၅) ပြိုင်ပွဲများကို စက်တင်ဘာ ၁၆ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးတို့ အဝေးကွင်းတွင် ဝက်ဖို့ဒ်ကို ခြောက်ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင် ဝက်ဖို့ဒ်အသင်း ၄-၂-၃-၁ ပုံစံဖြင့် အန်ထရီဂရေ့ကို အထောင်ထားခဲ့သလို မန်စီးတီးသည် ၄-၁-၃-၂ ကစားကွက်ဖြင့် တိုက်စစ်ပိုင်းတွင် ဂျီးဆပ်နှင့် အဂွီရိုတို့ ပွဲထွက်လာသည်။ မန်စီးတီးအတွက် သွင်းဂိုးများကို ပွဲချိန် ၂၇ မိနစ်၊ ၃၁ မိနစ်၊ ၈၁ မိနစ်တွင် အဂွီရိုက ဟက်ထရစ်သွင်းယူခဲ့ပြီး ၃၇ မိနစ်တွင် ဂျီးဆပ်၊ ၆၃ မိနစ်တွင် အော့တာမန်ဒီ၊ ၈၉ မိနစ်တွင် စတာလင်းက ပယ်နယ်တီဂိုး သွင်းယူခဲ့သည်။ နည်းပြ ဂွာဒီရိုလာ၏ မန်စီးတီးအသင်းသည် ရာသီအစတွင် ခြေစွမ်းပုံမှန်မရှိသေးဘဲ လီဗာပူးအသင်းကို ဂိုးပြတ်အနိုင်ယူပြီးနောက် ဥရောပ ချန်ပီယံလိဂ်ပွဲနှင့် ယနေ့ပွဲတွင် ဂိုးပြတ်သွင်းယူနိုင်ခဲ့သည်။ မန်စီးတီးသည် ပွဲစဉ်(၅) အပြီး ရမှတ် ၁၃ မှတ် ရရှိထားပြီး ဝက်ဖို့ဒ်အသင်းသည် ရမှတ် ရှစ်မှတ် ရရှိထားသည်။

အခြားပွဲစဉ်များတွင် ဆောက်သမ်တန်က ပဲလေ့စ်ကို တစ်ဂိုး-ဂိုးမရှိ၊ နယူးကာဆယ်က စတုတ်စီးတီးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဟက်ဒါဖီးလ်နှင့် လက်စတာ၊ လီဗာပူးနှင့် ဘန်လေတို့ပွဲမှာ တစ်ဂိုးစီသရေကျခဲ့ပြီး ဝက်စ်ဘရွန်းနှင့် ဝက်စ်ဟမ်းပွဲမှာ ဂိုးမရှိသရေဖြစ်ခဲ့သည်။

သီဟ

အနှစ် ၄၀ ကျော်က စိန့်ဂျွန်းဈေးနေရာ စီးတီးမောလ်ဖွင့်

ရန်ကုန် စက်တင်ဘာ ၁၆

လွန်ခဲ့သော အနှစ် ၄၀ ကျော်က နာမည်ကြီးခဲ့သော စိန့်ဂျွန်းဈေးနေရာတွင် အထပ်သုံးထပ်ပါ စီးတီးမောလ်ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အဆိုပါစီးတီးမောလ် **(ယာပုံ)** သည် အကျယ်အဝန်းအားဖြင့် စတုရန်းပေပေါင်း ၂၉၀၀၀၀ ရှိပြီး ဆိုင်ခန်းပေါင်း ၉၀ ကျော်ပါဝင်ကြောင်း သိရသည်။

အဓိကအားဖြင့် အဝတ်အထည်များ၊ အစားအသောက်များ၊ ကလေးကစားရန်နေရာများနှင့် နိုင်ငံတကာအဆင့်မီရုပ်ရှင်ရုံကိုပါ ထည့်သွင်းတည်ဆောက်ထားသဖြင့် ပြည်သူများအတွက် ဈေးဝယ်ရင်း စိတ်အပန်းဖြေရာနေရာတစ်ခု ဖြစ်လာမည်ဖြစ်သည်။

လွန်ခဲ့သော အနှစ် ၄၀ ကျော်က စိန့်ဂျွန်းမှတ်တိုင်သည် စိန့်ဂျွန်းဈေးဖြင့် လူစည်ကားရာနေရာဖြစ်ခဲ့ရုံသာမက ရန်ကုန်မြို့သူမြို့သားများ ဈေးဝယ်ထွက်ရန် အားထားစရာနေရာတစ်ခုဖြစ်ခဲ့ပြီး အကြောင်းကြောင်းကြောင့် ပျောက်ကွယ်ခဲ့ရသည်။ ၂၀၁၄ ခုနှစ်မှစ၍ ယူနီဗာဆယ်ကုမ္ပဏီက တာဝန်ယူတည်ဆောက်ပေးခဲ့ပြီး ယခုတစ်ဖန် စီးတီးမောလ်စိန့်ဂျွန်းအမည်ဖြင့် ပြည်သူများ၏ ဈေးဝယ်စင်တာ အပန်းဖြေနေရာတစ်ခု အဖြစ် အသစ်တစ်ဖန် ပြန်လည်ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။

ယင်းစီးတီးမောလ်သည် ရန်ကုန်ပြည်လမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်တွင်တည်ရှိပြီး ခုတင် ၅၀၀ ကျော်ကပ်ရောဂါအထူးကုဆေးရုံကြီးနှင့်လည်း နီးကပ်စွာတည်ရှိကာ လူစည်ကားရာနေရာတစ်ခုလည်း ဖြစ်သည်။

သတင်း-မြင့်မောင်စိုး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



ပျောက်ဆုံးကြောင်း

ဦးရာဇာမိုး (၉/ကပတ(နိုင်)၂၆၀၃၀၅) ၏ နိုင်ငံကူးလက်မှတ်အမှတ် MA 722051 မှာ ခရီးသွားစဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉ ၉၆၃၀ ၂၄၅၃၆

အောင်ပြည့်စုံ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

ကန့်ကွက်နိုင်ပါကြောင်း

သဲကုန်းမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(၃၀)၊ မီးရထားမြို့မြေဦးပိုင်အမှတ်(၁၆၅)မှ မြေဧရိယာ ၀ ဒသမ ၀၇၅ ဧကရှိမြေမှာ ကျွန်မ ဒေါ်ယဉ်အေး (ဘ)ဦးဘိုးမြစ် ၇/သကန(နိုင်)၀၀၄၁၆၄ ပိုင်ဆိုင်သော မြေငှားဂရန်အမည်ပေါက်မြေဖြစ်ပါသည်။ ယခုအခါမြေငှားဂရန်မူရင်းပျောက်ဆုံးနေပြီး မြေငှားဂရန်သက်တမ်းတိုး လျှောက်ထားလိုပါသဖြင့် ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ယဉ်အေး
၇/သကန(နိုင်)၀၀၄၁၆၄

ဖခင်အမည်မှန်

ဖားကန့်မြို့နယ်၊ မော်ဝမ်းလေးကျေးရွာ အမက(မူလွန်)ကျောင်း ဒုတိယတန်းမှ မလပြည့်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးမင်းထိုက်၁/ဆဘတ(နိုင်)၀၀၀၅၇၉ ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
အသိပေးကြေညာချက်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီမှ ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများ၊ ဓာတ်ခွဲယာဉ်များ၊ မော်တော်ယာဉ်များနှင့် မောင်တော်ဆိုင်ကယ်များ၊ ရုံးသုံးပစ္စည်းကိရိယာနှင့် ရုံးသုံးပရိဘောဂများဝယ်ယူရန် အိတ်ဖွင့်တင်ဒါတင်သွင်းထားသောကုမ္ပဏီများအား ၂၀-၉-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ တင်ဒါဖွင့်ဖောက် စိစစ်ရွေးချယ်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ပြည်ကြီးဇေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၃၅၈၆၊ ၀၆၇-၄၀၃၁၇၁

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/8535 CMC VERYCA Pick Up (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးသန်းမြင့်အောင်၁၂/လမတ(နိုင်)၀၂၆၇၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖခင်အမည်မှန်

ဟင်္သာတမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မောင်မိုးဝသုန်ဦး၏ ဖခင်အမည်မှန်မှာ ဦးသန်းဦး ၁၄/ဟသတ(နိုင်) ၁၆၁၅၄၀ ဖြစ်ပါသည်။

ဦးသန်းဦး

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ မြစ်ကျိုး (အထက) အဋ္ဌမတန်း(A)မှ မစုနန္ဒာထွေး မွေးသက္ကရာဇ် ၁၁-၅-၂၀၀၄ ၏ ဖခင်အမည်မှန်မှာ ဦးတောကျော် ၇/ဝမန(နိုင်)၀၂၁၈၅၄ ဖြစ်ပါကြောင်း။

ဦးတောကျော်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၃၃၆၄၄ Feiling 110 ယာဉ်လက်ဝယ်ရှိသူ Yatanar Eik Met Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ မာလာမြိုင် (၃) လမ်း၊ အမှတ်-၂၆၊ ပထမထပ်(ဘီ)ဟု ခေါ်တွင်သော (၁၁ ၃/၄ x ၄၇) ပေရှိ တိုက်ခန်းကို တရားဝင်လက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချသူ ဒေါ်မိုးမိုးဦး (၁၂/လမန (နိုင်) ၀၇၀၀၈၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရံငွေပေးချေပြီးဖြစ်၍ အဆိုပါတိုက်ခန်းတွင် အကျိုးသက်ဆိုင်သူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပြီး၊ ကန့်ကွက်သူမရှိပါက အရောင်း အဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်သစ်သစ်မြင့်အောင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၇၈)
ရုံး-အမှတ်-၁၆၅ (ပထမထပ်)၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09 - 506 1624, 099 7788 3031

မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ မြစ်ကျိုးအထက နဝမတန်း(B)မှ မောင်စန်းငြိမ်းစိုးနှင့် အမက(မူလွန်)ပိုင်းပတ် စတုတ္ထတန်းမှမအိအိချိုတို့၏ မိဘအမည်မှန်မှာ ဦးစိုးနိုင် ၇/ဝမန(နိုင်) ၁၀၀၉၇၀နှင့် မချိုသဲ ၇/ဝမန(နိုင်) ၁၂၃၆၀၅ ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2G/1645 Toyota Landcruiser. HDJ-101,S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးလွင်ဌေး(ခ)ဦးရဲဌေး ၁၂/မရက(နိုင်)၀၀၅၈၀၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်

ခရုသင်း (သမင်ဖြူ)
LEUCODERMA
ခရုသင်း (သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

အမေရိကန်ပြည်ထောင်စု စိန့်လူဝီ၌ ဆန္ဒပြသူများနှင့်ရဲများ ရှန်းရင်းဆန်ခတ်ဖြစ်ပွား

စိန့်လူဝီ စက်တင်ဘာ ၁၆

အမေရိကန်ပြည်ထောင်စု စိန့်လူဝီ၌ စနေနေ့အစောပိုင်းက ဆန္ဒပြဆန့်ကျင်သူများနှင့် ရဲများအကြား ရှန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများနှင့် ရော်ဘာကျည်ဆန်များဖြင့် လူအုပ်အတွင်းသို့ပစ်ခတ်ကာ ထိန်းသိမ်းမှုများ လုပ်ဆောင်ခဲ့ရကြောင်း သိရသည်။ လူဖြူရဲတပ်ဖွဲ့ဝင်ဟောင်းတစ်ဦးက သံသယဖြစ်ဖွယ်လူမည်းတစ်ဦးကို သတ်ဖြတ်မှုတွင် အပြစ်မရှိကြောင်း စီရင်ဆုံးဖြတ်ကာ တရားသေလွှတ်လိုက်ပြီးနောက်တွင် ထိုသို့ဆန္ဒပြမှု များ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

သောကြာနေ့ညကျော်လွန်ချိန်အထိ ငြိမ်းချမ်းစွာစုဝေးချီတက်ဆန္ဒပြနေမှုများသည် ရဲတပ်ဖွဲ့က ဆန္ဒထုတ်ဖော်သည့်လူနည်းစုအဖွဲ့တစ်ဖွဲ့ကို ထိပ်တိုက်ရင်ဆိုင်မှုများ ပြုလုပ်ခဲ့ပြီးသည့်နောက်တွင် ပြင်းထန်သည့် ပဋိပက္ခအသွင်သို့ ပြောင်းလဲသွားခဲ့သည်။

ဇာဂူဆန် ဆင်ခြေဖုံးအနီးတွင် သံသယရှိသည့် လူမည်းတစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ပြီးနောက် သုံးနှစ်အကြာ ပြီးခဲ့သည့်သောကြာနေ့တွင် အဆိုပါရဲတပ်ဖွဲ့ဝင်အား အပြစ်မရှိကြောင်း စီရင်ဆုံးဖြတ်ခဲ့မှုက နိုင်ငံတစ်ဝန်း ဒေါသထွက်မှုနှင့် အချေအတင်ဖြစ်မှုများကို ပေါ်ပေါက်စေခဲ့သည်။ ဆန္ဒပြသူများသည် စာကြည့်တိုက်တစ်ခုနှင့် စားသောက်ဆိုင်နှစ်ဆိုင်တို့၏ ပြတင်းပေါက်များကို ရိုက်ချိုးဖျက်ဆီးခဲ့ကြပြီး ရဲအရာရှိများအား အုတ်ချပ်ခဲများနှင့် ရေသန့်ဘူးများဖြင့် ပစ်ပေါက်ခဲ့ကြရာ ရဲတပ်ဖွဲ့က လူအုပ်ထဲသို့ မျက်ရည်ယိုဗုံးများကို ပစ်သွင်းခဲ့ကြသည်။ ဆန္ဒဖော်ထုတ်သူများသည် စိန့်လူဝီရှိ မြို့တော်ဝန် လိုင်ဒါခရူဆန်၏ နေအိမ်ကိုလည်း ကျောက်တုံးများဖြင့် ပစ်ပေါက်ကာ ဆေးများမှုတ်ခဲ့ကြကြောင်း ရဲတပ်ဖွဲ့ကော်မရှင်နာ လောရင့်စ်အိုတိုလီက ပြောကြားခဲ့သည်။

ရှန်းရင်းဆန်ခတ် ဖြစ်ပွားမှုများအတွင်း မြို့တော်အရာရှိ ကိုးဦးနှင့် ပြည်နယ်ရဲတပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လူ ၂၃ ဦးထက်မနည်းကို ထိန်းသိမ်းဖမ်းဆီးမှုများ ပြုလုပ်ခဲ့ကြောင်း ၎င်းကပြောကြားခဲ့သည်။ မြို့တော်ရဲတပ်ဖွဲ့ဝင်ဟောင်း ဂျက်ဆန်စတော့ကလေသည် ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် လူသတ်သမား အန်တိုနီလာမာစမစ်အား အသေပစ်သတ်ခဲ့ရာ ထိုသို့ပစ်သတ်ခဲ့မှုအတွက် အပြစ်မရှိကြောင်း တရားရုံးက စီရင်ဆုံးဖြတ်ခဲ့သည်။

(ရိုက်တာ)

လန်ဒန်မြေအောက်ရထားဘူတာရုံတွင် ဗုံးခွဲမှုလုပ်ဆောင်ခဲ့သူကို ဗြိတိန်ရဲများ ဖမ်းဆီး

လန်ဒန် စက်တင်ဘာ ၁၆

လန်ဒန်၌ သောကြာနေ့က လူ ၂၉ ဦးကို ထိခိုက်ဒဏ်ရာရရှိစေခဲ့သည့် မြေအောက်ရထားဘူတာရုံ ဗုံးပေါက်ကွဲမှုတွင် သံသယရှိသည့် အသက် ၁၈ နှစ်အရွယ် လူငယ်တစ်ဦးအား ဗုံးခွဲမှု လုပ်ဆောင်ခဲ့ကြောင်း သိသာထင်ရှားသည့်အတွက် ဗြိတိန်ရဲများက ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ယခုနံနက်ပိုင်းက ပြုလုပ်ခဲ့သည့် စုံစမ်းစစ်ဆေးမှုများအတွင်း ဗုံးခွဲမှု ကျူးလွန်ခဲ့သည့် သံသယရှိသူကို ဖမ်းဆီးခဲ့ကြောင်း အကြမ်းဖက်ဆန့်ကျင် တိုက်ဖျက်မှုထိန်းသိမ်းကြပ်မတ်ရေးအဖွဲ့မှ အကြီးတန်းအရာရှိ နီလ်ဘာဆူက ဖော်ပြထားသည်။

အဆိုပါ စုံစမ်းစစ်ဆေးမှုဖြစ်စဉ်ကို အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကျေနပ်အားရမှုရှိသော်လည်း ယခုစုံစမ်းစစ်ဆေးမှုကို ဆက်လက်လုပ်ဆောင်သွားဦးမည်ဖြစ်ပြီး အကြမ်းဖက်မှုဆိုင်ရာခြိမ်းခြောက်မှုအန္တရာယ်များသည် အရေးကြီးသည့်အဆင့်တွင် ရောက်ရှိနေသေးကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဗုံးခွဲမှုလုပ်ဆောင်ခဲ့သူအား တောင်ပိုင်းဆိပ်ကမ်းဧရိယာဖြစ်သည့် ဒိုဗာ၌ အကြမ်းဖက်မှုဆိုင်ရာဥပဒေနှင့်အညီ ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

(ရိုက်တာ)

ဆီးရီးယားနိုင်ငံရှိ ဒါအယ်လ်ဇာတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် အမေရိကန်ကျောထောက်နောက်ခံပေးထားသည့် အရေးပေါ်တပ်ဖွဲ့ကိုထိမှန်

အလက်ပို စက်တင်ဘာ ၁၆

ဆီးရီးယားနိုင်ငံရှိ ဒါအယ်လ်ဇာပြည်နယ်တွင် အမေရိကန်ကျောထောက်နောက်ခံပေးထားသည့် ဆီးရီးယား အရေးပေါ်တပ်ဖွဲ့ကိုပစ်မှတ်ထားသည့် ဆီးရီးယားအစိုးရ၏ လေကြောင်းတိုက်ခိုက်မှုများ စနေနေ့နံနက်အစောပိုင်းတွင်ဖြစ်ပွားခဲ့ကြောင်း အရေးပေါ်တပ်ဖွဲ့မှ အာဏာပိုင်တစ်ဦးက ရိုက်တာသို့ ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါလေကြောင်းတိုက်ခိုက်မှုကြောင့် ကာ့ဒ်မျိုးနွယ်စုနှင့် အာရပ်တပ်ဖွဲ့၏ မဟာမိတ်ဖြစ်သည့် ဆီးရီးယားဒီမိုကရက်တစ်အင်အားစုမှ တိုက်ခိုက်ရေးသမားခြောက်ဦးထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း အရေးပေါ်တပ်ဖွဲ့အာဏာပိုင် အာမက်အဘူခေါ်လာက ပြောကြားခဲ့သည်။

လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည့် ဂျက်လေယာဉ်များသည် အစိုးရနယ်နိမိတ်ဘက်ဆီမှလာခဲ့ခြင်းဖြစ်ပြီး ယူဖရိတ်မြစ်၏ အရှေ့ဘက်ကမ်းပါးပေါ်ရှိတည်နေရာကိုထိမှန်ခဲ့ခြင်းဖြစ်ကြောင်း ဆီးရီးယားဒီမိုကရက်တစ်အင်အားစု (SDF) လက်အောက်တွင် ဒါအယ်လ်ဇာတပ်မတော်ကောင်စီကို ဦးဆောင်နေသည့် ခေါ်လာက ပြောကြားခဲ့သည်။ အမေရိကန်ကျောထောက်နောက်ခံပေးထားသည့် ဆီးရီးယားဒီမိုကရက်တစ်အင်အားစုများသာမက ရုရှားနှင့် အီရန်က မဟာမိတ်ဖွဲ့ထားသည့်အုပ်စုများက ကူညီထောက်ပံ့ပေးထားသည့် ဆီးရီးယားအစိုးရအင်အားစုများသည် ဒါအယ်လ်ဇာရှိ နေရာအသီးသီးတို့တွင် အိုင်အက်စ်စစ်သွေးကြွများအား ချေမှုန်းတိုက်ခိုက်လျက်ရှိသည်။

(ရိုက်တာ)

ကမ္ဘာ့ငြိမ်းချမ်းရေးနေ့တွင် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းသွားလာသူများ၏ အခက်အခဲကို ဂူတာရက်စ်အလေးအနက်ဖော်ပြ

ဂျီနီဗာ စက်တင်ဘာ ၁၆

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်သည် ကမ္ဘာ့ငြိမ်းချမ်းရေးနေ့အထိမ်းအမှတ်အဖြစ် အဆိုပါနေ့တွင် ရွှေ့ပြောင်းသွားလာသူများနှင့် ဒုက္ခသည်များ၏ အခက်အခဲကို အလေးပေးပြောဆိုခဲ့ပြီး ပဋိပက္ခများကိုအဆုံးသတ်ရန်လိုအပ်ကြောင်းကို မီးမောင်းထိုးပြခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ငြိမ်းချမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားကို နယူးယောက်မြို့ကုလသမဂ္ဂရုံးချုပ်ရှိ ဥယျာဉ်အတွင်း၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင်ဂူတာရက်စ်က ကမ္ဘာ့ငြိမ်းချမ်းရေးနေ့သည် အနာဂတ်ကာလတွင်အကြမ်းဖက်မှုနှင့်ပဋိပက္ခများကင်းစင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ပြန်လည်ဆန်းသစ်နိုင်မည့် အခွင့်အလမ်းတစ်ခုပင်ဖြစ်ကြောင်း ဂူတာရက်စ်က ပြောကြားခဲ့သည်။

ယခုနှစ်တွင် ကျွန်ုပ်တို့သည် အထူးသဖြင့် အကူအညီအထောက်အပံ့များကိုပိုမိုလိုအပ်လာနေသည့် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းသွားလာသူများအတွက် ထည့်သွင်းစဉ်းစားသွားရမည်ဖြစ်ကြောင်း၊ ပဋိပက္ခများနှင့် နှိပ်စက်ညှဉ်းပန်းမှုများမှ လွတ်မြောက်ရန် နေအိမ်နှင့်နေရပ်တို့ကိုစွန့်ခွာထွက်ပြေးလာခဲ့ကြရသည့် ဒုက္ခသည်အရေအတွက်သည် ယခုအခါ ၆၅ သန်းကျော်ရှိပြီဖြစ်ကြောင်း ဂူတာရက်စ်က ပြောကြားခဲ့သည်။ အများစုမှာ ပိုမိုကောင်းမွန်သောအနာဂတ်ရရှိရေးအတွက် စွန့်စားနေကြခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

(ဆင်ဟွာ)

S-400 ဒုံးကျည်ကာကွယ်ရေးစနစ်ဝယ်ယူမှုကို တူရကီနောက်မဆုတ်ပြီ

ကလျာမိုးမြင့်

တူရကီဟာ နိုင်ငံရဲ့လုံခြုံရေးကိစ္စရပ်နဲ့ပတ်သက်ပြီး S-400 ဒုံးကျည်ကာကွယ်ရေးစနစ်ကိုရရှိဖို့အတွက် ရုရှားနဲ့သဘောတူစာချုပ်ချုပ်ဆိုမှုကို ကိုယ်ပိုင်စီမံဆောင်ရွက်မှုတွေအတိုင်း ဆက်လက်လုပ်ဆောင်သွားမှာဖြစ်တယ်လို့ တူရကီသမ္မတရီဆက်တေရစ်အာဒိုဂန်က ပြီးခဲ့တဲ့ဗုဒ္ဓဟူးနေ့မှာ ပြောခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့လည်း အနောက်နိုင်ငံတွေရဲ့စိုးရိမ်ကြောင့်ကြမှုတွေကို ခုခံချေပပြောဆိုခဲ့ပါတယ်။

သမ္မတအာဒိုဂန်က ပြီးခဲ့တဲ့တနင်္ဂနွေနေ့မှာ တူရကီဟာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းခန့်တန်ဖိုးရှိတဲ့ S-400 ဒုံးကျည်ကာကွယ်ရေးစနစ်တွေကိုဝယ်ယူဖို့ ရုရှားနဲ့စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း အတိအလင်းကြေညာခဲ့ပါတယ်။ ဒီအတွက်ရုရှားကို စရန်ငွေတောင်ပေးထားပြီးပြီလို့ ဆိုပါတယ်။ အဲဒီလိုကြေညာပြီး ဘယ်လောက်မှမကြာလိုက်ဘဲ အနောက်နိုင်ငံတွေက တူရကီဟာ နေတိုးရဲ့စနစ်တွေနဲ့ ပေါင်းစပ်လို့ မဖြစ်ဘူးဆိုပြီး စိုးရိမ်ပူပန်မှုတွေဖော်ပြလာကြပါတယ်။

သို့သော်လည်း သမ္မတအာဒိုဂန်က တူရကီဟာ နိုင်ငံရဲ့ကာကွယ်ရေးလိုအပ်ချက်တွေအပေါ်မှာအခြေခံပြီး စစ်ရေးဆိုင်ရာ စုဆောင်းမှုတွေကို လွတ်လပ်စွာပြုလုပ်ခွင့်ရှိတယ်လို့ ပြောခဲ့ပါတယ်။ ဒုံးကျည်ကာကွယ်ရေးစနစ်ဝယ်ယူတာနဲ့ပတ်သက်ပြီး အမေရိကန်က ဝေဖန်လာတာတွေကိုတူရကီက တခြားနေတိုးအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ ဂရိနိုင်ငံလည်း S-400 ဒုံးကျည်ကာကွယ်ရေးစနစ်ကိုဝယ်ယူပြီး နှစ်တွေကြာအောင် အသုံးပြုခဲ့သေးတာပဲလို့ ချေပပြောဆိုခဲ့ပါတယ်။

S-400 ဆိုတာဘာလဲ

S-400ဆိုတာဟာ ရုရှားနိုင်ငံကထုတ်တဲ့ နောက်ထပ်မျိုးဆက်တစ်ခုဖြစ်တဲ့ နည်းပညာအဆင့်မြှင့်တင်ထားသော တာဝေးပစ် လေယာဉ်ပစ်ဒုံးကျည်စနစ်ပဲဖြစ်ပါတယ်။ စုံစမ်းရှာဖွေဖို့၊ ခြေရာခံလိုက်ဖို့နဲ့ အန္တရာယ်ခြိမ်းခြောက်မှုရှိလာမယ့် စက်ယန္တရားမှန်သမျှကို ဖျက်ဆီးပစ်ဖို့ ဒီဇိုင်းရေးဆွဲထုတ်လုပ်ထားခြင်းဖြစ်ပါတယ်။ ဒီစနစ်ဟာ တခြားသော ဒုံးကျည်ကာကွယ်ရေးစနစ်တွေထက် ထိရောက်မှုနှစ်ဆရှိပါတယ်။ မတူညီတဲ့ အလေးချိန်နဲ့ ပစ်လွှတ်မှုအကွာအဝေးအပေါ်မူတည်ပြီး ဒုံးကျည်အမျိုးအစားလေးမျိုးလောက်နဲ့တွဲဖက်အသုံးပြုနိုင်တယ်လို့ သိရပါတယ်။ ဒုံးကျည်ထိပ်ဖူးပေါင်း ၂၄၀ကျော်နဲ့ ရှာဖွေထောက်လှမ်းရေး ရေဒါတွေပါတဲ့ S-400 စနစ်ကိုဝယ်ယူဖို့ရုရှားနဲ့တူရကီနှစ်နိုင်ငံက သဘောတူလိုက်ကြတာဖြစ်ပါတယ်။ ရုရှားဟာ ဒီစနစ်ကို တူရကီကိုသာမကဘဲ တရုတ်နဲ့ အိန္ဒိယကိုပါ ရောင်းချဖို့သဘောတူထားတာဖြစ်ပါတယ်။

S-400 ကိုတူရကီကဘာကြောင့်ဝယ်ရသလဲ

တူရကီက ဒီစနစ်ကိုဝယ်ယူနေရတဲ့အကြောင်းတွေကို စေ့ငုကြည့်ရင် ပထမအချက်အနေနဲ့ကတော့ လေကြောင်းကာကွယ်ရေးစနစ်ဟာ တူရကီနိုင်ငံအတွက် ရှိကိုရှိသင့်တဲ့အရာတစ်ခုဖြစ်နေပါတယ်။ S-400 ဟာအတော်လေးကြီးမားတဲ့ ဧရိယာအထိ ကာကွယ်ပေးနိုင်ပြီး ၂၅၀ မိုင်အထိကွာဝေးတဲ့ ပစ်မှတ်ကိုထိမှန်နိုင်တဲ့အပြင် ဒေသတွင်းနိုင်ငံတွေဆီကနေ ကျရောက်လာမယ့် ခြိမ်းခြောက်မှုတွေကို ချိန်ညှိပေးနိုင်ပါတယ်။

ဒုတိယအချက်ကတော့ အိမ်နီးချင်းဖြစ်တဲ့ အီရတ်နဲ့ ဆီးရီးယားနိုင်ငံမှာ ပဋိပက္ခတွေဖြစ်ပွားနေတဲ့အတွက် တူရကီဟာ ၎င်းရဲ့လေပိုင်နက်ကိုကာကွယ်ဖို့နဲ့ တူရကီနယ်စပ်အလွန်က ခြိမ်းခြောက်မှုတွေကိုရင်ဆိုင်ဖို့အတွက် ဒုံးကျည်ကာကွယ်ရေးစနစ်ဝယ်ယူမှုကနေတစ်ဆင့် ပိုပြီးလွတ်လပ်တဲ့နိုင်ငံခြားရေးမူဝါဒကို ရှာဖွေနေပါတယ်။ တူရကီအတွက်နောက်ထပ်ပိုကောင်းတဲ့အချက်ကတော့ S-400 ဟာ အမျိုးအစားတူညီတဲ့ အခြားကာကွယ်ရေးစနစ်တွေထက်ပိုပြီး ဈေးသက်သာနေတာပါပဲ။

ပြီးခဲ့တဲ့ ၂၀၁၃ခုနှစ်က တူရကီဟာ ကာကွယ်ရေးစနစ်ဝယ်ယူဖို့အတွက် တင်ဒါခေါ်ဆိုမှုပြုလုပ်ခဲ့ပါတယ်။ တရုတ်ကုမ္ပဏီဖြစ်တဲ့ CPMIEC ကို ဈေးနှုန်းအသက်သာဆုံးအဖြစ်ရွေးချယ်ခဲ့ပေမယ့် အမေရိကန်က အဲဒီကုမ္ပဏီဟာ အီရန်ကိုဒုံးကျည် ရောင်းချမှုပြုလုပ်ခဲ့တဲ့အတွက် အမေရိကန်ကပိတ်ဆို့မှုပြုလုပ်ထားတဲ့ ကုမ္ပဏီဖြစ်တယ်ဆိုပြီး စာချုပ်မချုပ်ဆိုဖို့ အတင်းအကျပ်တိုက်တွန်းခဲ့ပါတယ်။

အဲဒီနှစ်အတွင်းမှာပဲ ဂျာမနီနဲ့ဒတ်ချ် မျိုးချစ်အဖွဲ့က အမေရိကန်လုပ်ဒုံးကျည်တွေကို တူရကီ-ဆီးရီးယား နယ်စပ်မှာရှိတဲ့ မြို့တွေမှာချထားခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ဆီးရီးယားနိုင်ငံကခြိမ်းခြောက်လာနိုင်မယ့်အန္တရာယ်တွေ ပြီးဆုံးသွားတဲ့အတွက် ကာကွယ်ရေးချထားမှုတွေကို ဖယ်ရှားလိုက်ပါတယ်။

၂၀၀၆ခုနှစ်က တူရကီဟာ ပူးတွဲတိုက်ခိုက်ရေး ရဟတ်ယာဉ်တွေကိုထုတ်လုပ်ဖို့ အမေရိကန်ကုမ္ပဏီတွေနဲ့ စာချုပ်ချုပ်ဆိုဖို့ပြုလုပ်ခဲ့ပေမယ့် အမေရိကန်က တူရကီကို လျှို့ဝှက်ကုဒ်တွေပေးဖို့ငြင်းဆန်ခဲ့တာကြောင့် စာချုပ်ချုပ်ဆိုမှုအောင်မြင်ခဲ့ခြင်းမရှိပါဘူး။ ယခုဒုံးကျည်ကာကွယ်ရေးစနစ်ဝယ်ယူမှုဟာ တူရကီကိုနည်းပညာလွှဲပြောင်းမှုဘယ်လိုပြုလုပ်တယ်ဆိုတာကို သိရှိလာစေမှာပဲ ဖြစ်ပါတယ်။

တကယ်တော့ တူရကီဟာ ကာကွယ်ရေးကိစ္စရပ်နဲ့ပတ်သက်ပြီး အနောက်နိုင်ငံတွေကထုတ်တဲ့ လက်နက်တွေအပေါ်မှာ သိပ်ပြီးအားကိုးချင်တဲ့သူမဟုတ်ပါဘူး။ ဒါကြောင့်လည်း ကာကွယ်ရေးပိုင်းမှာရော စွမ်းအင်ကဏ္ဍမှာပါ အမျိုးအစားကွဲပြားအောင် ဖန်တီးချင်နေပါတယ်။

တူရကီဟာ ၎င်းရဲ့ကာကွယ်ရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဒေါ်လာဘီလီယံများစွာရင်းနှီးမြှုပ်နှံခဲ့ပြီး ပြည်တွင်းလက်နက်ထုတ်လုပ်ရေးမှာ အမှီအခိုကင်းအောင်လုပ်ဆောင်နိုင်ခဲ့ပါတယ်။ အဆုံးသတ်မှာတော့ ဒုံးကျည်ကာကွယ်ရေးစနစ်ဝယ်ယူမှုစာချုပ်က တူရကီနဲ့၎င်းရဲ့မဟာမိတ်တွေကိုနိုင်ငံရေးအရ မက်ဆေ့ချ်တစ်ခုပေးပို့လိုက်တာပါပဲ။ မူဝါဒရေးဆွဲသူတွေကတော့ ရုရှားဆီကနေ S-400 ဒုံးကျည်စနစ်ကိုဝယ်ယူလိုက်တဲ့ ဆက်ဆံမှုဟာ တူရကီကနောက်ထပ်ရွေးချယ်စရာ တခြားနည်းလမ်းတွေအမှန်တကယ်ရှိနေတယ်ဆိုတာကို ပြသလိုခြင်းဖြစ်တယ်လို့ သုံးသပ်ခဲ့ကြပါတယ်။

ဒုံးကျည်ကာကွယ်ရေးစနစ်ဝယ်ယူမှုကို အမေရိကန်ဘာကြောင့်သဘောမကျတာလဲ

တူရကီမြေပြင်ပေါ်မှာရုရှားလုပ် S-400 ဒုံးကျည်ကာကွယ်ရေးစနစ်ရှိလာမယ့်ကိစ္စဟာ အမေရိကန်ကိုစိတ်ကသိကအောက်ဖြစ်စေပါတယ်။ အမေရိကန်ပူးတွဲကာကွယ်ရေးဦးစီးချုပ်ရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ဂျိုးဆက်ဖ်ဒန်ဖို့က တူရကီရဲ့ဒုံးကျည်ကာကွယ်ရေးစနစ်ဝယ်ယူမှုက စိုးရိမ်ဖွယ်ကိစ္စဖြစ်တယ်လို့ သဘောတူစာချုပ်လက်မှတ်မရေးထိုးမီကတည်းက ပြောကြားခဲ့တာပါ။

ဒါပေမယ့် တူရကီသမ္မတအာဒိုဂန်က ဒီကိစ္စဟာ ဘာကြောင့်စိုးရိမ်စရာဖြစ်ရမှာလဲလို့ မေးခွန်းထုတ်ခဲ့ပြီး နိုင်ငံတိုင်းဟာ ကိုယ့်နိုင်ငံရဲ့လုံခြုံရေးအတွက် လိုအပ်တဲ့ လုပ်စရာရှိတာမှန်သမျှကို လုပ်ရမှာပဲလို့ တုံ့ပြန်ပြောကြားခဲ့ပါတယ်။

တူရကီမြေပေါ်မှာ ရုရှားဒုံးကျည်ကာကွယ်ရေးစနစ်တွေရှိနေတာဟာ ဖြစ်သင့်တဲ့ကိစ္စတစ်ခုပဲ။ ပူးတွဲလုပ်ငန်းဆောင်ရွက်မှုတွေကို ဆက်လုပ်သွားမယ်လို့အာဒိုဂန်က ဆိုပါတယ်။ ၂၀၁၄ခုနှစ်မှာ ခရိုင်းမီးယားဒေသကို ရုရှားကျူးကျော်လာမှုကြောင့် အမေရိကန်နဲ့ဥရောပသမဂ္ဂက ရုရှားကို အရေးယူပိတ်ဆို့မှုပြုလုပ်ခဲ့ကြတယ်။ ရုရှားဆီကနေ ခုလိုဒုံးကျည်ကာကွယ်ရေးစနစ်ဝယ်ယူတာဟာ ရုရှားကိုပြုလုပ်မယ့်ပိတ်ဆို့မှုတွေကို ပြိုပျက်အောင်လုပ်နေခြင်းဖြစ်တယ်လို့ဥရောပသမဂ္ဂနဲ့ အမေရိကန်က ထင်မြင်နေတဲ့အတွက် တူရကီရဲ့လက်နက်ဝယ်ယူမှုအပေါ်မှာ စိုးရိမ်ပူပန်မှုရှိနေတယ်လို့ဆိုရမှာဖြစ်ပါတယ်။

ဘာပဲဖြစ်ဖြစ် တူရကီကတော့ ရုရှားနဲ့သဘောတူစာချုပ်မှာလက်မှတ်ရေးထိုးလိုက်ပြီဖြစ်သလို စရန်ငွေလည်းပေးချေလိုက်ပြီဖြစ်တဲ့အတွက် ရှေ့ဆက်တိုးခဲ့ပြီလို့ဆိုရမှာဖြစ်ပါတယ်။

(ဆင်ဟွာ၊ ဘီဘီစီ)

သီပေါ သီတဂူစက္ခုဒါန ဆေးရုံကြီးသို့ အလှူရှင်များက ငွေနှင့် ဆန်အိတ်များလှူဒါန်း

သီပေါ စက်တင်ဘာ ၁၆

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိသီတဂူဆရာတော်ဒေါက်တာအရှင်ဉာဏိဿရ ဦးဆောင်ဦးရွက်ပြုမှုဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ မဟာမြတ်မုနိဘုရားကြီးအကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တပညာသီရိ၏ ကြီးကြပ်မှုဖြင့် (၃၉)ကြိမ်မြောက် မျက်စိဝေဒနာရှင်များကို စက်တင်ဘာ ၁၃ ရက်မှ စတင်၍ သီပေါသီတဂူစက္ခုဒါနဆေးရုံကြီး၌ အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ အခမဲ့ခွဲစိတ်ကုသပေးနိုင်ရေးအတွက် ရန်ကုန်မြို့မှ မျက်စိအထူးကုပါမောက္ခ ဒေါ်မြင့်ခိုင်မိသားစုက ငွေကျပ်သိန်း ၅၀၊ လားရှိုးမြို့ ဒေါက်တာ ထွန်းသန်းဦး-ဒေါ်ရတီဝုန်နိုင် မိသားစုက ငွေကျပ်သုံးသိန်း၊ သီပေါမြို့အနောက်ရပ်မှ ကိုသန်းဇော်ဦး-မမေသက်ဇွန်မိသားစုက ငွေကျပ်တစ်သိန်း၊ သီပေါမြို့လယ်ရပ်ကွက်မှ ညိုဝါနုမိသားစုက ငွေကျပ်တစ်သိန်း၊ သီပေါအုပ်ကျင်းရပ်မှ ဦးဟန်သိန်း-ဒေါ်နန်းတင်မိသားစုက ငွေကျပ်တစ်သိန်း၊ စစ်ကိုင်းမြို့ဇေယျမင်္ဂလာကျောင်းတိုက်မှ အရှင်ကောမုဒိဝရက ငွေကျပ်တစ်သိန်းနှင့်ဝေဒနာရှင်များအတွက် ဆန်ပြုတ်ချက်ရန် ဆန်နှစ်အိတ်ကို အုပ်ကျင်းရပ်မှ ကိုမောင်လေးတို့က သီတဂူစက္ခုဒါနဆေးရုံကြီးကြပ် ဆရာတော် အရှင်ပညာသီရိထံ လာရောက်လှူဒါန်းသွားကြောင်း သိရသည်။

စိုင်း(သီပေါ)






သားသား
စိတ်ကူး




ပေါက်စနီ

မြန်မာသဒ္ဒါသင်ကြားရေး (၂၀)

မောင်ခင်မင်(ဓနုဖြူ)

"နာမ်အကြောင်း ဆက်ပြောရဦးမယ်။ ပေါင်းစပ်နာမ်တွေကို ပြရာမှာ သတိထားစရာတစ်ခုရှိတယ်"

"ပြောပြပါ ဆရာ"

"အဋ္ဌမတန်းသဒ္ဒါမှာ 'နာမ်+နာမ်+ကြိယာ' ပေါင်းတဲ့ ပေါင်းစပ်နာမ်တွေကို သာဓကပြထားတာတွေမှာပေါ့"

"အဲ... တွေ့ပါပြီ ဆရာ။ 'စိန်ရင်ထိုး၊ မြလည်ဆွဲ၊ ရွှေလက်စွပ်' လို့ ပြထားပါတယ်"

"ကဲ... ဒီလိုဆိုရင် ခုပြထားတဲ့ 'နာမ်+နာမ်+ကြိယာ' ဆိုတဲ့ပုံသေနည်းအရ 'စိန်ရင်ထိုး' ဆိုတဲ့ ပေါင်းစပ်နာမ် ဖြစ်အောင် ဘာတွေပေါင်းစပ်ထားတယ်လို့ ပြောမလဲ"

"ဟုတ်ကဲ့၊ 'စိန်' ရယ် 'ရင်' ရယ် 'ထိုး' ရယ် သုံးလုံးပေါင်းစပ်ထားတာလို့ ပြောရမယ်ထင်ပါတယ်"

"မြလည်ဆွဲတို့၊ ရွှေလက်စွပ်တို့လည်း အဲဒီလိုပဲ စကားသုံးလုံးတန်းစီပြီး ပေါင်းစပ်ထားတာပေါ့။ ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"သေသေချာချာ စဉ်းစားကြည့်စမ်း။ 'စိန်ရင်ထိုး' ဆိုတာ 'စိန်' ရယ် 'ရင်' ရယ် 'ထိုး' ရယ် သုံးလုံးပေါင်းတာလား။ 'စိန်' ရယ် 'ရင်ထိုး' ရယ် နှစ်လုံးပေါင်းတာလား"

"အဲ... ဟာ ဟုတ်တာပေါ့ဆရာ။ 'ရင်ထိုး' က 'ရင်' နဲ့ 'ထိုး' နဲ့ ပေါင်းပြီးသားစကားပေါင်းပဲ။ အဲဒါကို 'စိန်' ထပ်ပေါင်းလို့ 'စိန်ရင်ထိုး' ဖြစ်တာပါ"

"အမှတ်တမဲ့ဆိုရင် သုံးလုံးတန်းစီပေါင်းထားတယ်ထင်ရပေမယ့် သေသေချာချာကြည့်ရင် နှစ်လုံးအရင်ပေါင်းပြီးမှ နောက်တစ်လုံးထပ်ပေါင်းတာဆိုတာတွေ့မှာပါ။ ဒီလိုပဲ 'မြ' နဲ့ 'လည်ဆွဲ'၊ 'ရွှေ' နဲ့ 'လက်စွပ်' ပေါင်းထားတာပါ။

"ဆရာ ဒါဆိုရင် သုံးလုံးတန်းစီပေါင်းတဲ့ပုံစံမျိုးက ဘယ်လိုဟာပါလဲ"

"အင်း... 'စာကြည့်တိုက်' တို့၊ 'လက်နှိပ်စက်' တို့လို စကားလုံးမျိုးက သုံးလုံးတန်းစီပေါင်းတာလေ။ 'လက်နှိပ်စက်' ဆိုတာ 'လက်' ရယ် 'နှိပ်' ရယ် 'စက်' ရယ် သုံးလုံးတန်းစီပြီး ပေါင်းတာလေ။ လက်နဲ့နှိပ်ရတဲ့စက်မို့ လက်နှိပ်စက်ခေါ်တာ။ 'လက်နှိပ်' နဲ့ 'စက်' ပေါင်းတာလည်း မဟုတ်ဘူး။ 'လက်' နဲ့ 'နှိပ်စက်'၊ ပေါင်းတာလည်း မဟုတ်ဘူး။ 'စာကြည့်တိုက်' လည်းအဲဒီလိုပဲ"

"ဒီတော့ 'စိန်ရင်ထိုး' ပေါင်းစပ်ပုံကိုပြရင် 'နာမ်+နာမ်+ကြိယာ' လို့မပြဘဲ နာမ်+(နာမ်+ကြိယာ=နာမ်)လို့ပြရင် အဆင့်နှစ်ဆင့်ပေါင်းတယ်ဆိုတာ မြင်သာတာပေါ့ကွယ်"

"နားလည်ပါပြီဆရာ"

"ဒသမတန်းသဒ္ဒါစာအုပ်မှာပြတဲ့ နာမ်အကြောင်းမှာ 'လိင်' အကြောင်းကို ကဏ္ဍတစ်ခုအနေနဲ့ ပြထားတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"တကယ်တော့ သဒ္ဒါလိင်လို့ခေါ်တဲ့ grammatical gender စနစ်ရှိတဲ့ ဘာသာစကားတွေမှာတော့ သဒ္ဒါမှာ လိင်ခွဲပြလေ့ရှိပါတယ်။ ပါဠိဟာ သဒ္ဒါလိင်ရှိတဲ့ဘာသာစကားပေါ့။ စကားလုံးတွေကို ပုလ္လိင်၊ ဣတ္ထိလိင်၊ နပုလ္လိင်ဆိုပြီးခွဲတယ်။ အဲဒီလိုလိင်ခွဲတာက ယောကျ်ား၊ မိန်းမခွဲတာနဲ့မဆိုင်ဘူး ဆိုပါစို့။ ဂါမ(ရွာ)၊ ရထ(ရထား)၊ ပုရိသ(ယောကျ်ား)ဆိုတဲ့ စကားလုံးတွေက ပုလ္လိင်...တဲ့။ စိတ္တ(စိတ်)၊ သုဝဏ္ဏ(ရွှေ)၊ သိပ္ပ(ပညာ)ဆိုတဲ့စကားလုံးတွေက နပုလ္လိင်...တဲ့။ နဒီ(မြစ်)၊ ပထဝီ(မြေကြီး)၊ ကဒလီ(ငှက်ပျောပင်)ဆိုတဲ့စကားလုံးတွေကတော့ ဣတ္ထိလိင်...တဲ့"

"မြန်မာသဒ္ဒါစာအုပ်တွေမှာ 'အဖေ-အမေ၊ သား-သမီး၊ ကြက်ဖ-ကြက်မ၊ နွားထီး-နွားမ' ဆိုတာမျိုးတွေကို 'လိင်' ခေါင်းစဉ်တပ်ပြီး ခွဲပြတာဟာ ပါဠိသဒ္ဒါပုံစံကိုလိုက်ပြီးခွဲတာလေ။ စကားလုံးချင်းကွဲတာတော့ရှိတာပေါ့။ သဒ္ဒါစနစ်အတွက် လိင်ခွဲစရာမလိုပါဘူးကွယ်"

"နားလည်ပါပြီဆရာ"

"မြန်မာစကားမှာ လိင်ခွဲဖို့မလိုတဲ့အကြောင်းကို ကုန်းဘောင်ခေတ်က ထင်ရှားတဲ့ဘာသာစကား ပညာရှင် ဒုတိယကျော်အောင်စံထား ဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းမှာမိန့်ဆိုထားတယ်။ ဆရာတော်က ပထဝီဆိုတဲ့

> **အခန်း၊ အရှက်၊ အမြစ်၊ အသံ၊ အတွင်းဆိုတဲ့ စကားလုံးတွေကျတော့ ရှေ့က အ-တွေကို ရှေ့ဆက်လို့မခေါ်ဘူးလေ။ ဒသမတန်း မြန်မာသဒ္ဒါမှာ မူလကတည်းက အ-ပါတဲ့ စကားလုံးတွေလို့ဆိုရတဲ့အကြောင်းက အဲဒီစကားလုံးတွေမှာပါတဲ့ အ-တွေက 'အက၊ အပြော၊ အဆို' မှာပါတဲ့ အ-တွေကို ခွဲထုတ်လို့မရတဲ့ နောက်ကစကားလုံးနဲ့ ပူးတွဲနေတယ်လို့ ယူဆလို့ဖြစ်မှာ ပေါ့**

"သြော်... ဟုတ်ကဲ့"

"အဲဒီလို လိင်ကွဲတဲ့စကားလုံးတွေကို နောက်ကဝိဘတ်သွယ်တဲ့အခါမှာလည်း ဝိဘတ်မှတ်ပုံမတူဘူးလေ။ မင်းတို့လည်း ပါဠိသင်ခဲ့တာမဟုတ်လား။ 'ပုရိသ' ကို ဝိဘတ်သွယ်ရင် ပုလ္လိင်မို့ 'ပုရိသော' လို့ ဝိဘတ်သွယ်မှ 'ယောကျ်ားသည်' လို့ အဓိပ္ပာယ်ရတယ်။ ပြုလုပ်သူ(ကတ္တား)ပေါ့။ ဣတ္ထိလိင်ဖြစ်တဲ့ 'ပထဝီ' ကျတော့ ပထဝေါ' မဖြစ်ဘူး။ 'ပထဝီ' ပဲ၊ 'မြေကြီးသည်' လို့ အဓိပ္ပာယ်ရတယ်။ နပုလ္လိင်ဖြစ်တဲ့ 'စိတ္တ' ကျတော့လည်း စိတ္တော မဖြစ်ဘူး။ စိတ္တံ(စိတ်သည်)လို့ ဝိဘတ်သွယ်ရတယ်။ သိသာရုံ ပြောပြတာပါ။ လိင်ကွဲရင် ဝိဘတ်သွယ်ပုံလည်း ကွဲတဲ့အတွက် ပါဠိမှာ လိင်ကအရေးကြီးတဲ့ သဒ္ဒါစနစ်ပဲ"

"ဟုတ်ကဲ့ပါ"

"မြန်မာစကားကျတော့ သဒ္ဒါလိင်မရှိဘူးလေ။ 'ယောကျ်ား' ဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ်၊ သက်မဲ့ပစ္စည်းဖြစ်ဖြစ် နောက်က နောက်ဆက်တွဲပုံ အတူတူပဲမဟုတ်လား။ 'ယောကျ်ားသည်'၊ 'မိန်းမသည်'၊ 'စာအုပ်သည်' ဆိုတာမျိုး 'သည်' နောက်ဆက်တွဲလို့ရတာချည်းပဲ။ ဆိုလိုတာက မြန်မာစကားမှာ သဒ္ဒါလိင်စနစ်မရှိတဲ့အတွက် လိင်ခွဲတာဟာ သဒ္ဒါနဲ့ မဆိုင်ဘူး။ အဓိပ္ပာယ်နဲ့ပဲ ဆိုင်တယ်"

ပါဠိဝေါဟာရဟာ လိင်အရ ဣတ္ထိလိင်ဖြစ်တယ်တဲ့။ အဓိပ္ပာယ်တူမြန်မာစကားဖြစ်တဲ့ 'မြေ' ကိုတော့ လိင်မခွဲသာပါဘူး-တဲ့။ အဲဒီလို မိန့်ဆိုထားတယ်ကွဲ့"

" မှတ်သားထားပါ့မယ်ဆရာ"

" နောက် အဲဒီဒသမတန်းသဒ္ဒါမှာပါတဲ့ အယူအဆတစ်ခုနဲ့ ပတ်သက်ပြီး ပြောစရာရှိတယ်။ အဲဒီမှာ " မူလက အ-ပါသော အသီး၊ အခန်း၊ အတွင်း၊ အဖျား၊ အထဲစတဲ့ နာမ်တွေကို တခြားနာမ်တွေနဲ့ပေါင်းရင် အ-ကို မြှုပ်လေ့ရှိတယ်လို့ပြပြီး သာဓကအနေနဲ့ စပျစ်+အသီး= စပျစ်သီး၊ ရုံး+အခန်း=ရုံးခန်း၊ အိမ်+အတွင်း=အိမ်တွင်းဆိုပြီး ပြထားတယ်။ တွေ့တယ် မဟုတ်လား"

" တွေ့ပါတယ်ဆရာ။ တွေ့ပါတယ်"

" အဲဒီမှာ မူလက အ-ပါသော နာမ်ဆိုတာ ဘာဆိုလိုတာလဲ"

"အဲဒီစကားလုံးတွေမှာ မူလကတည်းက အ-ပါပြီးသားလို့ ဆိုလိုတာထင်ပါတယ် "

" မူလကတည်းက အ-ပါတယ်ဆိုတော့ အ-ကို သပ်သပ် ခွဲထုတ်လို့မရဘူးလို့ ဆိုလိုတာပေါ့"

" ဟုတ်မယ်ထင်ပါတယ်ဆရာ"

"ဒီလိုဆိုရင် အက၊ အလှ၊ အလုပ်၊ အစား စတဲ့ စကားလုံးတွေမှာပါတဲ့ အ-တွေကို ရှေ့ဆက်ပစ္စည်းလို့ခေါ်တယ်။ ဟုတ်လား။ ရှေ့ကဆက်ရတဲ့ ပစ္စည်းတွေလေ။ ခွဲထုတ်လို့လည်းရတယ်လေ"

"ဟုတ်ပါတယ်ဆရာ"

" အခန်း၊ အရှက်၊ အမြစ်၊ အသံ၊ အတွင်းဆိုတဲ့ စကားလုံးတွေကျတော့ ရှေ့က အ-တွေကို ရှေ့ဆက်လို့မခေါ်ဘူးလေ။ ဒသမတန်း မြန်မာသဒ္ဒါမှာ မူလကတည်းက အ-ပါတဲ့ စကားလုံးတွေလို့ဆိုရတဲ့အကြောင်းက အဲဒီစကားလုံးတွေမှာပါတဲ့ အ-တွေက 'အက၊ အပြော၊ အဆို' မှာပါတဲ့ အ-တွေကို ခွဲထုတ်လို့မရတဲ့ နောက်ကစကားလုံးနဲ့ပူးတွဲနေတယ်လို့ ယူဆလို့ဖြစ်မှာပေါ့"

" ဖြစ်နိုင်ပါတယ်ဆရာ"

" အဲဒီလိုဆိုရင် အ- နှစ်မျိုးဖြစ်နေမှာပေါ့။ 'အက၊ အဆို၊ အတီး' တို့မှာပါတဲ့ အ-တွေက ခွဲထုတ်လို့ရတဲ့ ရှေ့ဆက်တွေ၊ 'အရွက်၊ အသံ၊ အရိုး' တို့မှာပါတဲ့ အ-တွေကတော့ ခွဲထုတ်လို့မရဘဲ နောက်က 'ရွက်၊ သံ၊ရိုး' ဆိုတဲ့ အစိတ်အပိုင်းတွေနဲ့ ပူးတွဲနေတဲ့ အ-တွေဆိုပြီး နှစ်မျိုးဖြစ်နေမှာကိုပြောတာပါ။ အ-ချင်းအတူတူ တချို့ကို ရှေ့ဆက်လို့ ယူဆပြီးတချို့ကို ရှေ့ဆက်မဟုတ်ဘူးလို့ ယူဆရင်သဘာဝကျပါ့မလား"

"စဉ်းစားစရာပါပဲဆရာ။ 'အရွက်၊ အသံ၊ အရိုး' မှာပါတဲ့ အ-တွေကို ခွဲထုတ်လိုက်ရင် ကျန်ခဲ့တဲ့-'ရွက် -သံ၊ -ရိုး' ဆိုတဲ့ အစိတ်အပိုင်းတွေက အဓိပ္ပာယ်မရှိတော့ဘဲ ဖြစ်သွားမယ်ထင်ပါတယ်"

"အဲဒီလိုယူဆလို့ မြန်မာသဒ္ဒါစာအုပ်တွေမှာ အဲဒီစကားလုံးတွေအကြောင်းထွေထွေထူးထူးမပြောခဲ့ကြတာပါ။ တချို့ပညာရှင်တွေကတော့ အဲဒီအစိတ်အပိုင်းတွေကို ကိုယ့်ဟာကိုယ်မရပ်တည်နိုင်တဲ့ နာမ်စကားလုံးတွေလို့ ယူဆကြတယ်"

" သြော်... ဟုတ်ကဲ့ပါ"

" ဆိုလိုတာက '-သံ' ဆိုတဲ့ စကားလုံးဟာ အသံဆိုတဲ့ အဓိပ္ပာယ်နဲ့ ကိုယ့်ဟာကိုယ်မရပ်တည်နိုင်ဘူး။ '-သံ' တစ်လုံးတည်း အသံဆိုတဲ့အဓိပ္ပာယ်မရဘူး။ ဒါပေမယ့် ရှေ့က အ-ရှေ့ဆက်တွဲပြီး 'အသံ' လို့ သုံးရင် ကိုယ့်ဟာကိုယ်ရပ်တည်နိုင်တဲ့နာမ်ဖြစ်သွားပြီလေ။ 'အ' မတွဲတဲ့၊ တခြားဆီလျော်တဲ့ စကားလုံးတွဲလို့လည်းရတယ်။ 'တေးသံ၊ ကားသံ၊ လူသံ' ဆိုတာမျိုးသုံးနိုင်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"သံရဲ့နောက်က ဆီလျော်တဲ့စကားတွဲပြီး 'သံစဉ်၊ သံသေး၊ သံကြောင်' ဆိုတာမျိုးလည်း သုံးလို့ရတယ်။ ခုနပြတဲ့သာဓကတွေထဲက 'ရိုး' တို့၊ 'ရွက်' တို့လည်း အဲဒီလိုပဲ။ ကိုယ့်ဟာကိုယ် အဲဒီအဓိပ္ပာယ်နဲ့မရပ်တည်နိုင်ပေမယ့် 'အရိုး၊ ကြက်ရိုး၊ ရိုးတံ' ဆိုတာမျိုး သုံးလို့ရတယ်"

'အရွက်၊ သစ်ရွက်၊ရွက်ဝါ' ဆိုတာမျိုး သုံးလို့ရတယ်။ ဒါကြောင့် အရှေ့ဆက်က မူလကတည်းကပါတဲ့ အစိတ်အပိုင်း မဟုတ်ပါဘူး။ ဖြုတ်လို့တွဲလို့ရတဲ့ ရှေ့ဆက်ပါပဲ။ 'က နဲ့တွဲရင် အကဖြစ်မယ်'၊ 'ရွက်နဲ့တွဲရင် အရွက်ဖြစ်မယ်။ 'က' က ကြိယာ၊ 'ရွက်' က ကိုယ့်ဟာကိုယ်မရပ်တည်နိုင်တဲ့နာမ်လို့ ခွဲခြားရမှာပေါ့။ ဒါဆိုရင် အ-ရှေ့ဆက်သုံးပုံ တစ်ပြေးညီမှာပေါ့ကွယ်"

မိုးကောင်းဆေးရုံသို့ ကျန်းမာရေးအထောက်အကူပြုရန်ပုံငွေ ကျပ်သိန်း ၇၀ လှူဒါန်း

မိုးကောင်း စက်တင်ဘာ ၁၆

ကချင်ပြည်နယ် မိုးကောင်းမြို့ပြည်သူ့ဆေးရုံကြီးသို့ ကျန်းမာရေးအထောက်အကူပြုရန်ပုံငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၃ ရက်မွန်းလွဲ ၁နာရီက မိုးကောင်းမြို့နန့်ကောင်းရိပ်သာတွင်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မြို့နယ်ဆေးရုံကြီးအတွက် လိုအပ်နေသည့် အလှူငွေများ ပေးအပ်သောမိသားစုအား ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ မန္တလေးမြို့နေအလှူရှင် ဦးသက်ဝေ-ဒေါ်ကြည်မေ ASIA ENERGY Co., Ltd. ကိုယ်စား မန်နေဂျင်းဒါရိုက်တာ ဦးသူရကျော်က လှူဒါန်းငွေကျပ်သိန်း ၇၀ အားပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူခဲ့သည်။

ထို့နောက် မြို့နယ်လက်ထောက်ဆရာဝန် ဒေါက်တာချောစုစုဇော်က အလှူရှင်မိသားစုများအား ကျေးဇူးတင်ကြောင်းနှင့် လိုအပ်သည့်နေရာတွင် သုံးစွဲပေးမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။ **ဝင်းနိုင် (ကချင်မြေ)**

ထီးလင်းမြို့နယ် ကဇွန်းထောင့်ရွာတွင် လျှပ်စစ်မီးသွယ်တန်းဆောင်ရွက်

ထီးလင်း စက်တင်ဘာ ၁၆

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းက ကျေးရွာများတွင် ပြည်သူလူထု၏ ဆန္ဒအရ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပထမနှစ် စက်ဝန်းအဖြစ် ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၁၃ ရက်က ကဇွန်းထောင့်ကျေးရွာ၌ လျှပ်စစ်မီးသွယ်တန်းပြီးစီးမှုအောင်ပွဲနှင့် လူထုစစ်ဆေးပွဲအခမ်းအနားကို ကျင်းပနိုင်ခဲ့သည်။

အဆိုပါ အခမ်းအနားကို ကျေးရွာစာသင်ကျောင်းတွင်ပြုလုပ်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လင်းဦး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်တို့က အမှာစကားပြောကြား၍ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ထိုသို့ ကျေးရွာတွင်း မီးတိုင်များစိုက်ထူခြင်း၊ လျှပ်စစ်မီးကြိုးများ သွယ်တန်းထားပြီးဖြစ်သည့်အတွက် လောလောဆယ်တွင် ညပိုင်း၌ စက်အားဖြင့်လျှပ်စစ်မီးလင်းရေး ဆောင်ရွက်နိုင်ပြီဖြစ်သည်။

ထို့ပြင် ကဇွန်းထောင့်ကျေးရွာသည် ယခုနှစ်တွင် ကျေးရွာတွင်း လျှပ်စစ်မီးတိုင်၊ မီးကြိုးများကို သွယ်တန်းတပ်ဆင်ကြောင်းနှင့် လာမည့်နှစ်များတွင် လျှပ်စစ်မီးသွယ်တန်းနိုင်ရေး ဆက်လက်ဆောင်ရွက်ကြမည်ဟု သိရသည်။ **(၁၀၁)**

ဘေးအန္တရာယ်ကင်းရေး ပရိတ်မေတ္တာတော်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်မြို့ အောင်သီတာဆရာတော် ဦးဆောင်ပြီး ခုနစ်ရက်သားသမီးများ၊ တပည့်ဒါယကာ၊ ဒါယိကာမများ၏ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (၉) ဌာန၊ အကျွတ်အလွတ်အန္တရာယ်ကင်းပရိတ်မေတ္တာတော်ပွဲကို စက်တင်ဘာ ၉ ရက်က ရန်ကုန်မြို့ သာကေတမြို့နယ် အောင်သီတာစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက သဒ္ဓမ္မ ဇောတိကဓဇ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဓမ္မစာရ ဆရာတော် ဦးစီးသော သံဃာတော်ကိုးပါး၊ ယောဂီ ၁၀၈ ဦးတို့ဖြင့် ရန်ကုန်မြို့တိုးဂိတ်မှ စတင်ထွက်ခွာပြီး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၄၅-၉၀-၁၃၅-၂၃၄-၂၅၂-၂၆၁-၂၇၀-၃၅၁-၃၆၀ တို့တွင် ပရိတ်တရားတော်များ အန္တရာယ်ကင်း ကမ္မဝါစာရွတ်ဖတ်ခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။ **(ဝ၃၆)**

နေရပ်တိမ်းရှောင်ပြည်သူများအတွက် လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၆

ရခိုင်ပြည်နယ် အချို့မြို့နယ်အတွင်းမှ နေရပ်စွန့်ခွာ တိမ်းရှောင်ပြည်သူများအတွက် အကူအညီပေးနိုင်ရန် စက်တင်ဘာ ၁၂ ရက်က စစ်တွေမြို့ တပ်ဦးကျောင်း အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဉာဏဝံသထံသို့လည်းကောင်း၊ အလိုတော်ပြည့်လူမှုကယ်ဆယ်ရေးစခန်းမှ ဆရာတော် ဘဒ္ဒန္တပညာဇောတထံသို့ လည်းကောင်း သွားရောက်၍ စုစုပေါင်း ဆန်အိတ် ၁၀၀၊ ဆီပိဿာ ၁၀၀၊ ကြက်သွန်ပိဿာ ၁၀၀၊ ဆားပိဿာ ၁၀၀နှင့် ကျောင်းနေဘုန်းတော်ကြီးများအတွက် နဝကမ္မ အလှူတော်ငွေကျပ် ၁၀ သိန်းကို ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်နေ ဦးဝင်း-ဒေါ်သိန်း(နယူးဝင်းမေတ္တာ ဗီဒီယိုထုတ်လုပ်ရေးနှင့် ရွှေကရင် စားသောက်ဆိုင်)၊ သားသရုပ်ဆောင် နေမင်းခ မိသားစုက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

တင်ဝင်းလေး (ကြည့်မြင်တိုင်)

ခ ရီး သွား ဆောင်း ပါး

မအူပင်သို့တစ်ခေါက်.....

မောင်မောင်မြင့်ဆွေ

ကျယ်ပြန့်သော သောင်ပြင်ပေါ် ဖြာကျနေသည့် နံနက်ခင်းရောင်ခြည်ကြောင့် အလင်းရောင်က တောက်ပနေသည်။ ဝါကျင်ကျင် မြစ်ရေပြင်ပေါ်တွင် လှိုင်းအနည်းငယ် ထနေပြီး ရေပြင်ပေါ်ဝယ် နေအလင်းရောင်ကြောင့် ရောင်ပြန်တံလျှပ်ထနေသည်။ ကမ်းခြေအစပ်သတ်မှတ်နေရာတွင် အလံချည်ကာဝါးလုံးတိုင်အချို့ထောင်ထားသည်ကိုတွေ့ရသည်။ အန္တရာယ်မဖြစ်စေရန်အချက်ပြ သတိပေးထားခြင်းဖြစ်သည်။ ဤနေရာ ဤဒေသမျိုးတွင် အပန်းဖြေကမ်းခြေတစ်ခုရှိမှန်းကျွန်တော်မသိခဲ့။ ယခုမှ မအူပင်ကမ်းခြေသို့ ကျွန်တော် ရောက်ရှိခဲ့ခြင်းဖြစ်သည်။

မအူပင်မြို့သို့ ကျွန်တော်သုံးကြိမ်ခန့်ရောက်ခဲ့ဖူးသည်။ ရောက်သည့်အခါတိုင်း တာဝန်ဝတ္တရားများကြောင့် ဟိုဟိုသည်သည် မသွားခဲ့ရ။ ထိုအချိန်ကာလကလည်း တာဝန်များဖြင့်မအားလပ်ခဲ့ရာ မအူပင်မြို့ဝန်းကျင် ဘယ်နေရာမှ မရောက်ခဲ့ခြင်းဖြစ်သည်။ နယ်မြေဒေသမကျွမ်းခြင်းကြောင့်လည်းဖြစ်ရာ နေရာစုံ ခြေမဆန့်နိုင်ခဲ့ခြင်းဖြစ်သည်။ ယခုကျွန်တော်တို့မအူပင်မြို့ရောက်ခိုက်၊ မအူပင်အပန်းဖြေကမ်းခြေရှိသည်ဟုဆိုသဖြင့် ထွက်လာခဲ့ကြခြင်းဖြစ်သည်။

မအူပင်ကမ်းခြေက မအူပင်တံတားအနောက်မြောက်ဘက်တွင် တည်ရှိပြီး မအူပင်တံတားပေါ်မှ မှန်းဆကြည့်ရှုနိုင်သော်လည်း မြင်ကွင်းမသဲကွဲ၊ သို့သော် ကျွန်တော်တို့ကမ်းခြေသို့ရောက်အောင် သွားခဲ့ကြသည်။ ယခုကျွန်တော်တို့မအူပင်ကမ်းခြေကို ကိုယ်တိုင်မြင်တွေ့ခံစားရပြီဖြစ်သည်။

တကယ်တော့မအူပင်ကမ်းခြေသည် အပန်းဖြေစရာ ရှားပါးနေသောပြည်သူများအတွက် လွတ်လပ်ပေ့ါပါးစွာ အပန်းဖြေ နိုင်သည့် နေရာတစ်ခုပင်ဖြစ်သည်။ မအူပင်မြို့ကို ဖြတ်သန်းစီးဆင်းလာသော ဧရာဝတီမြစ်လက်တက်တစ်ခုဖြစ်သည့် မြစ်မခမြစ်၏ ကမ်းခြေဖြစ်ပြီး ပြန့်ဖြူးသော သောင်ခုံက ရေကျချိန်တွင် ပေ ၁၅၀ခန့်အထိ ဖြစ်ပေါ်နေသည်။ မြစ်ရေက ကြည်လင်မှု မရှိသော်လည်း လူငယ်များရေကူးနိုင်၊ ဆော့ကစားနိုင်သည်ဖြစ်ရာ ဒေသခံလူငယ်များ၊ ဧည့်သည့်များအတွက် အပန်းဖြေ

နိုင်သော ကမ်းခြေတစ်ခုအဖြစ်တည်ရှိနေခြင်းဖြစ်သည်။

ကမ်းခြေတွင် ရေကူးရာ၌ အသုံးပြုနိုင်သော ရော်ဘာကွင်းများ ငှားရမ်းအသုံးပြုနိုင်အောင် စီစဉ်ပေးထားသည်ကို တွေ့ရသည်။ ဝါးတိုင်များ စိုက်ထူကာ ယာယီနားခိုတဲငယ်များ၊ အလွယ်တကူစားသောက်နိုင်သည့် ဆိုင်ငယ်အချို့ကိုလည်း တွေ့ရသည်။ ပွင့်လင်းရာသီကာလတွင် ဧည့်သည်များလာရောက်ကြကြောင်း သိရသည်။ ကမ်းခြေတွင် လာရောက်အပန်းဖြေသူများအတွက် ငါးကြော်၊ ပုဇွန်ကြော်များလည်း ဝယ်ယူစားသောက်နိုင်သဖြင့် အဆင်ပြေလေသည်။

မအူပင်ကမ်းခြေသည် ပင်လယ်ကမ်းခြေကဲ့သို့ ကမ်းခြေမျိုးမဟုတ်သော်လည်း ကျေးလက်သဘာဝမြင်ကွင်း ပုံစံမျိုးဖြစ်ရာ ခပ်လှမ်းလှမ်းတွင် ကျေးရွာ အချို့နှင့် လယ်ကွင်းများ၊ စိုက်ခင်းများကို တွေ့မြင်ရသည့်အတွက် အဆင့်မြင့်တင်မှု ပြုလုပ်နိုင်လျှင် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွက်လာနိုင်သည်ဟု တွေးမိသည်။

ကျွန်တော်တို့ကမ်းခြေတွင် ယာယီဆိုင်ငယ်တစ်ခု၌ ထိုင်ရင်း ပုစွန်ကြော်မှာစားပြီး ရေကစားနေကြသည့် လူငယ်အချို့ကို ကြည့်နေမိသည်။ တစ်ဦးနှင့်တစ်ဦး ကျီစယ်နောက်ပြောင်သံများခပ်သဲ့သဲ့လွင့်ပျံ့လာသည်။ ရော်ဘာကွင်းကိုင်ကာ ရေစပ်သို့ဆင်းသွားသူအချို့ကိုလည်း တွေ့မြင်ရသည်။ လှပသော ပင်လယ်ကမ်းခြေမျိုးမဟုတ်သော်လည်း လူငယ်တို့ပျော်နိုင်ကြလေသည်။ အတန်ကြာမျှ ကမ်းခြေတွင်လေ့လာပြီးနောက် မအူပင်မြို့ဘက်သို့ ကျွန်တော်တို့ပြန်လာကြသည်။

မအူပင်တံတားပေါ်ဖြတ်သန်းပြီးနောက် မအူပင်မြို့တွင်းဝင်ရောက်လာခဲ့ကြသည်။ မအူပင်ခရိုင်အတွင်း မြစ်ကူးတံတား လေးစင်းရှိရာ မအူပင်တံတား၊ ခတ္တိယတံတား၊ ပန်းတနော်တံတားနှင့် ဗိုလ်မြတ်ထွန်းတံတားတို့ဖြစ်သည်။ မအူပင်တံတားမှာ တန် ၆၀အထိ ခံနိုင်ရည်ရှိသော တံတားဖြစ်ပြီး ၁၉၉၄ခုနှစ် မေ ၄ ရက်က အုတ်မြစ်ချတည်ဆောက်ခဲ့ရာ ၁၉၉၈ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်၌ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သော တံတားလည်းဖြစ်သည်။ မအူပင်တံတားကြောင့် ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်များနှင့် ဆက်စပ်သွားလာနိုင်မှု ချောမွေ့အဆင်ပြေသွားခဲ့ရာမအူပင်မြို့သည်လည်း တိုးတက်ဖွံ့ဖြိုးမှုအရှိန်ရလာခဲ့ပြီဖြစ်သည်။

မအူပင်မြို့က လမ်းဘေးဝဲယာတွင် အိုးအိမ်သစ်များ၊ အိုးအိမ်ဟောင်းအချို့နှင့် စတိုးဆိုင်ကြီးများ၊ ဘဏ်များဖြင့်ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို တွေ့ရသည်။ တကယ်တော့မအူပင်မြို့သည် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆဋ္ဌမမြောက်အကြီးဆုံးမြို့တစ်မြို့လည်းဖြစ်သည်။ မအူပင်မြို့သည် ယခင်မြန်မာဘုရင်များ လက်ထက်က ရွာငယ်တစ်ရွာ မျှသာ ရှိခဲ့သော်လည်း ၁၈၅၂ခုနှစ်တွင် ဟံသာဝတီခရိုင် ဒလခရိုင်ခွဲအတွင်း ပါဝင်ခဲ့ပြီး ၁၈၇၅ခုနှစ်တွင် သုံးခွခရိုင်အတွင်းမှ မြို့တစ်မြို့ဖြစ်လာခဲ့သည်ဟုလည်းဆိုကြသည်။ မှတ်တမ်း တစ်ခုတွင် ၁၈၇၉ခုနှစ်၌ ဗြိတိသျှ ဒုတိယ ကော်မရှင်နာ အက်စ်တီ စမစ်က မြို့ကိုတည်ခဲ့ဟုလည်းဆိုထားပြီး ၁၈၈၈ခုနှစ်တွင် မအူပင်မြို့ မြူနီစီပယ် အဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း ဖတ်ရှုခဲ့ရပြန်သည်။ ထိုစဉ်ကပင် မအူပင်မြို့ကို ရေလွှမ်းမှု မကြုံတွေ့စေရန် အရှည် ၈၀ မိုင် ဖြောလုံရှိသည့် ရေကာတာကြီးတည်ဆောက်ခဲ့ကြောင်း၊ မြို့တွင်း ဂျင်မခါနာကလပ်အနီးကြီးမားသည့် မအူပင်ကြီးတစ်ပင်တည်ရှိခဲ့သည်ကို အစွဲပြုပြီး မအူပင်မြို့ဟုခေါ်ဆိုခဲ့ခြင်းဖြစ်ကြောင်း လေ့လာခဲ့ဖူးသည်။

မအူပင်မြို့တွင်း လိုက်လံလေ့လာကြည့်ရှုရာတွင် နှစ်ပေါင်း ၁၃၀ ကျော်က သက်တမ်းရင့် အဆောက်အအုံများကိုတွေ့ရသည်။ ရှေးခေတ်လက်ရာများဖြစ်ရာ ထိန်းသိမ်းစောင့်ရှောက်သင့်သည်မှာ အမှန်ပင်ဖြစ်သည်။ ကျွန်တော်တို့ မအူပင်မြို့ရှိ ရွှေဘုန်းမြင့် စေတီသို့ သွားရောက်ဖူးမျှော်ခဲ့ကြသည်။ မအူပင်မြို့ ၂ရပ်ကွက်၊ ဘုရားလမ်းတွင်တည်ရှိပြီး ၁၇၉၀ခုနှစ်က တည်ထားခဲ့သော စေတီတစ်ဆူဖြစ်သည်။ ရင်ပြင်တော်ပေါ်တွင် ဘုရားဖူးမျှော်ပြီးလှည့်လည်လေ့လာခဲ့ရာ ရွှေရောင်ဝင်းပစွာဖြင့် သပ္ပာယ်စရာကောင်းသည့် စေတီအဖြစ်ဖူးတွေ့ရသည်။ အရံစေတီများကိုလည်း ရွှေချထားသည့်အပြင် စတီးအကာအရံများဖြင့် စနစ်တကျထည့်သွင်း တည်ဆောက်ထားသည်ကိုတွေ့ရသည်။ ရင်ပြင်တော်ပေါ်တွင်ဣန္ဒာသယ ဆုတောင်းပြည့်အောင်စေတီတည်ရှိသဖြင့် ဝင်ရောက်ဖူးမြော်ဆုတောင်းခဲ့ပြီးနောက် ဘုရားပေါ်မှ ပြန်ဆင်းလာခဲ့ကြသည်။

မအူပင်မြို့တွင် မြို့တောင်ဘက် ၁ရပ်ကွက်ရှိ စိမ်းမြကန်သာစေတီနှင့် မအူပင်မြို့ ရှေးဟောင်းစေတီတစ်ဆူဖြစ်သည့် ပေါ်တော်မူ စေတီများကလည်း မြို့ကျက်သရေဆောင်စေတီများဖြစ်ရာ မအူပင်မြို့သို့လာရောက်ကြသည့် ဧည့်သည်များ မရောက်ရောက်အောင် သွားရောက်ဖူးမြော်ကြသည့် စေတီများပင်ဖြစ်သည်။

မအူပင်မြို့သည် ခြင်ပေါများရာမြို့တစ်မြို့အဖြစ်နာမည်ကြီးသည်ဖြစ်ရာ ၁၉၉၇ ခုနှစ်ကပင် မအူပင်အရေးပိုင်က ဗြိတိသျှ အစိုရထံခြင်လုံ မော်တော်ဘုတ်အသုံးပြုခွင့်တောင်းဆိုခဲ့ပြီး သွားလာခဲ့ရသည်ဟု မှတ်သားခဲ့ရဖူးသည်။ ကျွန်တော်အရင်က မအူပင်မြို့ကိုသုံးကြိမ်ရောက်ခဲ့ဖူးရာ သုံးကြိမ်စလုံး တစ်မြို့လုံးလမ်းတိုင်းခြင်နှိမ်နင်းရေးအဖြစ် ခြင်ဆေးဖျန်းခြင်း၊ မှုတ်ခြင်း၊ ရေတိုင်ကီ၊ အုတ်ကန်များအတွင်း ပိုးလောက်လမ်းနှိမ်နှင်းသည့် ဆေးခပ်ခြင်းများကို တက်ညီလက်ညီ လုပ်ကိုင်နေကြသည်နှင့် ကြုံခဲ့ရဖူးသည်။ ယခုအချိန်တွင် မအူပင်မြို့၌ ခြင်ပေါများမှုမရှိတော့။

မအူပင်မြို့က ထူးခြားမှုရှိသည့် မြို့ဖြစ်သည်။ ဗုဒ္ဓဘာသာရဟန်းတော်များအား တစ်နှစ်ပတ်လုံးတစ်ရက်မပျက်ဆွမ်းလောင်း လှူကြသည့် အစဉ်အလာကောင်းပင်ဖြစ်သည်။ တချို့မြို့ရွာများတွင် ရပ်ကွက်၊ လမ်းများက ဝါတွင်းကာလဆွမ်းလောင်းကြသလို အချို့ကဝါပကာလသတ်မှတ်ရက်တွင် ဆွမ်းလောင်းကြခြင်းဖြစ်သော်လည်း မအူပင်မြို့က တစ်နှစ်ပတ်လုံးရက်ပျက် မရှိ ဆွမ်းလောင်းကြခြင်းဖြစ်သည်။ အဖွဲ့အစည်းအလိုက်၊ ရပ်ကွက်အလိုက် ဆွမ်းလောင်းကြသည်ဖြစ်ရာ မွန်မြတ်သည့် စိတ်ဓာတ်နှင့် ဒါနကုသိုလ်ပြုကြသူများဖြစ်သည်။

မအူပင်မြို့တွင် ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ မအူပင်တက္ကသိုလ်တို့လည်းရှိနေရာ ကျွန်တော်တို့ ကားဖြင့် လိုက်လံကြည့်ရှုလေ့လာခဲ့ကြသည်။ ကျောင်းဖွင့်ရက်ဖြစ်ရာ တက္ကသိုလ်ကျောင်းသား ကျောင်းသူများဝင်ထွက်သွားလာနေကြသည် ကိုတွေ့မြင်ခဲ့ရသည်။ မိမိတို့ဒေသတွင်း၌သာ အဆင့်မြင့်ပညာများသင်ကြားနိုင်သော အခွင့်အရေးရရှိနေခြင်းဖြစ်သည်ကို တွေးရင်း ပီတိဖြစ်နေမိသည်။

မအူပင်မြို့က ထူးချွန်ထင်ရှားသူများထွက်ပေါ်ရာနယ်မြေတစ်ခုလည်း ဖြစ်ရာ မြန်မာနိုင်ငံ အဓိပတိဒေါက်တာ ဘမော်မှာ မအူပင်ဇာတိဖြစ်သလို သတင်းဆရာဦးသိမ်းမောင်မှာလည်း မအူပင်မြို့အနီးမလက်တိုရွာသားတစ်ဦး ဖြစ်သည်။ အနုပညာရှင်များ တွင်လည်း အဆိုတော်နှင့် ရုပ်ရှင်မင်းသားဖြစ်သူ ခင်မောင်ရင်၊ ဟာသသရုပ်ဆောင် ငှက်ပျော်ကြော်၊ ရုပ်ရှင်မင်းသား မောင်ယဉ်ထွေး၊ ရုပ်ရှင်မင်းသမီး မေသဇ္ဈာဦးနှင့် စုလှိုင်းနှင်း၊ တင်နီလာဝင်း၊ သင်းသင်းယုလှိုင်တို့မှာ မအူပင်ဇာတိများပင် ဖြစ်သည်ကို အတွေးရောက်သွားပြန်သည်။

ကျွန်တော်တို့ မအူပင်မြို့ကမ်းနားလမ်းအတိုင်း လာရောက်ခဲ့ရာ စက်လှေခုတ်မောင်းသံများ စက်လှေများ ဝင်ထွက်ဆိုက်ကပ်မှုများ၊ အိမ်ဆိုင်များဖြင့် စည်ကားလျက်ရှိသည်။ ထမင်းဆိုင်တစ်ဆိုင်တွင် နေ့လည်စာဝင်ရောက်စားကြသည်။ မအူပင်မြို့က မုန့်ဟင်းခါး နာမည်ကြီးသလို ထမင်းဟင်းလည်းလက်ရာကောင်းသည်ဟုဆိုသဖြင့် ထမင်းဝင်စားခြင်းဖြစ်သည်။ ကျွန်တော်က ငါးရံ့အူဟင်း ဖြင့်မှာစားရာ ဆူဖြိုးသော ငါးရံ့အူကို အတွဲလိုက်သန့်စင်အောင် ဆေးကြောပြီး မဆလာဖြင့် မွှေးနေအောင် ချက်ထားရာ အရသာရှိလှသည်။ ငါးချဉ်သုပ်၊ ပဲသီးတောင့်အစိမ်းကြော်၊ မျှစ်ကြော်တို့က အရန်ဟင်းအဖြစ်ပြင်ဆင်ပေးထားသည့်အပြင် ခပ်စပ်စပ် အရည်သောက် ဟင်းချိုကြောင့် ခံတွင်းရှင်းကာ စားမြိန်လေသည်။

ထမင်းစားပြီးနောက် ရှေးဟောင်းသမိုင်းဝင် ဂူကုန်းကျောင်းတိုက်ရှိရာ မလက်တိုရွာသို့သွားရန် စီစဉ်ထားသော်လည်း ရုတ်တရက်ရွာချလိုက်သောမိုးကြောင့် အစီအစဉ်ဖျက်လိုက်ရသည်။ ဂူကုန်းကျောင်းတိုက်အတွင်း ရနောင်မောင်မောင်တုတ် လှူဒါန်းထားသော နဂါးလေးရုပ်ခံထားသည့် လုံးပတ် ၅၂လက်မရှိသော မှန်စီရွှေချသပိတ်ကြီးကို ကိုယ်တိုင်ကြည့်ရှုလိုစိတ်ကိုလည်း မြိုသိပ်လိုက်ရသည်။

မိုးအစဲကိုစောင့်သော်လည်း တော်တော်နှင့်မစဲ၊ မွန်းလွဲ ၂နာရီကျော်ပြီဖြစ်ရာ ရန်ကုန်ပြန်ရန်စီစဉ်ရတော့သည်။ ကားပေါ် ပြန်တက်ပြီး မအူပင်မြို့မှ ထွက်သည့် အချိန်အထိ မိုးနှောင်းမိုးကသဲသဲမဲမဲရွာနေဆဲ။ ။

တကယ်တော့ မအူပင်မြို့သည် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆဋ္ဌမမြောက်အကြီးဆုံး မြို့တစ်မြို့လည်းဖြစ်သည်။ မအူပင်မြို့သည် ယခင်မြန်မာဘုရင်များ လက်ထက်က ရွာငယ်တစ်ရွာမျှသာရှိခဲ့သော်လည်း ၁၈၅၂ ခုနှစ်တွင် ဟံသာဝတီခရိုင် ဒလခရိုင်ခွဲအတွင်း ပါဝင်ခဲ့ပြီး ၁၈၇၅ခုနှစ်တွင် သုံးခွခရိုင်အတွင်းမှ မြို့တစ်မြို့ဖြစ်လာခဲ့သည်ဟုလည်းဆိုကြသည်။ မှတ်တမ်းတစ်ခုတွင် ၁၈၇၉ခုနှစ်၌ ဗြိတိသျှ ဒုတိယ ကော်မရှင်နာ အက်စ်တီစမစ်က မြို့ကိုတည်ခဲ့ဟုလည်းဆိုထားပြီး ၁၈၈၈ ခုနှစ်တွင် မအူပင်မြို့ မြူနီစီပယ်အဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း ဖတ်ရှုခဲ့ရပြန်သည်။ ထိုစဉ်ကပင် မအူပင်မြို့ကို ရေလွှမ်းမှုမကြုံတွေ့စေရန် အရှည် ၈၀ မိုင် ဖြောလုံရှိသည့် ရေကာတာကြီးတည်ဆောက်ခဲ့ကြောင်း၊ မြို့တွင်း ဂျင်မခါနာကလပ်အနီး ကြီးမားသည့် မအူပင်ကြီးတစ်ပင်တည်ရှိခဲ့သည်ကို အစွဲပြုပြီး မအူပင်မြို့ဟုခေါ်ဆိုခဲ့ခြင်းဖြစ်ကြောင်း လေ့လာခဲ့ဖူးသည်။

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများ ဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

ပြည်တွင်းအလုပ်သမားအားလုံး အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုပါ

ခင်ရတနာ၊ ဓာတ်ပုံ-Larisa

ယနေ့အချိန်တွင် မြန်မာနိုင်ငံသားလေးဦးအနက် တစ်ဦးသည် မိမိနေထိုင်ရာနေရပ်ဒေသကို ထားရစ်ကာ အခြားပြည်တွင်း သို့မဟုတ် ပြည်ပသို့ ရွှေ့ပြောင်းသွားလာနေကြသည်။ မြန်မာနိုင်ငံသည် လူသားရွှေ့ပြောင်းသွားလာမှုမြင့်မားသည့်နိုင်ငံများအနက် တစ်နိုင်ငံဖြစ်လာသည်။ လက်ရှိနိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးအပြောင်းအလဲများကြောင့်လည်း လာမည့်နှစ်ပေါင်း ၂၀ အတွင်း ရွှေ့လျားလူဦးရေသည် သန်းနှင့်ချီ၍ တစ်ရှိန်ထိုးမြင့်မားလာနိုင်သည်ကို ခန့်မှန်းရသည်။

အလုပ်သမားတိုင်းသည် ရပိုင်ခွင့်၊ အခွင့်အရေးနှင့် ခံစားခွင့်များအတွက် ဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ရရှိနိုင်သည်။ အလုပ်လုပ်ကိုင်နိုင်သည့် မည်သူမဆို အလုပ်သမားအဖြစ် သတ်မှတ်နိုင်ပြီး အလုပ်သမားတိုင်းသည် မိမိတို့ကို လုပ်ခလစာပေးအပ်ထားသည့် အလုပ်ရှင်အပေါ် သတ်မှတ်တာဝန်များ ကျေပွန်နိုင်ရန်လည်း လိုအပ်သည်။ အလုပ်ရှင်နှင့် အလုပ်သမားများအကြား အပြန်အလှန်ကတိတရားများထားရှိကာ နှစ်ဦးနှစ်ဖက် အကျိုးရှိစေနိုင်မည့် အလုပ်ခန့်အပ်ထားမှုဆိုင်ရာသဘောတူစာချုပ်မူကြမ်းကို ရေးဆွဲခဲ့သည်။ ယင်းမူကြမ်းကို ယခုနှစ် ဇူလိုင်လကုန်က အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များက အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြကာ စိစစ်အတည်ပြုနိုင်ခဲ့ပြီဖြစ်သည်။

အလုပ်လုပ်နေတဲ့သူတိုင်း အလုပ်ခန့်ထားမှုအတွက် လက်မှတ် ထိုးထားပါ

အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို အလုပ်သမားငါးဦးနှင့်အထက်ရှိသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၊ ကုမ္ပဏီများ၊ လုပ်ငန်းများနှင့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအားလုံးမှဝန်ထမ်းနှင့်အလုပ်ဌာန တာဝန်ရှိသူများက ချုပ်ဆိုကြရမည်ဖြစ်သည်။ ထို့အပြင် ယာယီခန့်အပ်ထားသည့် နေ့စားအလုပ်သမားများနှင့် ပုတ်ပြတ်အလုပ်သမားများသည်လည်း တစ်ဦးချင်းစာချုပ်အဖြစ် ချုပ်ဆိုရမည်ဖြစ်သည်။ အလုပ်ရှင်နှင့်အလုပ်သမား နှစ်ဦးနှစ်ဖက် ဖတ်ရှုပြီး သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးကာ သက်ဆိုင်ရာ မြို့နယ် သို့မဟုတ် ခရိုင်ရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများသို့ အတည်ပြုချက် ရယူရမည်ဖြစ်ကြောင်း သိရသည်။

မူလ ၂၀၁၅ခုနှစ်က ချုပ်ဆိုရန်အတွက် ရေးဆွဲထားသည့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်သည် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအားလုံးကို ကိုယ်စားမပြုသည့် အချက်အလက်များနှင့် အချို့သော အချက်အလက်များမှာ အလုပ်ရှင်နှင့် အလုပ်သမားများက စာချုပ်ချုပ်ရန် အခက်အခဲများရှိနေခဲ့သည့်အတွက် အသစ်ရေးဆွဲ အတည်ပြုခဲ့ရခြင်းဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှသိရသည်။

အဆိုပါစာချုပ်တွင် အလုပ်ရှင်၏ နေရပ်လိပ်စာအပြည့်အစုံ၊ အလုပ်ရှင်၏ နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် နိုင်ငံကူးလက်မှတ်နှင့် အလုပ်ရှင်ဟု ခေါ်ဆိုရမည့်သူအဖြစ် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် အကျိုးတူဖက်စပ်လုပ်ငန်းလုပ်ကိုင်သူနှင့် ပုဂ္ဂလိကလုပ်ငန်းဖြစ်ပါက အလုပ်ရှင်သေဆုံးသည့်အခါ လုပ်ငန်းဆက်ခံသူ သို့မဟုတ် တရားဝင်ကိုယ်စားလှယ်တို့အားလုံး အကျုံးဝင်ကြောင်း ဖော်ပြထားသည်။

တစ်ဖက်တွင်လည်း အလုပ်သမားနှင့်ကိုယ်ရေးအကျဉ်းနှင့် နေရပ်လိပ်စာအပြည့်အစုံ၊ လုပ်ခရသည်ဖြစ်စေ၊ လုပ်ခမရရှိသည်ဖြစ်စေ အလုပ်လုပ်ကိုင်လျက်ရှိသော အလုပ်သင်များ၊ ပညာသင်များကိုလည်း ထည့်သွင်းချုပ်ဆိုရမည် ဖြစ်သည်။

အလုပ်ရှင်နှင့်အတူနေကာ အလုပ်ရှင်အပေါ်တွင် မှီခိုနေသော အလုပ်ရှင်၏ မိသားစုကို ပါဝင်သည်ဟု မသတ်မှတ်ရဟူ၍ ပြဋ္ဌာန်းထားသည်။ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး အလုပ်အကြောင်းအရာဆိုင်ရာ အကျဉ်းချုပ်ကိုလည်း ထိုသဘောတူညီချက်စာချုပ်တွင် ပူးတွဲဖော်ပြနိုင်သည်။

ထို့အပြင် လုပ်ငန်းအမျိုးအမည်၊ လုပ်ငန်းတည်နေရာ၊ ရာထူးနှင့် ဌာနအပိုင်းအခြား၊ တာဝန်အကျဉ်းချုပ်တို့ကိုလည်း အဆိုပါက သဘောတူညီမှုစာချုပ်တွင် ထည့်သွင်းထားရမည် ဖြစ်သည်။ အစမ်းခန့်ကာလကို စတင်ခန့်အပ်သည့်နေ့မှ သုံးလပြည့်သည့်နေ့အထိ သတ်မှတ်ရမည်ဖြစ်ပြီး အလုပ်ရှင်မှ အစမ်းခန့်ကာလ မလိုအပ်ဟုယူဆပါက အတည်ပြု (အမြဲတမ်း) ဝန်ထမ်းအဖြစ် တိုက်ရိုက်ခန့်အပ်နိုင်ကြောင်း သိရသည်။

လုပ်ခလစာသတ်မှတ်ခြင်းနှင့် စာချုပ်သက်တမ်းတိုးခြင်း

လုပ်ခနှင့်လစာကို အလုပ်ခန့်ထားမှု သဘောတူညီချက်စာချုပ်တွင် ထည့်သွင်းချုပ်ဆိုရာတွင် လုပ်ခလစာကို အလုပ်ရှင်နှင့်အလုပ်သမား ကနဦး သဘောတူသတ်မှတ်ထားသည့် လစာနှင့်အညီ ပေးချေသတ်မှတ်နိုင်သည်။ ထို့အပြင် အလုပ်သမား၏ လုပ်ရည်ကိုင်ရည်အပေါ်တွင် အခါအားလျော်စွာ အလုပ်ရှင်နှင့် အလုပ်သမားတို့ နှစ်ဦးသဘောတူပြောင်းလဲသတ်မှတ်နိုင်သည်။

သို့သော် သဘောတူညီချက်စာချုပ်အသစ်တွင် ထည့်သွင်းချုပ်ဆိုမည့် လုပ်ခလစာသည် သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ချက်များနှင့် ဆန့်ကျင်၍ သတ်မှတ်ခြင်းမပြုရကြောင်း ဖော်ပြထားသည်။ ထို့အပြင် လုပ်ခ၊ လစာပေးရေးနှင့်ပတ်သက်၍ တည်ဆဲဥပဒေများနှင့်အညီ အလုပ်ရှင်နှင့်အလုပ်သမားတို့က လိုက်နာလုပ်ဆောင်ကြရမည် ဖြစ်သည်။

အလုပ်သမားများဘက်မှ စာချုပ်ပါအချက်အလက်များကို ဖောက်ဖျက်ခြင်းမရှိပါက သဘောတူညီချက် စာချုပ်ကို သက်တမ်းတိုးပေးနိုင်သည်။ သို့ရာတွင် အလုပ်ရှင်သည် စာချုပ်သက်တမ်းကာလတိုးပေးခြင်းကို အကြောင်းမဲ့ ငြင်းပယ်ခြင်း မပြုလုပ်နိုင်ကြောင်း ယင်းသဘောတူညီစာချုပ်တွင် ထည့်သွင်းဖော်ပြထားသည်။ အမြဲတမ်းဝန်ထမ်း၊ အမြဲတမ်း အလုပ်သမားများသည် ခန့်အပ်ထားပြီးပါက စာချုပ်သက်တမ်းကို အလုပ်ရှင်၊ အလုပ်သမားညှိနှိုင်း၍ သတ်မှတ်ကာလထက်တိုးကာ ဆောင်ရွက်နိုင်ပြီး အလုပ်သမား၏ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၊ ကုမ္ပဏီ၊ လုပ်ငန်းတွင် အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ တစ်ဆက်တည်းဖြစ်သော လုပ်သက်များကို အလုပ်ရှင်မှ မှန်ကန်စွာ ရေတွက်ပေးရန်လည်း ထည့်သွင်းချုပ်ဆိုထားရသည်။

အလုပ်ပိတ်ရက် ပုံမှန်တစ်ပတ်ကိုတစ်ရက်

လူတစ်ဦး၏ ပုံမှန်အလုပ်ချိန်ကို ၈ နာရီခန့် သတ်မှတ်ထားသော်လည်း လုပ်ငန်းသဘာဝအရ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် ညှိနှိုင်း၍ ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ တင်ပြခွင့်ပြုချက်ရယူပြီး ပြောင်းလဲလုပ်ကိုင်နိုင်ရန်လည်း ယင်းစာချုပ်က ကူညီပေးထားသည်။ နားရက်အဖြစ် ရက်သတ္တတစ်ပတ်လျှင် တနင်္ဂနွေနေ့အဖြစ်လည်းကောင်း၊ လုပ်ငန်းသဘောသဘာဝနှင့်နေရာဒေသ၏ ဓလေ့ထုံးစံအရ တစ်ပတ်လျှင် အလုပ်နားရက်တစ်ရက်ကို အလုပ်ရှင်နှင့် အလုပ်သမားတို့၏ သဘောတူညီချက်ဖြင့်လည်းကောင်း သတ်မှတ်နိုင်သည်။ နားရက်တွင် တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ လုပ်ခလစာ ခံစားခွင့်ရှိကြောင်း သိရသည်။

အလုပ်ပိတ်ရက်အဖြစ် ပြည်ထောင်စုအစိုးရက သတ်မှတ်ပေးထားသည့် အများပြည်သူအလုပ်ပိတ်ရက်များတွင် လုပ်ခလစာအပြည့်ဖြင့် အနားပေးရမည်ဖြစ်ပြီး အများပြည်သူအလုပ်ပိတ်ရက်နှင့် ရက်သတ္တပတ် အလုပ်ပိတ်ရက် တိုက်ဆိုင်ပါက အများပြည်သူအလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ရမည် ဖြစ်ကြောင်း သိရသည်။

ခွင့်ရက်များအဖြစ် အလုပ်စဝင်သည့် တစ်နှစ်အတွင်း ရှောင်တခင်ခွင့် ခြောက်ရက်ကို လုပ်ခလစာအပြည့်ဖြင့် ခံစားခွင့်ရှိပြီး နှစ်ကျော်ပါက ယင်းခွင့်မှာ ပျက်ပြယ်သည်။ တစ်ကြိမ်လျှင် သုံးရက်ထက်ပိုခံစားခွင့်မရှိ၊ မည်သည့်ခွင့်နှင့်မျှလည်း ပေါင်းစပ်ခံစားခွင့်မရှိဟု သတ်မှတ်ထားသည်။ လုပ်သက်ခွင့်တွင် လုပ်သက် ၁၂လပြည့်ပြီး လစဉ် အလုပ်ဆင်းရက် ၂၀ ရှိထားပါက အခြေခံလုပ်ခလစာ သို့မဟုတ် မည်သည့်စရိတ်မျှမပါသည့် အခြေခံနေ့တွက်နှုန်းဖြင့် တစ်နှစ်အတွက် ဆယ်ရက် တစ်ဆက်တည်းခံစားခွင့်ရမည်။

စာမျက်နှာ ၂၁ သို့

အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို အလုပ်သမားငါးဦးနှင့် အထက်ရှိသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ် ဌာန၊ ကုမ္ပဏီများ၊ လုပ်ငန်းများနှင့်အစိုးရဌာန၊ အစိုးရအဖွဲ့ အစည်းများအားလုံးမှ ဝန်ထမ်းနှင့်အလုပ်ဌာန တာဝန်ရှိသူများက ချုပ်ဆိုကြရမည်ဖြစ်သည်။ ထို့အပြင် ယာယီခန့်အပ်ထားသည့် နေ့စားအလုပ်သမားများနှင့် ပုတ်ပြတ်အလုပ်သမားများသည်လည်း တစ်ဦးချင်းစာချုပ်အဖြစ် ချုပ်ဆိုရမည်ဖြစ်သည်။ အလုပ်ရှင်နှင့်အလုပ်သမား နှစ်ဦးနှစ်ဖက်ဖတ်ရှုပြီး သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးကာ သက်ဆိုင်ရာမြို့နယ် သို့မဟုတ် ခရိုင်ရှိ အလုပ်အကိုင်နှင့်အလုပ်သမား ရှာဖွေရေးရုံးများသို့ အတည်ပြုချက်ရယူရမည်ဖြစ်

စာမျက်နှာ ၂၀ မှ အဆက်

သို့သော် ယင်းခံစားခွင့်ကို အလုပ်ရှင်၊ အလုပ်သမားသဘောတူညီချက်ဖြင့် ခွဲ၍လည်း ခံစားနိုင်ကြောင်းသိရသည်။ တစ်လလျှင် ရက် ၂၀ ပြည့်မလုပ်ခဲ့သည့် လုပ်သားမှာမူ လုပ်သက်ခွင့်ရက်မှ ခွင့်တစ်ရက်ကျစီကို လတိုင်းအတွက် အဖြတ်ခံရမည်ဖြစ်သည်။

ဆေးခွင့်ကို လုပ်သက်ခြောက်လပြည့်ပြီးသည့် မည်သူမဆို တစ်နှစ်အတွက် ဆေးခွင့်ရက် ၃၀ ကို အခြေခံလစာဖြင့် ခံစားနိုင်သည်။ အနည်းဆုံးလုပ်သက် ၆လမပြည့်ပါကလည်း ဆေးလက်မှတ်ခွင့်ကို လစာမရှိခွင့်ရက်အဖြစ် ခံစားနိုင်ပြီး လူမှုဖူလုံရေး အကျုံးဝင်သူဖြစ်ပါက ယင်းဥပဒေပါခံစားခွင့်များကို ခံစားနိုင်သည်။

မီးဖွားခွင့်အတွက်မူ လုပ်သက်ခြောက်လပြည့်ပြီးသူသည် အခြေခံလစာဖြင့် မီးမဖွားမီခြောက်ပတ်နှင့် မီးဖွားပြီး ရှစ်ပတ်အတွက် ခံစားခွင့်ရှိသည်ဟု ယင်းစာချုပ်တွင် ထည့်သွင်းထားသည်။ အလုပ်သမား၏ မိသားစုဝင် သို့မဟုတ် မိဘနာရေး ကိစ္စဖြစ်သည့်အခါ အနည်းဆုံး အခကြေးငွေမှ ဖြတ်တောက်ခြင်းမရှိ ခံစားနိုင်သည်။ အလုပ်သမား၏ ဥပဒေပါ ခံစားမှုများ ကုန်ဆုံးသွားချိန်တွင် လစာမဲ့ခွင့်အနေဖြင့် ညှိနှိုင်း ခံစားခွင့်ရှိကြောင်း သိရသည်။

ထို့အပြင်သဘောတူညီချက်စာချုပ်အတွင်း အလုပ်ချိန်အတွင်း အစားအသောက်၊ နေရာထိုင်ခင်း၊ ခရီးသွားလာခြင်းနှင့် ကြိုပို့အစီအစဉ်များ၊ ဆေးဝါးကုသခြင်းစသည့် ကိစ္စရပ်များကိုလည်း မည်သို့ ဆောင်ရွက်နိုင်သည်ကို ဖော်ပြထားပြီး သဘောတူညီချက်များ ကြိုတင်ရယူထားရမည်ဖြစ်သည်။

လုပ်ငန်းခွင်စည်းမျဉ်း၊ စည်းကမ်းများကို သတ်မှတ်ညှိနှိုင်းထားရမည်ဖြစ်ပြီး ယင်းတို့ကို စာချုပ်တွင် ထည့်သွင်းချုပ်ဆိုထားရမည်ဖြစ်သည်။ အလုပ်ရှင်စေလွှတ်သည့် သင်တန်းသို့ တက်ရောက်ပါက ယင်းသင်တန်းတက်ရောက်ပြီးနောက် ဆက်လက်တာဝန်ထမ်းဆောင်ရန် အလုပ်သမားက သဘောတူညီသည့် ကာလကန့်သတ်ချက်ဖြင့် သင်တန်းများကို တက်ရောက်နိုင်မည်ဖြစ်ကြောင်းကိုလည်း စာချုပ်တွင် ထည့်သွင်းချုပ်ဆိုနိုင်သည်။

အလုပ်ထွက်ခြင်းနှင့် အလုပ်ဖြုတ်ခြင်း

အတည်ပြုခန့်ထားသော အလုပ်သမားသည် အလုပ်တာဝန်မှ နုတ်ထွက်လိုပါက အကြောင်းကြားစာကို သက်ဆိုင်ရာ လုပ်ငန်းခွဲတာဝန်ခံမှတစ်ဆင့် အလုပ်ရှင်သို့မဟုတ် မန်နေဂျာ သို့မဟုတ် စီမံအုပ်ချုပ်သူထံသို့ အနည်းဆုံး တစ်လကြိုတင်၍ အကြောင်းကြားရမည်။ အလုပ်မှတရားဝင်နုတ်ထွက်ခွင့်ပြုရာတွင် အလုပ်သမားသည် မိမိအားထုတ်ပေးထားသည့် လစာကတ်၊ ဝန်ထမ်းကတ်၊ လုပ်ငန်းသုံးပစ္စည်းနှင့် ကိရိယာများကို ပြန်လည်ပေးအပ်ရမည့်အပြင် မိမိတာဝန်ယူထားသည့် စာရင်းများ၊ ငွေကြေးများ၊ ပစ္စည်းများကို အလုပ်ရှင်ထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ရမည်။ အလုပ်သမားသည် အလုပ်မှနုတ်ထွက်လိုပါက တစ်လကြိုတင်၍ အကြောင်းကြားရမည်ဖြစ်ပြီး အလုပ်ရှင်မှအလုပ်ရပ်စဲမှု နစ်နာကြေးပေးရန်မလိုဘဲ ရရန်ရှိသည့် အမှန်တကယ်အလုပ်လုပ်ခဲ့သည့် ရက်များအတွက် လုပ်ခကျန်ငွေနှင့် လုပ်သက်ခွင့်ကို ခံစားခွင့်ပေးပြီး နုတ်ထွက်ခွင့်ပြုရမည်။ သို့သော် အလုပ်ရှင်၏ ကုန်ကျစရိတ်ဖြင့် သင်တန်းတက်ရောက်ထားသည့် အလုပ်သမားများအတွက် အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါအတိုင်း ဆောင်ရွက်ရမည်ဟု စာချုပ်တွင် ထည့်သွင်းထားသည်။

အလုပ်သမားအား အလုပ်မှရပ်စဲခြင်း၊ ထုတ်ပယ်ခြင်းကိစ္စရပ်များအားလုံးသည် အလုပ်ရှင်တွင်သာ တာဝန်ရှိပြီး သတ်မှတ်ထားသော စည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်သည့် အလုပ်သမားများအား သာမန်ပြစ်မှုများအတွက် ပထမအကြိမ်စာဖြင့် သတိပေးခြင်း၊ ဒုတိယအကြိမ်စာဖြင့် သတိပေးခြင်း၊ တတိယအကြိမ်ဝန်ခံကတိလက်မှတ်ရေးထိုးစေခြင်းစသည့် သတိပေးခြင်းသုံးကြိမ်ပြုလုပ်ပြီးနောက် ၁၂ လအတွင်း အလုပ်သမားသည် သာမန်ပြစ်မှုကို ထပ်မံကျူးလွန်ခဲ့လျှင် အလုပ်ရှင်သည် နစ်နာကြေးပေးရန်မလိုဘဲ အလုပ်မှရပ်စဲနိုင်သည်။

သာမန်ပြစ်မှုတစ်ခုကျူးလွန်ပြီးပါက ၁၂လ အတွင်း နောက်ထပ်ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ခြင်းမရှိလျှင်ဖြစ်စေ၊ တတိယအကြိမ် ကျူးလွန်ခဲ့ပြီးနောက် ၁၂ လ အတွင်း ထပ်မံကျူးလွန်ခဲ့ခြင်းမရှိလျှင်ဖြစ်စေ ထိုကျူးလွန်ခဲ့သော ပြစ်မှုအားလုံးကို အလုပ်ရှင်မှ ချေဖျက်ပေးရမည်ဟု သဘောတူညီကြရမည်ဖြစ်သည်။

အလုပ်ရှင်၏ တာဝန်ဝတ္တရားများ

အသင်းအဖွဲ့ဝင်ဖြစ်မှု၊ လူမျိုး၊ ဘာသာ၊ ကျား/မ၊အသက်အရွယ်ကွာခြားမှုအပေါ်မူတည်၍ခွဲခြားဆက်ဆံခြင်း၊ တန်းတူအခွင့်အရေးမပေးခြင်းတို့ကိုမပြုလုပ်ရ၊ မြန်မာနိုင်ငံသို့ လာရောက်အလုပ်လုပ်ကိုင်သည့် နိုင်ငံခြားသား အလုပ်ရှင်များ၊ ကြီးကြပ်သူများ၊ ပညာရှင်များနှင့် မိသားစုဝင်များသည် မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို လေးစားလိုက်နာရမည်၊ တည်ဆဲအလုပ်သမားရေးရာ ဥပဒေများ အပါအဝင် မြန်မာနိုင်ငံ၏ တည်ဆဲအခြားဥပဒေများကို လေးစားလိုက်နာရမည်၊ ဥပဒေနှင့်အညီ တရားစွဲဆိုခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိရမည်၊ အလုပ်ရှင်သည် အလုပ်သမားများ၏ ရပိုင်ခွင့်များ၊ ခံစားပိုင်ခွင့်များနှင့် စပ်လျဉ်း၍ အလုပ်သမားများအား ပွင့်လင်းစွာအသိပေးထားရမည်၊အလုပ်ရှင်သည် လုပ်ငန်း၏လိုအပ်ချက်အရ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို အထူးဦးစားပေးဆောင်ရွက်ရမည်ဟု ယင်းစာချုပ်က ညွှန်းဆိုထားသည်။

အလုပ်သမားများ၏ တာဝန်ဝတ္တရားများ

အလုပ်သမားသည်လုပ်ငန်း၏လိုအပ်ချက်အရ ထုတ်ပြန်ထားသောလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်၊ လုပ်ငန်းခွင်အတွင်းသို့ မဝင်ရောက်မီလုပ်ငန်းလိုအပ်ချက်အရ သတ်မှတ်ထားသော လုပ်ငန်းခွင်အကာအကွယ်ပေးရေးပစ္စည်းများကို စနစ်တကျဝတ်ဆင်ရမည်၊ လုပ်ငန်းခွင်နှင့် အလုပ်ချိန်အတွင်း မူးယစ်ဆေးဝါးများကို သောက်စားခြင်း၊ လုပ်ဖော်ကိုင်ဖက်များကို စိတ်ပြိုပြင်အောင် နှောင့်ယှက်ခြင်း၊ အန္တရာယ်ပေးခြင်း၊ ကိုယ်ထိလက်ရောက်ကျူးလွန်စော်ကားခြင်းများ မပြုလုပ်ရ၊အလုပ်ရှင်မှကြိုတင်ဖွင့်ဟထားသည့် လျှို့ဝှက်အပ်သော သတင်းအချက်အလက်များကို ပြင်ပသို့မပေါက်ကြားအောင် ထိန်းသိမ်းရမည်၊ အခွင့်အမိန့်မရှိဘဲ လုပ်ငန်းနှင့်ဆိုင်သော စာရွက်စာတမ်းများ၊ စာရင်းများ၊ မှတ်တမ်းများကို ထုတ်နုတ်အသုံးပြုခြင်း၊ ကူးယူခြင်း၊ ဖယ်ရှားခြင်း၊ ဖျောက်ဖျက်ခြင်း၊ ပြင်ပသို့ယူဆောင်သွားခြင်းမပြုရ၊ အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များ ညှိနှိုင်းသဘောတူညီထားသည့် အခါအားလျော်စွာ ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာရမည်၊ အလုပ်သမားသည် တည်ဆဲဥပဒေများအတိုင်း ထည့်ဝင်ပေးဆောင်ရမည့်အခွန်အခများကို သတ်မှတ်နှုန်းထားများအတိုင်း ပေးဆောင်ရမည်၊တည်ဆဲအလုပ်သမားရေးရာ ဥပဒေများကို လေးစားလိုက်နာရမည်၊ ဥပဒေနှင့်အညီ တရားစွဲဆိုခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိရမည်၊အလုပ်ရှင်နှင့် အလုပ်သမားအငြင်းပွားမှုများပေါ်ပေါက်ပါက နှစ်ဦးနှစ်ဖက် ညှိနှိုင်းဖျန်ဖြေသည့်နည်းဖြင့်ဖြေရှင်းရမည်၊ အကယ်၍ ပြေလည်အောင်ဖြေရှင်းနိုင်ခြင်းမရှိပါက ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့် တည်ဆဲဥပဒေများအတိုင်း ဖြေရှင်းဆောင်ရွက်ရမည်။ အလုပ်ရှင်နှင့်အလုပ်သမား နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် မူလချုပ်ဆိုထားသော အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်အား ဖျက်သိမ်းနိုင်သည်ဟု ဖော်ပြထားသည်။

အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်အား လုပ်ငန်း၏သဘောသဘာဝအရ တည်ဆဲအလုပ်သမား ဥပဒေများပါ ရပိုင်ခွင့်နှင့် အခွင့်အရေးများအောက် ယုတ်လျော့ခြင်းမရှိဘဲ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၊ ကုမ္ပဏီ၊ လုပ်ငန်းမှ အလုပ်ရှင်နှင့် ၅၀ ရာခိုင်နှုန်းထက်ကျော်သော အလုပ်သမားများ၏ သဘောတူညီချက်ဖြင့်ပြင်ဆင်ဖြည့်စွက်နိုင်သည်ဟု သိရပြီး လုံခြုံစိတ်ချရသည့် ပျော်ရွှင်ဖွယ် လုပ်ငန်းခွင်များထံ ခိုင်မာတိကျသည့် သဘောတူညီချက်များဖြင့် အရောက်လှမ်းနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

(မြန်မာ့အလင်း)

မိခင်အမည်မှန်

ပျဉ်းမနားမြို့၊ အထက၊ သကြားစက်၊ တက္ကသိုလ်ဝင်တန်း (B) မှ မောင်အာကာမင်းထက်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်သူဇာဝင်း ၉/ပမန(နိုင်)၂၈၇၅၀၀ ဖြစ်ပါကြောင်း။

ဒေါ်ခင်သူဇာဝင်း

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ် ကြာညှပ်အထက တက္ကသိုလ်ဝင်တန်း (c) မှ မောင်မိုးဇော်အောင်၏ ဖခင်အမည်မှန်မှာ ဦးမဲအောင် ၉/သပက(နိုင်)၀၄၆၉၁၃ ဖြစ်ပါကြောင်း။

ဦးမဲအောင်

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ် ချောင်းကြီး အထက(ခွဲ) တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဝေယံဦး၏ ဖခင်အမည်မှန်မှာ ဦးမောင်ဆန်း MDA -၁၀၇၂၈၃ ဖြစ်ပါကြောင်း။

ဦးမောင်ဆန်း

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ် ကြာညှပ် အထက တက္ကသိုလ်ဝင်တန်း(D)မှ မမျိုးနန္ဒာဝင်း၏ ဖခင်အမည်မှန်မှာ ဦးမျိုးမျိုး ၉/သပက(နိုင်)၀၄၅၇၉၂ ဖြစ်ပါကြောင်း။

ဦးမျိုးမျိုး

Marrybrown Myanmar Company Limited ရုံးချုပ်တွင် တာဝန်ထမ်းဆောင်ရန်အောက်ပါ ဝန်ထမ်းများအလိုရှိပါသည်။

၁။	Receptionist	မ	(၁) ဦး
၂။	Admin	ကျား/မ	(၂) ဦး
၃။	Logistic	ကျား/မ	(၂) ဦး
၄။	Driver	ကျား	(၂) ဦး
၅။	Accountant	မ	(၃) ဦး
၆။	Warehouse Helper	ကျား	(၂) ဦး

အမှတ်စဉ်(၁)အတွက် -တက္ကသိုလ်မှ ဘွဲ့ တစ်ခုခုရရှိပြီးသူဖြစ်ရမည်အသက်(၂၀) နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။ စကားအပြောအဆို ယဉ်ကျေးပြီး ဆက်ဆံရေးပြေပြစ်ချောမောသူဖြစ်ရမည်။

အမှတ်စဉ်(၂)အတွက် -Computer, Microsoft Excel, Microsoft Word, Page Makerကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။ Admin လုပ်သက်အတွေ့အကြုံ အနည်းဆုံး (၁)နှစ်ရှိရမည်။

အမှတ်စဉ်(၃)အတွက် -Computer,Microsoft Excel, Microsoft Word, Page Makerကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။ Logistic လုပ်သက်အတွေ့အကြုံ အနည်းဆုံး (၁)နှစ်ရှိရမည်။

အမှတ်စဉ်(၄)အတွက် -၂ တန်အထက်ယာဉ်မောင်းနိုင်ရမည်။ ယာဉ်မောင်းသက်တမ်း အနည်းဆုံး (၃) နှစ်ရှိရမည်။

အမှတ်စဉ်(၅)အတွက် -B.com (သို့)LCCI Level II (သို့) Level III အနည်းဆုံးရှိရမည်။Computer, Microsoft Excel, Account Software ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။

အမှတ်စဉ်(၆)အတွက် -ဆက်ဆံရေးကောင်းမွန်သူ၊ အကျင့်စာရိတ္တကောင်းမွန်သူ၊ အလုပ်ကြိုးစားလိုသူဖြစ်ရမည်။

အထက်ပါရာထူးတာဝန်များအတွက် လာရောက်လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်းထောက်ခံစာမိတ္တူ၊ ရပ်ကွက်ရဲစခန်းတို့မှ အကျင့်စာရိတ္တကောင်း မွန်ကြောင်းထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်းစာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင် မိတ္တူနှင့်တကွအောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ။ ။ အမှတ် (၇)၊ လေးထောင့်ကန်လမ်းမကြီး၊ ရွှေကိန္နရီအိမ်ရာ၊ ဆ/ခရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁-၈၅၆၆၅၂၂/၀၁-၈၅၆၆၂၆၁/၀၁-၈၅၆၆၂၆၀/၀၉-၂၆၃၈၈၅၅၀၀/ ၀၉-၂၆၃၈၈၅၅၁၁။

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
အင်ဂျင်နီယာသင်တန်းသားများ
အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၁-၉-၂၀၁၇** ရက်နေ့မှ စတင်၍ **၂၅-၁၁-၂၀၁၇** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့(တောင်ကြီးခရိုင်)တွင် လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၉-၁၂-၂၀၁၇** မှ **၃၀-၁၂-၂၀၁၇** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၄၀၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၄၅၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၅၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသည့်အပြင် လူနေထိုင်ခွင့် (BCC) ကျပြီးဖြစ်၍ အဆင်သင့်တက်ရောက်နေထိုင်နိုင်ပါပြီ

ပေးချေရသည့်
ငွေတန်ဖိုးထက်မက
ပိုမိုထိုက်တန်စွာ ရရှိနိုင်မည့်
အထူးအခွင့်အရေး

တစ်ပေပတ်လည်လျှင်
၉၀၀၀၀ိ /- နှုန်း
မှစတင်၍..
ရောင်းချပေးနေပါပြီ

စွယ်တော်စီးတီး အိမ်ရာ

မင်္ဂလာဒုံမြို့နယ်

■ ရန်ကုန်မြို့တော်၏ မြောက်ဖက် အဝိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေးကားဂိတ်၊သီရိရတနာလက်လီ လက္ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာဖြစ်ပြီး မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ် မြေကေ (၃၀) ပေါ်တွင် တည်ဆောက်ထားပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့်အချိုးကျ မြေပိုင်ဆိုင်မှု ရရှိမည့် စီးပွားရေးအရ အချက်အခြာကျသည့်နေရာရှိ အဆင့်မြင့်စုပေါင်းအိမ်ရာ ဖြစ်ပါသည်။

■ Thai နိုင်ငံ G4 Architects မှ ရေးဆွဲသောဗိသုကာဒီဇိုင်း၊ Pile-Foundation၊ ခေတ်မီ Post-Tensioned စံနစ်ဖြင့် 10" Concrete Slab၊ ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်ထားသည့် (၈)ထပ် အဆင့်မြင့်ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိသည့်အပြင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး ၊Security System,CCTV, Fire Protection & Fire Alarm System,Back up Generator System များ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း Underground Cable များကိုသာ အသုံးပြုထားပါသည်။

■ ရေကူးကန်၊ စားသောက်ဆိုင်၊
Fitness Center,SPA,
Convenience Store,
လူဦးရေ(၃၀၀)ခန့် စုဝေးနိုင်သည့်
မြက်ခင်းပြင်ကျယ်နှင့် ခန်းမများ ပါဝင်သော
Clubhouse တစ်ခု ထည့်သွင်း
တည်ဆောက် ထားပါသည်။

■ (၃)ကေခန့် အကျယ်အဝန်းရှိ သဘာဝရေကန်ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းနှင့် စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့် အဆောက်အဦး ပတ်လည်တွင်သာယာလှပသောပန်းခြံ ဥယျာဉ်၊ကလေးကစားကွင်းများ အပါအဝင် ယာဉ်ရပ်နားရန် Car Parking နေရာများ အလုံအလောက် ပါဝင်ပါသည်။

အထူးအစီအစဉ်အနေဖြင့် AYA BANK, MOB BANK နှင့် ချိတ်ဆက်၍ (၅) နှစ် မှ (၁၀) နှစ်အထိ အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။

DEVELOPER-

GRAND STYLE CO.,LTD.

အမှတ်(၂၄၅)၊ ဗားကရာလမ်း (ဂမုန်းပွင့် မြေနီကုန်း) ၊စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 09 799-332211, 09 797-221133
09 799-221133

တောင်တန်းဒေသတွေအထိ
ဖြန့်ကြက်ထားတဲ့
မြန်မာ့အမြန်ဆုံးကွန်ရက်
ooredoo
ooredoo

လုပ်ငန်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်အစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးနှင့်လျှပ်စစ်ဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ဘောလခဲခရိုင်၊ မယ်စဲ့မြို့နယ်ရှိ ဖားဆောင်း-မယ်ဆည်နန်-မယ်စဲ့-နန်းမန်း-ဘီပီ(၁၃)လမ်းမိုင်(၄၁/၀-၄၉/၂)အတွင်းလမ်း တာချဲ့ခြင်းနှင့် ကတ္တရာခင်းခြင်း လုပ်ငန်းများကို လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်သောကြောင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန်** - ၁၈-၉-၂၀၁၇ ရက် နံနက် ၉:၃၀ နာရီ
တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်/အချိန် - ၁၇-၁၀-၂၀၁၇ ရက် ညနေ ၁၆:၃၀ နာရီ
လျှောက်လွှာရောင်းချမည့်နေရာ - ဘောလခဲခရိုင်၊ လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး

၃။ အသေးစိတ်သိရှိလိုသောအချက်အလက်များကို လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဖုန်း-၀၈၃-၂၂၂၁၄၉၄၊ ၀၈၃-၅၀၁၀၂တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

လုပ်ငန်းအိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ
ကယားပြည်နယ်လမ်းဦးစီးဌာန

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန

အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပျဉ်းမနားပင်မဓာတ်အားခွဲရုံဝင်းအတွင်းရှိ အောက်ဖော်ပြပါ ဓာတ်အားလွှတ်ဆက်စပ်ပစ္စည်းအဟောင်း ၉ မျိုးအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က)	230/33/11kV၊ 60MVA ၏ Y Phase Transformer (20MVA)	(၁)လုံး
(ခ)	LA	(၃)လုံး
(ဂ)	230kV Control Panel	(၁)လုံး
(ဃ)	33kV Circuit Breaker	(၁)လုံး
(င)	33kV Potential Transformer	(၃)လုံး
(စ)	33kV Current Transformer	(၃)လုံး
(ဆ)	Battery Charger	(၂)လုံး
(ဇ)	33kV Control Panel (Feeder)	(၁)လုံး
(ဈ)	33kV Control Panel (Main)	(၁)လုံး

၂။ လေလံဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) **လေလံပုံစံစတင်ရောင်းချမည့်ရက်** - ၁၈-၉-၂၀၁၇ရက်မှ ၂၂-၉-၂၀၁၇ရက်ထိ
(ခ) **လေလံပုံစံရောင်းချမည့်နေရာနှင့် ဖွင့်ပွဲပြုလုပ်မည့်နေရာ** - ရုံးအမှတ် ၂၇၊ နေပြည်တော်
(ဂ) **လေလံဖွင့်ပွဲပြုလုပ်မည့်ရက်** - ၁၂-၁၀-၂၀၁၇ရက် နံနက် ၁၀:၀၀နာရီ

အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင်စုံစမ်းနိုင်ပါသည်-
လေလံတင်ရောင်းချရေးအဖွဲ့
စီမံခန့်ခွဲရေးဌာန၊ ရုံးအမှတ် ၂၇
ဖုန်း-၀၆၇-၃၄၁၀၃၉၂၊ ၀၆၇-၃၄၁၀၃၇၅

ပညာရေးဝန်ကြီးဌာန၊ အဝေးသင်တက္ကသိုလ်များမှ
အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ခြင်းအတွက်

အိတ်ဖွင့်တင်ဒါပိတ်ရက် ပြင်ဆင်သတ်မှတ်ခြင်း

မြန်မာ့အလင်းသတင်းစာ၏ ၁၂-၉-၂၀၁၇ရက်စွဲပါ အဝေးသင်တက္ကသိုလ်များမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူထားခဲ့သည့်ဈေးနှုန်းလွှာတင်သွင်းရန် နောက်ဆုံးသတ်မှတ်ရက်ဖြစ်သည့် ၆-၁၀-၂၀၁၇ရက်သည် သီတင်းကျွတ်ရုံးပိတ်ရက်ကာလများတွင် ပါဝင်နေသဖြင့် ၁၁-၁၀-၂၀၁၇ ရက်အထိ ပြင်ဆင်သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်။

အဝေးသင်တက္ကသိုလ်များ၏ စာအုပ်များနှင့် သင်ခန်းစာ ပို့ချချက် ဒီဗွီဒီချပ်များ ထုတ်လုပ်ရေးလုပ်ငန်းကော်မတီ

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ဗိုလ်ကြီးဖြိုးဝေလွင် (D.S.T.A-11)
တပ်မတော်-လေ

လူတိုင်းအပေါ် မေတ္တာထားလေးစားကူညီတတ်ပြီး စိတ်ရင်းကောင်းတဲ့ ကို့ရဲ့ ၁၇-၉-၂၀၁၇ ရက်တွင်ကျရောက်သောမွေးနေ့အတွက် Happy Birthday ပါရှင်။ ပျော်ရွှင်ဖွယ်ရာမွေးနေ့လေးဖြစ်ပါစေနော်။ အောင်မြင်တောက်ပသော အနာဂတ်နေ့ရက်များစွာကို စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ပိုင်ဆိုင်ဖြတ်သန်းနိုင်ပါစေရှင်။

ကေခိုင်

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်မကျွန်း အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မဇင်ယုနွယ်၏ ဖခင်အမည်မှန်မှာ ဦးသိန်းထိုက်စံ ၈/စလန(နိုင်)၁၀၀၅၃၈ ဖြစ်ပါသည်။ **ဦးသိန်းထိုက်စံ**

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း (D)မှ မောင်ထက်ဝေယံဖြိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင်ဦး ၇/လပတ(နိုင်)၁၁၃၀၃၉ ဖြစ်ပါသည်။

ဦးကျော်နိုင်ဦး

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ ကျော် ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မအိဝေမှူး၏ ဖခင်အမည်မှန်မှာ ဦးမြင့်သိန်း ၈/စလန(နိုင်)၀၄၂၄၇၄ ဖြစ်ပါသည်။

ဦးမြင့်သိန်း

မွေးသက္ကရာဇ်မှန်

ကချင်ပြည်နယ်၊ ဗန်းမော်မြို့ အလက-၃(ထ-ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ မအေးနန္ဒာ(ခ) မလောကို၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၆-၂၀၀၁ ဖြစ်ပါကြောင်း။ **မအေးနန္ဒာ**

အောင်လံဆရာတော်အသျှင်စန္ဒိမာ၏

ယောဂီအသစ်များအတွက် အထူးတရားစခန်း (အောက်တိုဘာ) ရန်ကုန်မြို့တွင် ကျင်းပမည်

အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ တိုက်ခွဲအမှတ် (၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၏ ဦးစီးပဓာနနာယက၊ သောတာပတ္တိမဂ်ရှုဖွယ်ကျမ်းနှင့် ယောနသံစင်ရော်၏ နက်နဲသော ပဟေဠိများကို ဖွင့်ဆိုခြင်း ကျမ်းပြု၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တစန္ဒိမာ(အောင်လံ)သည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်စံပြကျေးရွာရှိ တိုက်ခွဲအမှတ် (၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၊ ရန်ကုန်ရိပ်သာကြီးတွင် ယောဂီအသစ်များအတွက် ၁၀ရက် အဓိဋ္ဌာန် အထူးတရားစခန်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ တရားစခန်းဝင်ရောက်လိုသော ယောဂီများသည် ၂၀-၉-၂၀၁၇ရက် နံနက် ၇:၀၀ နာရီတွင် ရဟန်းနှင့် အမျိုးသားယောဂီများအတွက် ဖုန်း-၀၉-၄၄၄၄၃၆၀၇၀ နှင့် ၀၉-၄၄၄၄၃၆၀၉၉ များသို့လည်းကောင်း၊ သီလရှင်နှင့် အမျိုးသမီးယောဂီများအတွက် ဖုန်း-၀၉-၇၈၂၂၁၁၆၆၇ နှင့် ၀၉-၂၅၂၂၅၅၈၄၅၊ ၀၉-၇၉၈၇၂၁၉၂၀ များသို့လည်းကောင်း ဆက်သွယ်၍ စာရင်းပေးသွင်းရပါမည်။ မြန်မာနိုင်ငံအထက်ပိုင်းနှင့် အလယ်ပိုင်းမှ ယောဂီများဝင်ခွင့်မပြုပါ။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ယောဂီများသာဝင်ခွင့်ပြုပါမည်။ အထက်ဖော်ပြပါ နယ်ယောဂီများအတွက် ညောင်လေးပင်မြို့နယ်၊ ပဲခူးမြို့နယ်နှင့် မြိတ်မြို့နယ်များအတွက် သတ်မှတ်ပေးထားသော ပုဂ္ဂိုလ်များမှ ယောဂီဦးရေစာရင်းများအတိုင်း လက်ခံပေးပါမည်။

ယခုကျင်းပမည့် တရားစခန်းမှစတင်၍ ရန်ကုန်တရားစခန်းပွဲတိုင်းတွင် ပြည်တွင်း ယောဂီများအားလုံး အိမ်ထောင်စုစာရင်းပုံစံ-၁၀ မိတ္တူ(သို့မဟုတ်) ရပ်ကွက်အတွင်း အမှန်တကယ်နေထိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာတစ်ခုခုနှင့် မှတ်ပုံတင်မူရင်းပါမှသာလျှင် ယောဂီအဖြစ် လက်ခံပေးပါမည်။

ဖုန်းဖြင့်ဆက်သွယ်၍ တိုကင်နံပါတ်ရရှိပြီးသော ရန်ကုန်ယောဂီများသည် လူတွေ့စစ်ဆေးခြင်းအတွက် လာရောက်ရမည့် ၂၃-၉-၂၀၁၇ ရက် နံနက်တွင် အောက်ပါအတိုင်းလာရောက်ရန် ဖြစ်ပါသည်။

(က) တိုကင်အမှတ် ၁မှ ၂၀၀ အထိ = နံနက် ၈:၀၀ နာရီမှ ၁၁:၀၀ နာရီထိ
(ခ) တိုကင်အမှတ် ၂၀၁မှ ၄၀၀အထိ = မွန်းလွဲ ၁:၀၀ နာရီမှ ၃:၀၀ နာရီထိ
တရားစခန်းဝင်ရမည့်ရက်/အချိန် = ၃၀-၉-၂၀၁၇ ရက်၊ နံနက် ၉:၀၀ နာရီမှ မွန်းလွဲ ၁:၀၀ နာရီထိ
တရားစခန်းပြန်ထွက်ရမည့်ရက်/အချိန် = ၁၁-၁၀-၂၀၁၇ရက်၊ နံနက် ၇:၀၀နာရီ

မှတ်ချက်။ ။ နိုင်ငံခြားတိုင်းပြည်များမှ ယောဂီများအတွက် ဦးရေ ၅၀ နှင့် ပြည်တွင်းယောဂီများအတွက် ဦးရေ ၄၀၀ သာ လက်ခံပါမည်။
- ကျန်းမာရေးကောင်းမွန်ရမည်။
- တင်ပျဉ်ခွေမထိုင်နိုင်သူ လက်မခံပါ။
- အရိုးကျိုးထားသူ/စတီးချောင်းထည့်ထားသူများ လက်မခံပါ။
- အသက် (၁၅)နှစ်အောက်နှင့် အသက် (၇၀) အထက် လက်မခံပါ။
- စာရင်းလာသွင်းပြီး မဝင်ဖြစ်ပါက တရားပွဲမတိုင်မီ ဖုန်းဆက်၍ အကြောင်းကြားပါ။
- အကြောင်းမကြားဘဲ ပျက်ကွက်ပါက နောင်တွင်လုံးဝ ဝင်ခွင့်ပြုမည်မဟုတ်ပါ။

ရန်ကုန်ဥပဋ္ဌာကအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ

ဆဋ္ဌမအကြိမ်မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် (Professional Engineer) (PE)လက်မှတ်နှင့် စတုတ္ထအကြိမ် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ(Registered Senior Engineer)(RSE) လက်မှတ် ချီးမြှင့်ပေးအပ်ခြင်းအခမ်းအနား တက်ရောက်ရန် လျှောက်လွှာခေါ်ယူခြင်းနှင့် တတိယအကြိမ် ကုမ္ပဏီအဆင့်သတ်မှတ်ချက် အသိအမှတ်ပြုလက်မှတ်ချီးမြှင့်ခြင်းအခမ်းအနား ကျင်းပမည့် အစီအစဉ်အား ကြေညာခြင်း

၁။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ ဆဋ္ဌမအကြိမ်မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် (Professional Engineer (PE) လက်မှတ်နှင့် စတုတ္ထအကြိမ် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ (Registered Senior Engineer) (RSE) လက်မှတ် ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် အမှတ် ၀၆၄၈ မှ ၀၆၈၄ အထိ လက်မှတ်ရရှိပြီးသူများနှင့် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ လက်မှတ်အမှတ် ၁၇၆၅ မှ ၂၀၇၉ အထိ လက်မှတ်ရရှိပြီးသူများသည် အခမ်းအနားသို့ တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက် လက်မှတ်ယူရန် သီးသာထင်ရှားစွာ ရေးဖြည့်၍ လျှောက်ထားနိုင်ပါသည်။

၂။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက ထုတ်ပေးသော ကုမ္ပဏီအဆင့်သတ်မှတ်ချက် အသိအမှတ်ပြုလက်မှတ်ချီးမြှင့်ခြင်းအခမ်းအနားကို မှတ်ပုံတင်လက်မှတ်များ ချီးမြှင့်ပြီးနောက် တစ်ဆက်တည်းကျင်းပသွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

၃။	ကျင်းပမည့်နေ့	–	၈-၁၀-၂၀၁၇ (တနင်္ဂနွေနေ့)
	ကျင်းပမည့်နေရာ	–	ရန်ကုန်နည်းပညာတက္ကသိုလ် စုဝေးခန်းမ ၊ ကြို့ကုန်း ၊ အင်းစိန်မြို့နယ် ၊ရန်ကုန်မြို့။
	ကျင်းပမည့်အချိန်	–	နံနက် (၉:၀၀)နာရီ (နံနက်ပိုင်းအခမ်းအနား)
		–	နေ့လည် (၁:၃၀) နာရီ (နေ့လည်ပိုင်းအခမ်းအနား)
	အစမ်းလေ့ကျင့်မည့်ရက်	–	၇-၁၀-၂၀၁၇ (စနေနေ့)
	အစမ်းလေ့ကျင့်မည့်အချိန်	–	နံနက် (၉:၀၀) နာရီ (အခမ်းအနားတက်ရောက်မည့်သူများသာ)

၄။ အခမ်းအနားတက်ရောက်ခွင့် လျှောက်လွှာပုံစံများကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံး(သို့မဟုတ်) Online မှ ကူးယူ၍ (၂) လအတွင်း ရိုက်ကူးထားသော (၂"x ၁ ၁/၂") အရွယ် ဓာတ်ပုံ(၃) ပုံနှင့် မှတ်ပုံတင်မိတ္တူ (၁) စုံ ပူးတွဲ၍ (၂၈-၉-၂၀၁၇) ရက်နေ့နောက်ဆုံးထားပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ အခမ်းအနားတက်ရောက်လိုသူ အမျိုးသားများသည် အမျိုးသားဝတ်စုံဖြစ်သော ရှပ်အင်္ကျီလက်ရှည် လည်ကတုံး၊ တိုက်ပုံ (ခေါင်းပေါင်းမပါ)ဖြင့်လည်းကောင်း၊အမျိုးသမီးများသည် လက်ရှည်ရင်ဖုံးအင်္ကျီ (ပုဝါပါ)ဖြင့် လည်းကောင်း စံနစ်တကျဝတ်ဆင်၍ ကိုယ်တိုင် တက်ရောက်ရန်ဖြစ်ပါသည်။(ညှော်ဝင်ခွင့် ကတ်ပြား ထုတ်ပေးမည်မဟုတ်ပါ) (အခမ်းအနားတက်ရောက်မည့်သူများသည် အခမ်းအနားကျင်းပမည့် အချိန်မတိုင်မီ တစ်နာရီ ကြိုတင်၍ တက်ရောက်စာရင်းပေးသွင်းရန် ဖြစ်ပါသည်။)

၆။ ယခင်တတိယအကြိမ် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် အမှတ် ၁၁၄၀ မှ ၁၇၆၄ အထိ ချီးမြှင့်ပွဲအခမ်းအနားတွင် တက်ရောက် / အဝေးရောက်ယူရန် လျှောက်ထားခဲ့ခြင်း မရှိသေးသူများ ယခုအကြိမ်တွင် တက်ရောက်ရန် လျှောက်ထားနိုင်ပါသည်။၂၀၁၇ ခုနှစ်အတွက် လက်မှတ်ချီးမြှင့်ခြင်း နောက်ဆုံးအခမ်းအနားအဖြစ် သတ်မှတ်ထားပါသဖြင့် မတက်ရောက်နိုင်သူများကို အဝေးရောက်ယူအဖြစ် သတ်မှတ်ချီးမြှင့်ပေးသွားမည် ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို အင်ဂျင်နီယာကောင်စီတွင် လာရောက်မေးမြန်းစုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံး
အမှတ် (၅-က)၊ ခရေပင်လမ်း၊လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
Phone : 01 703276 , 703275
Website : www.myanmarengc.org
E.mail : headquarters@myanmarengc.org

ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်၌ စာချ/စာသင်သံဃာတော် အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ (၇၀ × ၆၇) အကျယ်အဝန်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်ကို အကျိုးမျှော်၍ နိုးဆော်အပ်ပါသည်။

၁။	ပြတင်းတံခါးတစ်ပေါက်	၁ သိန်း
၂။	၁၀ ပေပတ်လည် တစ်ကျင်းကြွေပြား	၁ သိန်း
၃။	အခန်းတံခါး	၂ သိန်း
၄။	ရေချိုးခန်း	၃ သိန်း
၅။	ကုဋီတစ်ခန်း	၅ သိန်း
၆။	သံကူကွန်ကရစ်လှေကားတစ်စုံ	၉ သိန်း
၇။	သံဃာနှစ်ပါးနေတစ်ခန်း	၁၀ သိန်း
၈။	ရေတိုင်ကီတစ်လုံး	၁၂ သိန်း
၉။	သံဃာလေးပါးနေတစ်ခန်း	၂၀ သိန်း
၁၀။	ဓာတ်လှေခါး	၂၅၀ သိန်း
၁၁။	ဘုရားခန်း	၅၀ သိန်း
၁၂။	စာသင်ခန်းမဆောင်	၁၀၀ သိန်း
၁၃။	ဆွမ်းစားမဆောင်	၃၅၀ သိန်း
၁၄။	ကျောင်းဆောင်တစ်ထပ်	၁၀၀၀ သိန်း
၁၅။	ကွန်ကရစ်တိုင်တစ်လုံး	၃ သိန်း
၁၆။	စာချဆရာတော်များနေတစ်ခန်း	၂၅ သိန်း
၁၇။	စာကြည့်တိုက် (စာကြည့်ခန်း)	၁၀၀ သိန်း
၁၈။	သံဃာတစ်ပါးနေရန်တစ်နေရာ	၅ သိန်း

အလှူရှင်များ ကမ္ပည်းထိုးပေးပါမည်။
ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်
ဖုန်း - ၀၁-၇၀၈၈၇၄၊ ၀၉-၈၆၁၀၅၁၆၊ ၀၉-၂၆၃၆၂၉၃၂၆
ဦးတေဇိန္ဒ-ကမ္ဘောဇဘဏ်၊ ဗဟိုရ်စည်လမ်းမတော်
(Account No.061-301-06100921001)
ရိုးမဘဏ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်
(Account No. 021-31-501798-9) ဘဏ်စာရင်းသို့နိုးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

စား/ဖျော်ဝန်ထမ်းဟောင်းများ

(၉) ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူမည်

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဝန်ထမ်းများနှင့် စား/ဖျော် ဝန်ထမ်းဟောင်းများ၏ (၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် မိတ်ဆုံစားပွဲကို ၂၄-၉-၂၀၁၇ ရက် (တနင်္ဂနွေနေ့) ၉:၀၀ နာရီတွင် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၊ စား/ဖျော်ဓမ္မာရုံ၊ အာဇာနည်လမ်း၊ ရွှေတိဂုံအရှေ့ဘက်မုခ်၌ ကျင်းပမည်ဖြစ်ရာ ဝန်ထမ်းဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်ကုသိုလ်ယူကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အကျိုးဆောင် စား/ဖျော် ဝန်ထမ်းဟောင်းများ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၄၂၀၁၇ Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ Lwin Moe Aung Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ပခုက္ကူ)**

ဖခင်အမည်မှန်

ဗန်းမော်မြို့ အထက-၁ သတ္တမတန်း (E)မှ မောင်စိုးထက်အောင်၏ဖခင်အမည်မှန်မှာ ဦးခင်မောင်မြင့် ၁/မညန (နိုင်) ၀၇၇၅၀၇ ဖြစ်ပါကြောင်း။

ဦးခင်မောင်မြင့်

ဖခင်အမည်မှန်

ဗန်းမော်မြို့၊ အထက-၁ နဝမတန်း (G) မှ မောင်အောင်ထွန်းလင်း၏ ဖခင်အမည်မှန်မှာ ဦးတင်ဌေး ၁/မစန (နိုင်)၀၀၂၃၃၀ ဖြစ်ပါကြောင်း။

ဦးတင်ဌေး

တစ်ဦးတည်းဖြစ်ပါကြောင်း

